www.burmeseclassic.com

# ဥက္ကာမင်းသက်

မြှည့်တော်မြန့်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၁၃/၂၀၀၄(၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၄၆/၂၀၀၄(၇)

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး(မြ - ၀၃၉၀၀)<br>အမှတ် (၇၇/ခ)၊ ၃၈လမ်း၊<br>ကျောက်တံတားမြို့နယ်၊ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း(ဖိုးဝပုံနှိပ်တိုက်)<br>အမှတ်(၁၄၀)၊ ၄၅-လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ |
| အတွင်းဖလင် | - | ကိုဦးနှင့်ညီများ |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |
| ပုံနှိပ်ခြင်း | - | ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊<br>ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| တန်ဖိုး | - | ၇၀၀ - ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# သုံး၊ ခိုး၊ ခံ၊ ခို

မော်လမြိုင်နတ်မော်စုသို့ ကားရောက်ရှိခဲ့ပေပြီ. . .

'ဖိုးစံအေးအိမ်က ဘယ်မှာလဲ. . .'

'အဲဒါပြောမလို့ဘဲ ဒေးချိုရ. . . ငါက ကိုဆန္ဒကြီးနဲ့တစ်ခေါက် ရောက်ဖူးတယ်ဆိုပေမယ့် ညသန်းခေါင်ကြီးဆိုတော့ မမှတ်မိဘူးဖြစ်နေတယ်. . .'

မေးပါများခရီးရောက်ဆိုသည့်စကားအတိုင်း တစ်ယောက်ယောက်ကိုတော့ မေးရပေမည်။

ထိုအချိန်မှာပင် ကျွန်ုပ်တို့၏မျက်နှာချင်းဆိုင်ဘက်မှ သန့်သန့်ပြန့်ပြန့်ဝတ်ဆင်ထားသည့် သားသားနားနားလူတစ်ယောက် လမ်းလျှောက်လာသည်ကိုတွေ့ကြရလေ၏။

'ရှေ့ကလူကိုပဲမေးကြည့်ရင်ကောင်းမယ်. . .'

ထိုသူအနားသို့ရောက်လာသည့်အခါ ကျွန်ုပ်တို့က အလေးပြုပြုလိုက်ကြ၏။ ထိုသူကလည်း ပြန်ပြုံးပြ၏။ ကျွန်ုပ်တို့က မေးမည်ပြုစဉ် ပြင်ရုံရှိသေး ထိုသူ့ဆီမှ အသံက အရင်ထွက်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးဖိုးစံအေးအိမ်ဘယ်နားမှာလဲဗျ. . .'

'ဗျာ. . . အဲ. . .'

ရယ်အားထက် ငိုအားသန်သလိုပင်ဖြစ်သွားရသည်။ ကျွန်ုပ်တို့ကသူ့အားမေးမည်ဆိုကာမှ သူကအလျင်ဦးအောင်လာမေးနေသေးသည်။

'အဟဲ. . . ကျွန်တော်တို့က အစ်ကို့ကိုမေးမလို့. . .'

'ဟော. . . မင်းတို့လည်း ဖိုးစံအေးအိမ်ကိုရှာနေတာပဲလား. . . ဟားဟား. . . ဖြစ်မှဖြစ်ရလေကွာ. . .'

ကျွန်ုပ်တို့လည်း ရယ်မိကြလေ၏။

'ကဲ. . . ငါတို့အတူမေးစမ်းသွားကြတာပေါ့ကွာ. . .'

ထိုသူသည်လည်း ကျွန်ုပ်တို့နှင့်အတူ ပြန်လိုက်ပါလာလေ၏။

'မင်းတို့က ပယောဂကုမလို့လား. . .'

'ဗျာ. . မဟုတ်ပါဘူး. . . ကျွန်တော်တို့လာကန်တော့တာပါ'

'ငါကတော့ ပယောဂကွ. . . ပယောဂဆိုတာက အစွဲလေ. . . အစွဲချွတ်မလို့. . .'

'အစ်ကိုက ဘာဖြစ်နေလို့လဲ. . .'

'ငါက သူခိုးဖြစ်နေလို့လေကွာ. . .'

'အာ. . .'

ကျွန်ုပ်တို့သည်ကား ကိုယ့်ကိုယ်ကိုယ်သူခိုးပါဟု ပြောင်ပြောင်ပြောဝံ့သော လူဆန်းတစ်ဦးကိုတွေ့နေရချေပေပြီ။ ပယောဂနှင့် သူခိုး၊ သူခိုးနှင့်ဖိုးစံအေး မည်ကဲ့သို့ပတ်သက်ယှက်နွယ်နိုင်ပါမည်နည်း။ စိတ်ဝင်စားသွားကြရ၏။

'ငါ့နာမည် စံခို. . . အလုပ်အကိုင်ကတော့ သူခိုးပေါ့ကွာ. . . ဟဲဟဲ. . .'

'ခိုးတာတော့ မကောင်းပါဘူးဗျာ. . .'

'အေးလေ. . . ခိုးတယ်ဆိုမှတော့ ဘယ်ကောင်းပါ့မလဲ. . .'

'မကောင်းမှန်းသိရင် မခိုးဘဲနေပါလား. . .'



www.burmeseclassic.com

www.burmeseclassic.com



'မနေနိုင်ဘူးကွ. . . ဒါကြောင့် ဖိုးစံအေးဆီသွားမလို့. . . ငါ့ဆီမှာရှိနေတဲ့ ခိုးချင်တဲ့အစွဲတွေကို ဖျောက်ခိုင်းမလို့ပေါ့ကွာ. . . လာဟော့ ဟိုရှေ့က ကွမ်းယာဆိုင်မှာ စီးကရက်တစ်လိပ်ဖလောက်ဝယ်ပြီးမေးကြည့်ရအောင်. . .'

ကိုစံခိုက စီးကရက်တစ်လိပ်ကို အရင်ဝယ်လိုက်ပြီးနောက် ဆိုင်ရှင်အမျိုးသမီးကြီးအား ဤသို့မေးလေ၏။

'အစ်မကြီး. . . အင်းဝိဇ္ဇာဆရာကြီး ဖိုးစံအေးအိမ်က ဘယ်နားမှာပါလဲခင်ဗျာ. . .'

'ဖိုးစံအေးလား. . . ဟိုရှေ့က လမ်းကလေးထဲချိုးဝင်သွားလိုက် ဓာတ်တိုင်နှစ်တိုင်စာလောက်လျှောက်သွားရင်ရောက်ပြီ'

'ကျေးဇူးပါပဲဗျာ. . . ဟင် ဒီမှာပိုက်ဆံတစ်ရွက်ပါလား. . .'

ပြောပြောဆိုဆိုနှင့်ပင် ကိုစံခိုက အောက်တွင်ကျနေသော ပိုက်ဆံတစ်ရွက်ကိုကောက်ယူလိုက်ပြီး. . .

'အစ်မကြီးပိုက်ဆံကျနေတာဖြစ်မယ်. . . ရော့. . .'

ဟုဆို၍ ဆိုင်ရှင်အမျိုးသမီးကြီးအား ကမ်းပေးလိုက်လေရာ အမျိုးသမီးကြီးလည်း အမ်းတမ်းတမ်းနှင့်လှမ်းယူလိုက်လေ၏။

ဤသူသည်ကား သူခိုးဟုဆိုသော်ငြားလည်း စိတ်သဘောထားမဆိုးလှဟု ကျွန်ုပ်တို့က ကောက်ချက်ချမိကြ၏။

ဆိုင်ကလေးမှထွက်လာပြီး ခြေလှမ်းဆယ်လှမ်းစာလောက်သို့ အရောက်၌ ကိုစံခိုက ကျွန်ုပ်တို့အားပြုံးစေ့စေ့နှင့်ကြည့်ပြီး. . .

'ညီလေးတို့. . . စီးကရက်သောက်ကြလေ'

ဟုဆိုကာ စီးကရက်တစ်ဘူးကို ထုတ်ပေးလေ၏။

'ဟင်. . . အစ်ကိုဝယ်တာ စီးကရက်တစ်လိပ်ထဲမဟုတ်လား. .'

'အေးလေ. . . တစ်လိပ်က ဝယ်တယ်. . . ဒီတစ်ဘူးက ခိုးလာတာ. . .'



www.burmeseclassic.com

www.burmeseclassic.com

■ ညွှာလင်းသော

'ဟာ. . . မကောင်းပါဘူးဗျာ. . .'

'အေးလေ. . . ဘယ်ကောင်းပါ့မလဲ. . . ခိုးပါတယ်ဆိုနေမှ'

'ပြန်ပေးလိုက်ပါလား အစ်ကိုရာ. . .'

'ပြန်ပေးဖို့တော့မလိုဘူးကွ. . . ငါက ဒီစီးကရက်တစ်ဘူးဖိုးကိုပေးခဲ့ပြီးပြီ. . . ခုနက ငါ ပိုက်ဆံတစ်ရွက်ကောက်ပေးလိုက်တာတွေ့တယ်မဟုတ်လား. . . အဲဒါ ငါ့ပိုက်ဆံပဲကွ'

'ရော်. . . ရိုးရိုးတန်းတန်းပိုက်ဆံပေးဝယ်လိုက်လည်း ပြီးနေတဲ့ဟာကို. . .'

'ရိုးရိုးဝယ်လို့တော့ ရတာပေါ့. . . ဒါပေမဲ့ ငါက ခိုးချင်နေတာကိုး. . .'

ကျွန်ုပ်တို့သည်ကား သက်ပြင်းများကိုသာ လှိုင်လှိုင်ချလိုက်ကြရလေတော့သတည်း။

'တဲပါကွာ. . . ငါ့ညီတို့. . . စီးကရက်မသောက်ကြရင်လည်း ဒါလေးတွေတော့ ပြန်ယူလိုက်ကြပါကွာ. . .'

သူခိုးစံခိုက စီးကရက်ဘူးကို သူ့အိတ်ထဲထည့်လိုက်ပြီး အိတ်ကပ်ထဲမှ ပစ္စည်းတချို့ကိုထုတ်၍ ကမ်းပေးလေရာ ကျွန်ုပ်တို့မှာ ပါးစပ် အဟောင်းသားဖြစ်၍ မျက်လုံးများပါ အဆမတန်ပြူးသွားကြရလေတော့သတည်း။

သူခိုးစံခို လက်ထဲရှိပစ္စည်းများမှာကား ကျွန်ုပ်အိတ်ကပ်ထဲမှ ပါတ်ကားဖောင်တိန်၊ ညာဏ်လင်း၏အိတ်ထဲမှ ဘောပင်တစ်ချောင်းနှင့် အေးချို၏ဘောင်းဘီအိတ်ထဲတွင်ထည့်ထားသည့် မီးခြစ်တစ်လုံးတို့ဖြစ်နေသောကြောင့်ပင်တည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ဖိုးစံအေး၏ခေါရချွတ်ခန်း

'လာကြဟေ့. . . လူစုံပါလား. . . ထိုင်ကြကွဲ. . .'

ကျွန်ုပ်တို့အားလုံး ဖိုးစံအေးရှေ့၌ထိုင်လိုက်ကြ၏။ ဖိုးစံအေးက ကျွန်ုပ်အားစူးငိုက်ကြည့်ပြီး. . .

'ငရဲပြည်ကပြန်လာတဲ့ ကောင်ကလေးပါလား. . . ဘယ်လိုလဲ အဆင်ပြေကုန်ပြီလား. . .'

'ဟုတ်ကဲ့. . . အဆင်ပြေသွားပါပြီ အဘိုး. . . ဒါကြောင့် အဘိုးကိုလာကန်တော့တာပါ'

'အေးအေး. . . ကောင်းပါလေ့ကွယ်. . .'

ကျွန်ုပ်တို့လည်း လျှုဖွယ်ပစ္စည်းများကို ရှေ့ချ၍ ဖိုးစံအေးအား ဦးချကန်တော့ကြလေ၏။

'ဟိုဘက်ကသူငယ်လေး. . . အဘိုးကန်တော့ပွဲကိုတော့ မခိုးပါနဲ့နော်. . .'

ဖိုးစံအေးက စံခိုအားကြည့်ပြီးပြောလေရာ စံခိုကလည်း ရယ်ကျဲ တျဲနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



'မခိုးပါဘူး အဘိုးရာ. . .'

ဟုပြန်ပြောလေ၏။ ထို့နောက်. . .

'အဘိုး. . . ကျွန်တော့်ရဲ့ခိုးချင်တဲ့စိတ်တွေကို ပျောက်အောင် ကုပေးပါ အဘိုး. . .'

ဖိုးစံအေးက မျက်လုံးကိုမှိတ်ကာ တစ်ချက်အာရုံခံ၍ကြည့်လိုက်လေ၏။

'ကောင်ကလေး. . . မင်းဟာ"ကဏာဝေရ"ဇာတ်တော်ထဲက မင်းသားလိုပဲ. . . စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးလာခဲ့တဲ့ကောင်ပဲ. . . ကဲ ပြောစမ်းပါဦး. . . ဒီပညာကို မင်းဘယ်လိုတတ်လာတာလဲ. . .'

'ကျွန်တော် ငယ်ငယ်တုန်းက မခိုးတတ်ပါဘူး . . ခိုးချင်ဝှက် ချင်တဲ့စိတ်လည်းမရှိပါဘူး. . . အသက်နှစ်ဆယ်ငါးနှစ်အရွယ်ကျမှ ခရီး တစ်ခုထွက်ရင်းနဲ့ ဆရာကြီးတစ်ယောက်နဲ့တွေ့ခဲ့ပါတယ်. . .'

'အဲဒီဆရာကြီးက မင်းကိုသင်ပေးတာပေါ့ ဟုတ်လား. . .'

'ဟုတ်ပါတယ်. . . သူက ကျွန်တော့်ကို တန်ခိုးအမျိုးမျိုးပြပါ တယ်'

'ဘယ်လိုတန်ခိုးတွေလဲ'

'ဟို ကိုယ်ဖျောက်ပြတယ်. . . နောက်ပြီး ရတနာဆိုင်တစ်ဆိုင် က မှန်ဘီရိုထဲမှာ အလုံပိတ်သော့ခတ်ပြီးထည့်ထားတဲ့ ရတနာပစ္စည်းတစ် ခုကို ယူပြပါတယ်. . . ကျွန်တော်လည်း သိပ်အံ့သြသွားတာပေါ့. . . သူ တကျွန်တော့်ကိုကြည့်ပြီးတော့ မင်းငါ့ပညာကိုအမွေခံလို့ရနိုင်တယ်. . . ယူမလားလို့မေးပါတယ်. . .'

'အင်း. . . ငတက်ပြားကြီးနဲ့တွေ့ခဲ့တာပါပဲလား. . . ဒါနဲ့ပဲ မင်းကသူ့ဆီကပညာတတ်လာခဲ့တယ်ပေါ့. . .'

'ဟုတ်ပါတယ် အဘိုး. . . ပညာရပုံကလည်း အင်မတန်လွယ် လှပါတယ်. . . သူက ထန်းလျက်ခဲတစ်လုံးကို အရင်ငုံလိုက်ပြီး သူ့ပါးစပ် ထဲက ထန်းလျက်ခဲကို ကျွန်တော့်ကိုထုတ်ကျွေးပါတယ်. . . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်းပညာတတ်ချင်တဲ့စိတ်နဲ့စားခဲ့မိပါတယ် အဘိုး. . . အဲဒီအချိန်က တည်းက ကျွန်တော်လည်း သူခိုးဖြစ်သွားတာပါပဲ. . .'

ကျွန်ုပ်တို့သည် စိတ်ဝင်စားဖွယ်ကောင်းလွန်းလှသည်။ သူခိုးစံခို၏ဇာတ်လမ်းကို နားထောင်ပြီး ဤလောကကြီး၌ ဤကဲ့သို့ဆိုးဝါးလှသည့်ပညာရပ်များလည်း ရှိသေးပါတကားဟုဆင်ခြင်မိလေ၏။

'မင်းကို သူ့ရဲ့လျှာစက်အာစက်တွေထည့်ပေးပြီး ချည်နှောင်လိုက်တာပဲ. . . အဲဒီနှောင်ကြိုးကို ဖြုတ်ပစ်မှဖြစ်လိမ့်မယ်. . . အဲဒါကိုပြောတာပဲကွ. . . သူတော်စင်ပညာရှိတွေက အစွမ်းထက်တဲ့လောကီပညာရပ်တွေကို လျှို့ဝှက်ဖုံးကွယ်ထားကြတယ်ဆိုတာ. . . လူမသမာတွေရဲ့လက်ထဲကိုရောက်သွားရင် အများကိုဒုက္ခပေးမယ့်လက်နက်တွေဖြစ်သွားတတ်လို့ပဲ. . . ကဲ. . . ဘယ်သူ့မှစကားမပြောဘဲ မလှုပ်မယှက်ခဏငြိမ်ငြိမ်လေးထိုင်ပေးကြ. . . ဟုတ်ပြီလား. . .'

ဖိုးစံအေးသည် မှိုင်းခံစက္ကူတစ်ရွက်ကိုယူ၍ ကျွန်ုပ်တို့အမြင်၌အလွန်တရာလွယ်ကူသည့်အင်းတစ်ရွက်ကို ချရေးလိုက်၏။ လက်ျာရစ်ရေးသွင်းလိုက်သည့် စမအင်းလေးမှာ ဤသို့ဟူသည်။

| | |
|---|---|
| သ | လ |
| ဌ | ဟ |

'ဟောဒီ စမအင်းပြားလေးပေါ်က သလဟဌ ဆိုဘဲ့စာလုံးလေးလုံးဟာ အနှောင်အဖွဲ့အမျိုးမျိုးကို လွတ်မြောက်စေနိုင်တယ်. . . ဒီအင်းပြားလေးကို သောက်ရေခွက်ထဲထည့်ပြီး အခုသောက်ချလိုက်. .'

သူခိုးစံခိုက ဖိုးစံအေးပြောသည့်အတိုင်းပင် သောက်ရေအိုးစင်မှ ရေတစ်ခွက်ကိုခပ်ယူပြီး အင်းပြားလေးကိုရေစိမ်ကာ သောက်ချလိုက်လေ၏။

'မင်း. . . အိမ်ပြန်ရောက်တဲ့အခါ အလေးသွားလိမ့်မယ်. . . အဲဒီအခါကျရင် မင်းခန္ဓာကိုယ်ထဲက မကောင်းတဲ့ပညာရပ်တွေဟာ ရေသုံးပုံးစာလောက်ဆင်းသွားလိမ့်မယ်. . . မစိုးရိမ်နဲ့. . . အဲဒါပြီးရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကောင်းသွားပြီပေါ့ကွာ. . . နောက်ပြီးတော့ မင်းရင်ထဲက ခိုးချင်ဝှက်ချင်တဲ့ အစွဲပယောဂ အကင်းသေသွားအောင် ဟောဒီမင်းရှစ်မျိုးအပေါ်အဝင်ဖြစ်တဲ့ တိမ်မင်းဂမုန်းဥလေးကိုယူသွားပြီး ကိုးရက်တိတိနည်းနည်း စီသွေးပြီးသောက်လိုက်ပါ. . .'

ဖိုးစံအေးက စံခိုအား အောက်ခြေ၌မြစိမ်းရောင်တောက်ပသော အဆင်းရှိပြီး အပေါ်ခေါင်းပိုင်း၌ဖြူနေသည့် လက်မအရွယ်ပမာဏခန့်ရှိ ရှားပါးအဖိုးတန်သည့် ဂမုန်းဥတစ်လုံးကိုပေးလိုက်လေ၏။

'ဒီတိမ်မင်းဂမုန်းဟာ မကောင်းဆိုးဝါး မိစ္ဆာအစွဲအလန်းတွေကို တင်းစင်ပပျောက်စေနိုင်တယ်ကွဲ. . .'

စံခိုလည်း တရိုတသေနှင့် လှမ်းယူပြီးနောက် ဖိုးစံအေးအား ဦးချကန်တော့လိုက်လေသည်။

'အခုမှပဲ စိတ်ချမ်းသာတော့တယ်. . . ဒါပြီးရင် ချစ်သူနဲ့ ယောက္ခမလောင်းကြီးကို သွားတောင်းပန်ရဦးမယ်'

ကိုစံခိုက ကျွန်ုပ်တို့ဘက်လှည့်ကြည့်ပြီးပြောလေ၏။ ကျွန်ုပ်က

'ဘာဖြစ်လို့တောင်းပန်ရမှာလဲဗျ. . .'

ဟုမေးလိုက်ရာ ကိုစံခိုက ရယ်၍. . .

'ဘာဖြစ်ရမလဲကွာ. . . ငါ့ချစ်သူကတော့ ရည်းစားဖြစ်တာကြာပြီဆိုတော့ ခွင့်လွှတ်တာပေါ့. . . ငါက သူ့ပိုက်ဆံတွေ၊ ပစ္စည်းတွေ ခိုးလိုက်၊ ပြန်ပေးလိုက်နဲ့လုပ်တတ်တော့ ငါ့အကြောင်းကို သိနေတာကိုး။ တစ်နေ့ သူ့အမေယောက္ခမလောင်းကြီးနဲ့ငါ့ကို ပေးတွေ့တဲ့နေ့မှာပဲ ငါက လည်း မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး အဘွားကြီးပန်ထားတဲ့ နားကပ်တစ်ဖက်ကိုခိုးလိုက်မိတာ ပြဿနာတွေဖြစ်ကုန်တော့တာပဲဟေ့. . . ဟားဟား. . .'

ကျွန်ုပ်တို့လည်း ကိုစံခိုနှင့်အတူ လိုက်၍ရယ်မိကြလေ၏။ ကိုစံခို

www.burmeseclassic.com

www.burmeseclassic.com



တ ဆရာကြီးဖိုးစံအေးဘက်သို့လှည့်လိုက်ပြီး. . .

ကျွန်တော်က ခိုးချင်စိတ် တားမနိုင်၊ ဆီးမရဖြစ်လွန်းလို့ ခိုးမိပေမယ့် လိုချင်လို့မှမဟုတ်တာ အဘိုးရဲ့. . . အဲဒါ ကျွန်တော်က သူ့နားကပ်ဖြုတ်လိုက်ပြီး သဘောရိုးနဲ့ပြန်ပေးကာမှ ယောက္ခမလောင်းကြီးက မျက်လုံးပြူး မျက်ဆံပြူးနဲ့ သူ့သမီးနဲ့ကျွန်တော့်ကို လုံးဝသဘောမတူနိုင်ဘူးဆိုပြီး ခါးခါးသီးသီးငြင်းတော့တာပါပဲ အဘိုးရယ်. . .'

ကျွန်ုပ်တို့သည် ကိုစံခိုင်၏အဖြစ်ကိုကြည့်ပြီး ရယ်ချင်ပက်ကျိဖြစ်နေသည်ဆိုသော်ငြား အကုသိုလ်၊ ဒုစရိုက်၊ မိစ္ဆာလမ်းဆိုးများကြောင့် အပြစ်ကင်းမဲ့သည့် လူကောင်းသူကောင်းများမှာ လူပေါင်းမှား၊ ဆရာပေါင်းမှား၍ လွဲမှားသည့်လမ်းများသို့ သနားစဖွယ်ကျရောက်သွားတတ်ကြောင်းကိုမူ သင်ခန်းစာကောင်းတစ်ခုရရှိသွားလေတော့၏။

ကိုစံခိုင်လည်း ဖိုးစံအေးအား ရိုသေလေးစားစွာဖြင့် ဦးချကန်တော့ပြီး ကျွန်ုပ်တို့ကိုပါ နှုတ်ဆက်၍ဝမ်းသာအားရပြန်သွားလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာဝိုင်ရဲ့ကျမ်းကတာပည့်သုံးယောက်

'အဲဒါပဲကွ. . . လောကကြီးထဲမှာ တချို့သူတွေဟာ အင်မတန်ကရုဏာသက်ဖို့ကောင်းလှသကွ'

'ဟုတ်ပါတယ် အဘိုး. . .'

ဖိုးစံအေး၏စကားကို ကျွန်ုပ်တို့ကထောက်ခံလိုက်ကြ၏။ ထို့နောက်ဖိုးစံအေးက ကျွန်ုပ်အား ဆုံတွေ့ဖြစ်ပျက်ခဲ့သည်များကို မေးမြန်းလေရာ ကျွန်ုပ်ကလည်း အကြောင်းစုံပြန်လည်ပြောပြလိုက်လေ၏။

'ငရဲပြည်ကို မင်းကရောက်ဖူးသွားတယ်ဆိုတော့. . လက်တွေ့သိလာခဲ့တယ်ပေါ့. . . လောကကြီးမှာ အင်မတန်ကောင်းအောင်နေနိုင်မှ တန်ရုံကျလိမ့်မယ်ဆိုတာ. . .'

'အဘိုး. . . အပြစ်တွေလုပ်ပြီးရင် ကျေအောင်ချေဖျက်လို့မရနိုင်ဘူးလား. .'

ကျွန်ုပ်ကမေးလိုက်လေရာ ဖိုးစံအေးကပြုံးလိုက်ပြီး. . .

'ဒါက ဒီလိုရှိတယ်ကွ. . . မင်းဟာ အဖြူရောင်အဆောင်စတစ်ခုဆိုပါတော့. . . အကုသိုလ်၊ ဒုစရိုက်အလုပ်ဆိုတာ အညစ်အကြေး အစွန်း



www.burmeseclassic.com

www.burmeseclassic.com



အထင်းတွေပဲ. . . မင်းရဲ့အဖြူရောင်ပေါ်မှာစွန်းထင်းတဲ့ အစွန်းအထင်းဟာ ဘယ်လိုအစွန်းအထင်းမျိုးလဲ. . . နန္ဒင်းမှုန့်လား. . . ဇရုပ်ဆီလား ကွမ်းတံတွေးလား. . . ငှက်ပျောစေးလားပေါ့. . . နံ့နွင်းမှုန့်လောက် ဇရုပ်ဆီလောက်ဆိုရင်တော့ လျှော်ဖွတ်လို့ရတာပေါ့. . . ကွမ်းတံတွေးလောက်လည်း ကြိုးစားလျှော်ဖွတ်ရင် ဖြစ်နိုင်သေးတယ်. . . ငှက်ပျောပင်စေးလို အစွန်းအထင်းမျိုးကျတော့ ဘယ်လိုမှ ချွတ်လို့မရတော့ဘူးကွ. . .'

မင်းတို့သုံးယောက်စလုံးကို ငါမြင်ရသလောက်တော့ မင်းတို့မှာ ကြီးကြီးမားမား စွန်းထင်းမှုတွေမရှိသေးဘူး. . . လျှော်ဖွတ်ပြုပြင်လို့ရသေးတယ်. . . ဒါပေမဲ့. . . အဘိုးပြောချင်တာက အကုသိုလ်အလုပ်ဆိုတာ သေးသေးလေးပဲဖြစ်ပစေ. . . မလုပ်တာအကောင်းဆုံးပဲ. . . တစ်စက်တစ်ပေါက်ဆိုပေမယ့် ကြိမ်ဖန်များ လာရင် တစ်အိုးတစ်စည်ဖြစ်သွားမှာပဲ'

'ကျွန်တော်တို့ အကုသိုလ်အလုပ်ကို မလုပ်ဖြစ်အောင်ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ် အဘိုး. . .'

'အေး. . . ကောင်းတယ်. . . လူဆိုတာ သာမာန်မျက်စိနဲ့ မမြင်ရတဲ့ အရောင်အဝါ အလွှာခုနစ်ထပ်နဲ့ ဖုံးအုပ်ထားတာကွ. . . သူတော်စင်၊ သူတော်ကောင်းတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ ထင်ထင်ရှားရှားတောက်ပနေကြတယ်. . . အကုသိုလ်၊ဒုစရိုက်သမားတွေ စိတ်ကောင်းနှလုံးကောင်းမရှိသူတွေကျတော့ ကိုယ်ရောင်ကိုယ်ဝါစွန်းထင်းမှုတွေကြောင့် မှေးမှိန်ညစ်နွမ်းနေတတ်တယ်ကွ. . . ဘယ်သူမှမသိပါဘူးလို့ ဆိတ်ကွယ်ရာမှာပြုလုပ်ခဲ့တဲ့ အကုသိုလ်အမှုတွေဟာလည်း အဲဒီ ကိုယ်ရောင်ကိုယ်ဝါအရိပ်တွေပေါ်မှာ ထင်ထင်ရှားရှားပေါ်လွင်နေတယ်ကွ. . . ဒါကို လူသာမာန်တွေမမြင်နိုင်ပေမယ့် တန်ခိုးဣဒ္ဓိပါဒ်ရှိသူတွေကတော့ လွယ်လွယ်လေးတွေမြင်နိုင်ကြတယ်. . . ဒါတွေကို အမြဲတမ်းသင်ဆေးအပြစ်ပေးနေတဲ့ ယမမင်းကြီးကတော့ ပိုမြင်တာပေါ့ကွာ. . . မဟုတ်ဘူးလား. . .'

'ဟုတ်ပါတယ် အဘိုး'



www.burmeseclassic.com

www.burmeseclassic.com



'အမိက အခြေခံကတော့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတွေကို ဆည်းကပ်ကိုးကွယ်ပါ. . . ဆရာဆိုတာ စစ်မှန်သောပညာရပ်၊ ကိုယ်ကျင့်တရား အစရှိသည်တို့ကို သင်ကြားပေးတဲ့ အာစရိယဂိုဏ်းဝင်ဆရာတွေကိုပြောတာနော်. . . ခုနက သူငယ်လို ခိုးဖို့ တိုက်ဖို့ မဟုတ်တာလုပ်ပေးဖို့သင်ပေးတဲ့ ဆရာမျိုးကိုမဆိုလိုဘူး. . ဒုတိယအနေနဲ့ အားလုံးအပေါ် မေတ္တာထားပါ. . . ခြေမဲ့ ခြေရှိ ခြေနည်း ခြေများ သတ္တဝါအားလုံးကို ကိုယ်နဲ့အတူ စာနာစိတ်နဲ့မေတ္တာထားပါ. . . အဲဒီနှစ်ခုကိုအခြေခံပြီးရင် မင်းတို့ဆရာစက္က သင်သွားပေးတဲ့နည်းတွေကို ကြိုးစားပြီးကျင့်ပေါ့ကွာ. . . ဒီဘဝမှာတင် ပြီးမြောက်အောင်မြင်သွားနိုင်ပါတယ်. . . ဟုတ်ပြီလား. . .'

'ဟုတ်ကဲ့အဘိုး. . .'

ကျွန်ုပ်တို့သည် ဆရာကြီးဖိုးစံအေး၏ တန်ဖိုးရှိသောစကားများကိုနားထောင်ကြရ၏။ အေးချိုက ကျွန်ုပ်အား မျက်ရိပ်ပြပြီး. . .

'အဘိုး. . . အဘိုးတို့တတ်ထားတဲ့ လောကီယပညာတွေကို ကျွန်တော်တို့ သင်လို့မတတ်နိုင်ဘူးလား. . .'

ဟု မေးလေရာ ဖိုးစံအေးကပြုံးပြီး. . .

'သိပ်ဘတ်နိုင်တာပေါ့ကွာ. . . လူတိုင်း သင်လို့တတ်နိုင်တယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့အထုံပါရမီဓာတ်ခံအနည်းအများအလျောက် မြန်မြန်တတ်တာနဲ့ နှေးနှေးတတ်တာပဲ ကွာလိမ့်မယ်. . . ငါတို့ဟာ ကုသိုလ်ကံကောင်းလွန်းလို့ မြတ်စွာဘုရားရဲ့သာသနာတော်နဲ့ကြုံကြိုက်ပြီး လူလာဖြစ်ကြရတယ်. . ဒီလောကီဝိဇ္ဇာပညာတွေထက် ပိုအဆင့်အတန်းမြင့်ပြီး အမြတ်ဆုံးလမ်းဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်ကိုအရောက်သွားနိုင်တဲ့ လမ်းမကြီးကိုတောင် ဗုဒ္ဓမြတ်စွာက ဖောက်ထားပေးပြီးပြီပဲ. . . ကျန်တာတွေက အလွယ်ကလေးပါ. . .'

ဉာဏ်လင်းကလည်း မေးပြန်၏။

'အဘိုး. . . လောကီပညာရပ်တွေကို ရှေးဆရာကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်နဲ့အဓိပ္ပါယ်ဖော်လို့မရအောင် ခက်ခက်ခဲခဲပဟေဠိတွေနဲ့ရေး ထားကြတာ ဘာကြောင့်လဲ. . .'

'ဒါက ဒီလိုကွဲ့. . . သစ္စာတရားမဲ့တဲ့ လူယုတ်မာတွေရဲ့လက်ထဲ ဒီလိုပညာတွေရောက်သွားရင် ဟောဒီကမ္ဘာမြေတစ်ခုလုံးမပြောနဲ့ စကြဝဠာတိုက်တစ်သောင်းပါ ပျက်စီးသွားနိုင်လို့ပဲ. . . ဒါတွေကို သူတို့က သိမြင်လို့လျှို့ဝှက်စီရင်ရေးသားကြတာပဲ. . .'

'ဘယ်လိုလူမျိုး တပည့်မျိုးတွေက ပညာတွေကို လွယ်လွယ်နဲ့ တတ်နိုင်လဲအဘိုး. . .'

ကျွန်ုပ်၏အမေးကိုတော့ ဖိုးစိန်အေးက ဤသို့ဖြေလေ၏။

'မဟာအတုလဝိဇ္ဇာမိုရ်ကျမ်းမှာ ဘယ်လိုပြောထားသလဲဆို တော့ ဟောဒီလို တပည့်သုံးမျိုးဟာ လောကီပညာတတ်မြောက်နိုင်တယ် တဲ့. . . နံပါတ်တစ်က"ဥဃ္ဃဋိတ"တပည့်. . . ဆရာနဲ့တွေ့ပြီး သာမာန်လေး ပြောကြားရုံနဲ့ တတ်မြောက်နိုင်တယ်. . . ဇာတိဿရဉာဏ်စဉ်ပါလာတဲ့ သူတွေပေါ့ကွာ. . . နံပါတ်နှစ်က "ဝိပဉ္စိတ"တပည့်. . . သူကတော့ ဆရာက ဒါကဒီလိုရှိတယ်. . ဒါရဲ့အဓိပ္ပါယ်က ဒီလိုမျိုး. . . ဒါကိုလုပ်ရင် ဒါဖြစ်နိုင်တယ်. . . ဒီလမ်းကိုရောက်နိုင်တယ်ဆိုပြီး အဓိပ္ပါယ်ခွဲခြားညွှန် ပြပေးရုံနဲ့ တတ်မြောက်နိုင်တယ်. . . နောက်ဆုံးကတော့"နေယျ" တပည့်ပဲ. . . သူကျတော့ နေ့စဉ်မပြတ်ကျင့်ကြံပွားများပြီးမှ တတ်မြောက် နိုင်တယ်. . . မင်းတို့က "နေယျ"အဆင့်တွေပဲကွဲ့. . . ဇွဲ လုံ့လ ဝီရိယ လျှော့လို့မဖြစ်ဘူးကွ. . . ဒါပေမဲ့ လူကလေးတို့. . . မင်းတို့နဖူးပြင်ပေါ်က စာတွေအရ မင်းတို့အတွက် ခုအခါမှာ အချိန်မကျသေးဘူး. . . နဖူးစာ ရေစက်ပါသူတွေနဲ့ အိမ်ထောင်သားမွေးပြုကြရဦးမယ်. . . အဲဒီအခါမှာ လည်း စံပြအိမ်ထောင်သည်တွေဖြစ်အောင် စံပြုရမယ့်လူတော်လူကောင်း တွေဖြစ်အောင် နေထိုင်ကြပေါ့ကွာ. . . အချိန်အခါကျလာတဲ့အခါကျရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ဆီကို မင်းတို့ဆရာစက္ကု ရောက်လာခဲ့မှာပါ. . .'

ကျွန်ုပ်တို့သည် ဖိုးစံအေးအား ရိုသေစွာဖြင့်ကန်တော့ကြလေ၏။ ကျွန်ုပ် အဘယ်ကြောင့် ငရဲပြည်သို့ရောက်သွားသနည်း။ အဘယ်ကြောင့် ဆရာစက္ကုနှင့်တွေ့ဆုံခဲ့သနည်း။ အဘယ်ကြောင့် ဖိုးစံအေးဆီသို့ ရောက် လာခဲ့ရသနည်း ဟူသည့် ဇာတ်လမ်း၏အစသည်ကား ဤသို့တည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## လေလွင့်လိပ်ပြာ

ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ်အသေအချာပြန်ကြည့်မိ၏။ ကျွန်ုပ်ကြည့်နေသည့် ကျွန်ုပ်သည်ကား ခုတင်ပေါ်၌ အိပ်မောကျနေပေပြီ။ စိတ်၏ ဖိစီးနှိပ်စက်မှုများကြောင့် လှဲလျောင်းအနားယူနေသည့် ကျွန်ုပ်၏ခန္ဓာကိုယ်သည်ကား အလွန်တရာမှပင် သနားစရာကောင်းလွန်းလှပေစွ။ ကျွန်ုပ်သည် ကျွန်ုပ်၏သနားစဖွယ်ခန္ဓာကိုယ်ကြီးအား ကရုဏာသက်စွာ ကြည့်ပြီးနောက် ဖွင့်ထားသည့်ပြတင်းတံခါးမှ လေဟုန်စီး၍ ခုန်ထွက်လိုက်လေတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်သည်ကား ကျွန်ုပ်အတွက် ပထမဦးဆုံးဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်တစ်ခုတော့မဟုတ်ပါ။ စတုတ္ထအကြိမ်မြောက်ဖြစ်ပွားခဲ့ခြင်းဖြစ်ပေ၏။

ပထမဦးဆုံးစတင်ဖြစ်ခဲ့သည့်နေ့ကဆိုလျှင် ကျွန်ုပ်သည် လွန်မင်းစွာ တုန်လှုပ်သွားခဲ့ရသည်ကိုတော့ ဝန်ခံရပေမည်။

ထိုနေ့ညက ကျွန်ုပ်သည် ကိုယ်ရောစိတ်ပါပင်ပန်းနွမ်းနယ်စွာနှင့် အိပ်ပျော်သွားခဲ့ရာမှ တစ်စုံတစ်ခုသောအသံကြောင့် လန့်နိုးသွားရချေ၏။ ကျွန်ုပ်သည် ရုတ်တရက်ထထိုင်လိုက်ရာမှ ဘေးဘီဝဲယာသို့ကြည့်လိုက်ရာ အသံဗလံ၏တရားခံကိုတွေ့လိုက်ရလေတော့သည်။

အနက်ရောင် ကြောင်တစ်ကောင်ပင်တည်း။

ကြောင်နက်ကြီး၏ စူးရှပြောင်လက်နေသည့်မျက်လုံးအစုံသည် မှိန်ဖျော့ဖျော့အလင်းရောင်အောက်၌ တလက်လက်တောက်ပနေချေ၏။

သူသည် ကျွန်ုပ်၏စာကြည့်စားပွဲပေါ်၌ရပ်နေ၏။ စာကြည့်စားပွဲပေါ်၌ အလှတင်ထားသည့် နှင်းဆီပန်းအိုးလေးသည်ကား စားပွဲအောက်ခြေ၌ အစိပ်စိပ်အမွှာမွှာကွဲကျေနေချေပြီတည်း။

ကျွန်ုပ်သည် ဒေါသတကြီးနှင့်ထရပ်လိုက်မိ၏။

ထိုအခါ ကြောင်နက်ကြီးသည် "ညောင်"ဟုအသံပြုရင်း လျှင်မြန်စွာပြေးလွှား၍ ဖွင့်ထားသည့်ပြတင်းပေါက်မှ ခုန်ဆင်းချသွားလေတော့၏။

ကျွန်ုပ်သည် ပြတင်းပေါက်အထိ ပြေးလိုက်မိသွားသေးသည်။ သို့သော် ကြောင်နက်ကြီး၏အစအနကိုမျှ မမြင်ရတော့ပါ။

ထိုအခါကျမှ ကျွန်ုပ်သည် ပြန်လည်အိပ်စက်ရန်အတွက် ခုတင်ဘက်သို့ပြန်လှည့်လိုက်ရာ. . .

'ဟင်'

ကျွန်ုပ်သည် မျက်လုံးများပြူးထွက်သွားတော့မတတ် တုန်လှုပ်သွားမိချေ၏။


www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ခုတင်ထက်၌ ကျွန်ုပ်၏ခန္ဓာကိုယ်သည် အိပ်စက်နေဆဲဖြစ်နေသောကြောင့်ပင်တည်း။

ဤသို့ဆိုလျှင် ယခုကျွန်ုပ်သည်ကား မည်သူနည်း။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသနည်း။ ကျွန်ုပ်သည် ဝိညာဉ်တစ်ကောင်ဖြစ်နေချေပြီလော. . . ဝိညာဉ်သည် ခန္ဓာကိုယ်ထဲမှ ထွက်လာခဲ့သည်ဆိုလျှင် အဘယ်ကြောင့်ထွက်နိုင်ရသနည်း။ သို့တည်းမဟုတ် ကျွန်ုပ်သည် အလွန်တရာ ကိုယ်စိတ်ပင်ပန်းဆင်းရဲမှုများကြောင့် သေဆုံးသွားခဲ့ပြီလော. . .။

အဖြေရှာမရသည့်မေးခွန်းများကြောင့် ကျွန်ုပ်၏ဦးခေါင်းတို့သည် တရိပ်ရိပ်မူးဝေလာလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးအား လှုပ်နှိုးမိ၏။ သို့သော် တုတ်တုတ်မျှမလှုပ်ပါချေ။

ထို့နောက် ကျွန်ုပ်၏မျက်လုံးများသည် တစတစလေးလံလာပြီးနောက် ပြန်လည်၍ အိပ်ပျော်သွားလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏အိမ်ကလေးသည် မြို့ပြင်ရပ်ကွက်တစ်ခုရှိ အစွန်ကျကျလမ်းကျဉ်းလေး၏အဆုံးတွင် တည်ရှိပါသည်။

ထိုအေးချမ်းတိတ်ဆိတ်သည့် သုံးပင်နှစ်ခန်းအိမ်ကလေးအား နယ်မှ သူငယ်ချင်းနှစ်ဦးနှင့်အတူ ငှားရမ်းနေထိုင်ကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏သူငယ်ချင်းများဖြစ်ကြသည့် ဉာဏ်လင်းနှင့် အေးချိုတို့က တစ်ခန်းနေကြ၍ လွတ်လွတ်လပ်လပ်နှင့် စာရေးစာဖတ်တတ်သော ကျွန်ုပ်က သီးခြားတစ်ခန်းနေခြင်းဖြစ်၏။

ထိုညကဖြစ်ခဲ့သည့်အကြောင်းကို သူတို့နှစ်ဦးအားပြောပြရာ. .

'မင်းဟာက. . , အိပ်မက်မက်နေတာဖြစ်မှာပါ စိုးကြီးရာ. . .'

'မဟုတ်ဘူးကွ. . , ဉာဏ်လင်းရ. . . အိပ်မက်မက်နေတာဆိုရင် ဘာဖြစ်လို့ ဒီပန်းအိုးက ကွဲနေရတာလဲ. . .'

'ဒါက ဒီလိုရှိတယ်ကွ စိုးကြီးရ. . . မင်းက အိပ်ပျော်နေတယ် ပန်းအိုးက အပြင်မှာတကယ်ကျကွဲတယ်. . . ပန်းအိုးကျကွဲတဲ့အသံက အိပ်နေတဲ့ မင်းရဲ့နားထဲကိုဝင်ရောက်ပြီး မြည်သံစွဲနဲ့အိပ်မက်အဖြစ် မြင်မက်လိုက်တာဖြစ်ပါလိမ့်မယ်. . . ဒါမျိုးက ဖြစ်တတ်ပါတယ်ကွ. . .'

အေးချိုကပါ ဉာဏ်လင်း၏စကားကို ထောက်ခံပြောဆိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ကျွန်ုပ်သည် ဇဝိုးဇဝါးနှင့်ပင် နှုတ်ဆိတ်သွားတော့၏။

'စိုးကြီးရ. . . ရုံးရောက်တဲ့အခါ မင်းကောင်မလေး ခင်ဘုန်းကိုလည်း ပြောပြလိုက်ပါဦး. . . ဒါမှ မင်းအမှန်ဂေါက်နေကြောင်း သူရိပ်မိသွားမှာ. . . ဟားဟားဟား. . .'

သူတို့နှစ်ယောက်က ကျွန်ုပ်အား နောက်ပြောင်ပြီး ရယ်မောနေနိုင်ကြသော်လည်း ကျွန်ုပ်ကတော့မှု မရယ်နိုင်ပါ။ တစ်ခုတော့ ထပ်စဉ်းစားမိပါသည်။ သူတို့ပြောသလို ကျွန်ုပ်သည် ချောင်နေသူတစ်ဦးဖြစ်နေပြီလား. . . ဟု. . .

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်နှင့် ကိုတိကျွ

ထိုမှ ဆယ်ရက်ခန့်အကြာ ဒုတိယအကြိမ်မြောက်ဖြစ်ခဲ့စဉ်မှာတော့ ကျွန်ုပ်သည်များစွာမတုန်လှုပ်တော့ပါ။

ကျွန်ုပ်သည် မတ်တတ်ထရပ်လိုက်၏။ ကျွန်ုပ်၏ခန္ဓာကိုယ်သည်ကား ပက်လက်အနေအထားဖြင့် စောင်ခြုံလျက်သားလဲလျောင်းနေ၏။ ကျွန်ုပ်သည် သူငယ်ချင်းများဖြစ်သည့် အေးချိုနှင့်ဝဉာဏ်လင်းတို့အခန်းသို့ ကူးဝင်လိုက်၏။ ထူးဆန်းသည်ကား ကျွန်ုပ်သည် သေးငယ်သည့်အပေါက်ကလေးများမှပင် အသာအယာတိုးဝင်နေနိုင်ခြင်းပင်။

သူကောင့်သားနှစ်ဦးသည်ကား နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေကြလေ၏။

ကျွန်ုပ်သည် သူတို့နှစ်ဦး၏အနီးသို့တိုးကပ်သွားပြီး နှစ်ယောက်စလုံးကိုလှုပ်၍ နှိုးလိုက်၏။

သို့သော် ကျွန်ုပ်၏လက်များသည် လေထုကိုသာ ဆွဲကိုင်မိသလိုဖြစ်နေလေ၏။ ထိုအခါ မည်သည့်အရာဝတ္ထုတစ်ခုကိုမှ ဒိုင်တွယ်၍မရကြောင်း ကျွန်ုပ်သဘောပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကျွန်ုပ်၏အခန်းဘက်သို့ပြန်လည်လျှောက်လာခဲ့ပြီး ဖွင့်ထားသည့်ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့အတန်ကြာရပ်ကြည့်နေမိသည်။

လမင်းကြီးသည်ကား ကြယ်များစုံညီခြံရံလျက် ဝင်းဝင်းပပကြီးသာနေလေ၏။ ကျွန်ုပ်ကြည့်နေစဉ်မှာပင် ကြယ်တစ်ပွင့်ဖျတ်ခနဲကြွေလွင့်သွားသည်ကို တွေ့မြင်လိုက်ရချေသေး၏။

ကျွန်ုပ်သည် အပြင်ဘက်သို့ထွက်ချင်နေ၏။ သို့သော် ထွက်ရမည်ကိုလည်း မဝံ့မရဲဖြစ်နေမိလေသည်။

ကျွန်ုပ်သည် တွန့်ဆုတ်၊ တွန့်ဆုတ်နှင့်ပင် ပြတင်းပေါက်မှတစ်ဆင့် ခြံဝင်းထဲသို့ခုန်ဆင်းလိုက်လေ၏။

ကျွန်ုပ်၏ခန္ဓာကိုယ်သည် ဝဲပျံလျက်ခြံဝင်းထဲသို့ ကျသွားသော်ငြားလည်း ခြေထောက်များကမူ မြေပြင်ကိုမထိသလိုဖြစ်နေချေ၏။

ကျွန်ုပ်သည် ခြံဝင်းထဲတွင်လှည့်ပတ်၍ လျှောက်နေမိ၏။

'ဂစ်'

စူးစူးဝါးဝါးအော်ဟစ်လိုက်သည့် ငှက်ဆိုးတစ်ကောင်၏အော်သံကြောင့် ကျွန်ုပ်လန့်ဖျပ်သွားရသည်။ ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်သည့်အခါ ငှက်ကြီးသည် ကျွန်ုပ်၏ဦးခေါင်းအထက် ထန်းတစ်ဖျားအမြင့်ခန့်၌ ဝဲပျံနေသည်ကိုတွေ့လိုက်ရလေ၏။

'ဟားဟားဟား. . .'

'ဟင်'

ကျွန်ုပ်သည် ရုတ်တရက်ကြီးရယ်သံကြားလိုက်ရသည့်အတွက် ကြက်သီးများထပြီး ခေါင်းနားပန်းပင်ကြီးသွားရချေ၏။ လှည့်ကြည့်လိုက်တော့ ကျွန်ုပ်ကဲ့သို့ပင် ဝိညာဉ်တစ်ကောင်ဖြစ်နေချေ၏။

'ဘယ်လိုလဲကွ. . .ငှက်ကလေးအော်တာကိုတောင် ဒီလောက်လန့်နေရသလား. . .'

'ခင်ဗျား ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါလား. . . ငါ့နာမည် တိက္ခ. . . ဟိုးဘက်ရပ်ကွက်မှာနေတယ်. . . ဒါနဲ့ မင်းကိုတော့ ငါတကယ်ချီးကျူးတယ်ကွာ. . . ငယ်ငယ်ရွယ်ရွယ်ဝိဇ္ဇာဥ်ကိုယ်ခွာအတတ်ပညာကို ဇာတ်နေတား. .'

'ဗျာ'

ကျွန်ုပ်သည် ထိုကိုတိက္ခပြောလိုက်သည့်စကားကို နားမလည်။ ဝိဇ္ဇာဥ်ကိုယ်ခွာအတတ်ပညာဆိုပါလား. . .။

'ငါက အတော်ကြိုးစားပြီး ကျင့်ယူရတာကွ. . . မင်းရော ဘယ်နှနှစ်လောက်လေ့ကျင့်လိုက်ရလဲ. . .'

'ကျွန်တော် မလေ့ကျင့်ပါဘူး'

'ဟေ. . . မင်းမလေ့ကျင့်ဘဲနဲ့ မင်းဝိဇ္ဇာဥ်က ဘယ့်နှယ့်ခန္ဓာကိုယ်အပြင်ကိုရောက်နေတာလဲ. . . နေပါဦး မင်းက သေပြီးသားအကောင်လား. . . ငါ့အတွေ့အမြင်ပြောရရင်တော့ မင်းကမသေသေးပါဘူး. . . ဟုတ်တယ်မဟုတ်လား. . .'

'ဟုတ်ပါတယ်. . . ကျွန်တော်မသေသေးပါဘူး'

'အေး. . . ငါလည်း မသေသေးဘူး. . . သေပြီးသားဝိဇ္ဇာဥ်ကောင်တွေက ခန္ဓာကိုယ်နေစရာအိမ်မရှိလို့ သစ်ပင်တွေမှာခိုကပ်ပြီးနေနေကြတာ. . . မြို့ထဲမှာဆို အများကြီးပဲ. . . ဟောဒီ မင်းတို့လမ်းကထွက်သွားလို့ ဟိုးဘက်လမ်းချိုးနားမှာတင် နေနေတဲ့အကောင်တွေရှိတယ်. . . ငါက ဒီကောင်တွေနဲ့သိပ်အရောမဝင်ချင်ပါဘူး. . . ဘဝမတူဘူးလေ. . . ဒါနဲ့ ပြောပါဦးကွ. . . မင်းခန္ဓာကိုယ်ထဲက ဝိဇ္ဇာဥ်ကို ဘယ်လိုထုတ်သလဲဆိုတာ'

ကိုတိက္ခက ကျွန်ုပ်၏ဝိဇ္ဇာဥ်ခွာထွက်ခြင်းကို အလွန်စိတ်ဝင်စားနေပုံရလေ၏။

'ကျွန်တော့်ဝိဇ္ဇာဥ်က သူ့အလိုလို ခန္ဓာကိုယ်ထဲကထွက်သွားနေတာဗျ. . . ကျွန်တော်လုပ်ယူတာမဟုတ်ဘူး. . .'

'အဆန်းပဲကွ. . . ငါက ငါ့ရဲ့ဂမ္ဘီရဆရာကြီးရဲ့နည်းနဲ့ အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ကြိုးစားယူခဲ့ရတာ. . . မင်းက ဘာနဲ့မှကို မသင်ယူမလေ့ကျင့်ဘဲနဲ့ ဝိညာဉ်ထွက်နေတယ်ဆိုလို့. .'

'ဝိညာဉ်ထွက်တာ ခက်လို့လား. . .'

'သိပ်ခက်တာပေါ့ကွ. . . မင်းက ချောင်ချောင်ကြီးထွက်နေတဲ့ တောင်ဆိုတော့ ဘယ်သိပါ့မလဲ. . . လူရဲ့ခန္ဓာကို ချက်ကြာရတွေက ဝိညာဉ်ကိုလွယ်လွယ်နဲ့ထွက်လို့မရအောင် ထိန်းချုပ်တည်ဆောက်ထားကြတယ်. . . သေလောက်တဲ့ဒဏ်ရာရတာတောင်မှ ဝိညာဉ်က တော်ရုံနဲ့ထွက်တာမဟုတ်ဘူး. . . တချို့ ဒဏ်ရာအနာတရ ရလို့ပဲဖြစ်ဖြစ် သတိလစ်မေ့မြောနေတဲ့အခါမျိုးမှသာ ဝိညာဉ်ကမနေနိုင်လို့ထွက်လာကြရတာ'

'အဲဒီလိုအခါမျိုးကျတော့ ဝိညာဉ်က သူ့ဟာသူလွယ်လွယ်နဲ့ ထွက်နိုင်သလား'

'ဒီအကြောင်းပြောရမယ်ဆိုရင်တော့ အင်း. ... နေဦးကွ. . . ပညာရပ်ဆိုင်ရာစကားလုံးတွေကို မင်းနားလည်မှာမဟုတ်ဘူး. . . မင်းသဘောပေါက်အောင်ပြောရမယ်ဆိုရင်တော့ ရုပ်ခန္ဓာကြီးထဲမှာ နာမ်ဝိညာဉ်နေတဲ့အခန်းကအလုံပိတ် အတွင်းဘက်က မူလီစုပ်ထားတယ်ဆိုပါစို့ . . . မူလီခေါင်းက အတွင်းဘက်မှာ . . . ဝိညာဉ်ကောင်ဟာခန္ဓာကိုယ်ထဲမှာလုံးဝနေလို့မရတဲ့အဆင့်မှာကျတော့ သူ့ဘက်မှာရှိတဲ့မူလီခေါင်းကို သူ့ဟာသူလှည့်ဖွင့်ရင်းထွက်လာတာပေါ့ကွာ. . ဘာအကြောင်းမှမရှိဘဲ ခန္ဓာကိုယ်ထဲမှာ သူ့ဟာသူပျော်ပျော်နေချင်နေပါလျက်နဲ့ ကိုယ်က ထွက်ခိုင်းချင်တယ်ဆိုရင်တော့ ဒီဘက်အပြင်ဘက်ကမူလီအဖျားကနေ လှည့်ထုတ်နိုင်ဖို့ ခက်ခက်ခဲခဲကြိုးစားယူရတာပေါ့ကွာ. . . ဒီလိုလှည့်ထုတ်နိုင်ဖို့ ပညာလိုတယ်. . . မလွယ်ဘူး'

ကျွန်ုပ်သည် ခန္ဓာကိုယ်နှင့်ဝိညာဉ်အကြောင်းကို လူပြိန်းနားလည်အောင်ရှင်းပြနေသည့် ကိုတိကွ၏စကားများကို စိတ်ဝင်စားနေမိ၏။

'မင်းကတော့ မသင်ယူဘဲဖြစ်နေတာဆိုတော့ ထူးဆန်းတာပေါ့ကွာ. . . ကြည့်ရတာ မင်းရဲ့မူလီက ချောင်နေလို့ဖြစ်မယ်ကွ. . . ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟားဟား . . . '

ကိုတိက္ခက ပြောပြီးရယ်လိုက်သောကြောင့် ကျွန်ုပ်ပါလိုက်၍ ရယ်မိလေသည်။

'ဒါနဲ့ ကျွန်တော် မရှင်းလို့မေးပါရစေ . . ကိုတိက္ခက ဘာဖြစ်လို့ ကြိုးစားပမ်းစားနဲ့ ဝိညာဉ်ကိုခွာနေရတာလဲ . . . အခု ဝိညာဉ်ခွာလို့ တတ်သွားပြီဆိုတော့ ဘာဆက်လုပ်ဖို့လဲ . . . '

'ပါလား . . . ရုပ်ခန္ဓာကိုယ်အနေနဲ့ သွားလာရ ခက်ခဲသလောက် နာမ်ဝိညာဉ်အနေနဲ့ ဘယ်လောက်လွယ်ကူသလဲ . . . မင်းလည်းအသိသားနဲ့ . . . အခုပူတာအိုသွားမလား တော့သောင်းသွားမလား . . ရွှတ်ခနဲဆိုရောက်သွားနိုင်တယ် . . . ငါက ဟောဒီနာမ်ဝိညာဉ်နဲ့ လကမ္ဘာသွားမယ် အင်္ဂါဂြိုဟ်သွားမယ် . . . ပလူတိုအထိပါသွားမယ်လို့ စဉ်းစားထားတာကွ'

'ဟင် . . . ဖြစ်ပါ့မလား'

'ဘာလို့မဖြစ်ရမှာလဲကွ . . . အင်း . . . တစ်ခုတော့ရှိတာပေါ့ကွာ . . . အဲဒီလိုသွားလို့ ခရီးလွန်ပြီးပြန်မရောက်နိုင်ရင် ခန္ဓာကိုယ်ပျက်စီးသွားနိုင်တယ်ကွ . . . အဲဒါ အချိန်ကြာကြာ ခန္ဓာကိုယ်မပျက်စီးအောင် ထိန်းသိမ်းထားတဲ့နည်းကိုရှာရဦးမယ် . . . '

'ခန္ဓာကိုယ်မပုပ်မသိုး၊ မပျက်စီးအောင် ရှေးခေတ်ကမာမီရုပ်တွေ ဆေးစိမ်သလိုစိမ်ထားရင် မဖြစ်ဘူးလား . . . '

'မဖြစ်ဘူးကွ . . . ခန္ဓာကိုယ်ကို မပုပ်မသိုးအောင်လုပ်နိုင်ပေမယ့် အထဲကပန်ကာရိုတွေကိုတော့ မပျက်စီးအောင် လုပ်ဖို့မလွယ်ဘူး . . ငါ့ရဲ့ဂမ္ဘီရဆရာကြီးကလည်း အဲဒီပညာကို မတတ်ဘူးကွ'

'ဂစ်'

တစ်ဖန် ပြန်လည်၍ရောက်လာသည့် ညဉ့်ငှက်ကြီးက ကျွန်ုပ်တို့၏ဦးခေါင်းပေါ်၌ ဝဲပျံရင်းအော်ပြန်လေ၏။

'ညောင်'



www.burmeseclassic.com

www.burmeseclassic.com

## ၂၂ ဂြိုဟ်သားတို့ရောက်လာခြင်း

ခြစည်းရိုးပေါ် ၌ရပ်နေသည့်ကြောင်နက်ကြီးကလည်း ကျွန်ုပ်တို့အား စိမ်းလဲ့လဲ့မီးစုန်းရောင်တောက်နေသည့်မျက်လုံးများနှင့်စိုက်ကြည့်ရင်း အသံပေးလေသည်။

'ကိုတိက္ခ. . . ကျွန်တော်တို့ ဝိညာဉ်တွေကို လူတွေမြင်နိုင်သလား. . .'

'မမြင်နိုင်ဘူး. . . အင်မတန်ပါဝါတန်ခိုးရှိတဲ့သူတွေမှသာ မြင်နိုင်တယ်. . .'

'ဟို. . . ငှက်တွေ ကြောင်တွေကတော့ ကျွန်တော်တို့ကိုမြင်သလိုပဲဗျ'

'ဟုတ်တယ်. . . တချို့တိရစ္ဆာန်တွေမှာ သဘာဝကပေးထားတဲ့ ကမ္မဇိဒ္ဓိတွေပါလာကြတယ်. . . လူတစ်ယောက်ရဲ့မျက်စိဟာ ကြိမ်နှုန်းသုံးသောင်းလေးထောင်ကနေ ခြောက်သောင်းလေးထောင်ကြားထဲက အလင်းပြန်တဲ့ အရာဝတ္ထုတွေကိုပဲ တွေ့နိုင်တယ်. . . အဲဒီအောက်ဘက်ကိုမတွေ့နိုင်သလို အဲဒီအထက်ဘက်ကိုလည်း မတွေ့နိုင်ဘူးကွ. . . ငါတို့လူတွေရဲ့မျက်စိနဲ့ လုံးဝမတွေ့နိုင်ဘဲနဲ့ ဟောဒီကမ္ဘာပေါ်မှာရှိနေတဲ့အရာတွေအများကြီးရှိတယ်ကွ'

'ကျွန်တော်တို့အသံကိုရော လူတွေကြားနိုင်သလား. . .'

'ဒါလည်း မကြားနိုင်ဘူး. . . လူရဲ့နားဟာ တစ်စက္ကန့်မှာ တုန်ခါမှု ဆယ့်ခြောက်ကြိမ်အောက်လျော့နည်းတဲ့အသံတွေကို မကြားရဘူးကွ။ ဥပမာ ပုရွက်ဆိတ်ကလေးတွေ၊ တီကောင်လေးတွေ၊ အင်းဆက်ကောင်အသေးလေးတွေဟာ ဘာသာစကားပြောတတ်ကြတယ်. . . ဒါပေမဲ့ ငါတို့မကြားနိုင်ဘူး. . . ဒီသဘောပဲ. . .'

'ဒါဆို ကျွန်တော်တို့ကို ဘယ်သူတွေမြင်နိုင်သလဲ'

'ဘယ်သူတွေမြင်နိုင်သလဲဆိုတော့ ခုနက ငါပြောသလို ကမ္မဇိဒ္ဓိပါလာတဲ့သတ္တဝါတွေ၊ ငါတို့လိုမျိုးတူ နာနာဘာဝ၊ ဝိနာဘာဝ ဝိညာဉ်တွေ. . . နတ်၊ ဗြဟ္မာတွေနဲ့ လောကီယဝိဇ္ဇာစိုရ်ကြီးတွေ၊ ဂန္ဓာရီပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေက မြင်နိုင်ကြတာပေါ့ကွာ. . .'

ကျွန်ုပ်တို့စကားပြောကောင်းနေသည့်အချိန်မှာပင် သံချောင်းခေါက်သံနှစ်ချက်ကို ကြားလိုက်ရလေ၏။

'အချိန်ဝေါင်တော်တော်နက်နေပြီကွ. . . နောက်မှ မင်းဆီကို ငါလာခဲ့ဦးမယ်. . . အဲ. . . အခုလို ဝိညာဉ်တစ်ကောင်အဖြစ်နဲ့ မဟုတ်ဘဲ လူတစ်ယောက်အနေနဲ့ပေါ့ကွာ. . လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့. . . ဟုတ်လား. . . ကဲ. . . အခု မင်းလည်း မြန်မြန်တက်တော့. . . ငါလည်းအိမ်ပြန်လစ်လိုက်ဦးမယ်. . နောက်မှ ဆက်ဆွေးနွေးကြတာပေါ့. . .'

ထို့နောက် ကိုတိက္ခကြီးသည် လျင်မြန်စွာပင် လေဟုန်စီး၍ပျံသန်းထွက်ခွာသွားလေတော့၏။

ကျွန်ုပ်သည် အိမ်ပေါ် သို့ပြတင်းပေါက်မှတစ်ဆင့် ပြန်လည်၍ ခုန်ဝင်လိုက်လေသည်။ ကျွန်ုပ်၏ရုပ်ခန္ဓာကြီးကား မူလပုံစံအတိုင်းငြိမ်သက်နေဆဲပင်။

ကျွန်ုပ်သည် ကျွန်ုပ်၏ခန္ဓာကိုယ်ထဲသို့ ပြန်လည်၍တိုးဝင်လိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

'ကိုစိုး. . . ပယောဂဖြစ်နေပြီထင်တယ်'

ချစ်သူခင်ဘုန်းသည် ကျွန်ုပ်အား မျက်မှောင်ကြုတ်ကြည့်ရင်း ပြောလေ၏။

'ဟုတ်တယ်. . . ကိုစိုးရဲ့ အဲဒါမျိုးတွေက ပယောဂသမားတွေမှ ဖြစ်တတ်တာ. . . ခင်ဘုန်းတို့လမ်းထဲမှာ ပယောဂဆရာကြီးဆရာအေးဆိုတာရှိတယ်. . . ပြကြည့်ဖလား. . .'

'မဟုတ်တာ ခင်ဘုန်းရာ. . .'

ကျွန်ုပ်သည် ဦးခေါင်းကိုတပြင်းပြင်းကုတ်ရင်း ငြင်းဆန်မိလေ၏ သည်တစ်ခါ ဟိုနှစ်ကောင်ဟားမှာစိုး၍ ခင်ဘုန်းကိုပြောမိကာမှ ပိုဆိုးနေလေရော့သည်။

'ကိုစိုးနော်. . . ခင်ဘုန်းပြောသလိုမြန်မြန်ပြလိုက်. . . တော်ကြာ. . . ရောဂါရင့်သွားရင် ကုရခက်နေမယ်'

ခင်ဘုန်းက မျက်စောင်းထိုးကြည့်ရင်းပြောပြန်သည်။

ကျွန်ုပ်၏ချစ်သူသည် လှပါ၏။ ဖြူလွှင်သောအသားအရည် မနိမ့်မမြင့်သောအရပ်အမောင်း၊ သွယ်လျလျခန္ဓာကိုယ်နှင့်ပြုံးလိုက်ရယ်လိုက်လျှင် ခွက်ဝင်သွားတတ်သည့် ပါးချိုင့်ကလေးများနှင့် ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလွန်းလှချေ၏။ ဖြောင့်စင်းသည့်ဆံပင်ရှည်များက ဒူးကောက်ကွေး အထိသို့တိုင် နက်မှောင်သန့်စွမ်းစွာ ဖားလျားကျနေသည်မှာလည်း သူ၏ အလှကိုထူးခြားထင်ရှားစွာ ပေါ်လွင်ချေလေ၏။

'ကိုစိုး. . . လူကိုဘာကြောင့်ကြည့်နေတာလဲ. . . မေးနေ တာဖြင့်မပြောဘဲနဲ့. . . ပြော. . . ပယောဂဆရာဆီသွားမလား. . . မသွားဘူး လား. . .'

ခင်ဘုန်းက ဖနောင့်ကလေးဆောင့်၍ပြောလိုက်သောကြောင့် တွန့်ပ်လည်း ပျာပျာသလဲပင်. . .

'အင်း. . . သွားပါ့မယ်ကွာ. . .'

ဟုဆိုရင်း ချစ်သူအလိုကျ ခေါင်းညိတ်ပြလိုက်ရလေတော့ သတည်း။

♣ ♣ ♣

ထားရသလိုဖြစ်နေ

ပြောလိုက်လေ၏။

'အိမ်း. . . ဆရာ. .

တာ ကြောင်စိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာပါ. . . ဟုတ်ပြီလား. . . သူ့ကိုအိမ်ပြန်ချင်စိတ်တွေပေါ်လာအောင် ဘိုးဘိုးကြီးတွေက ထည့်ပေးလိုက်ကြလိမ့်မယ်. . . မကြာခင်ပြန်ရောက်မှာပါ'

'ကျေးဇူးကြီးလှပါတယ် ဆရာအေးရယ်. . .'

ဒေါ်လေးဆိုသည့် အမျိုးသမီးကြီးလည်း ပိုက်ဆံအိတ်ကြီးထဲမှ ငွေစက္ကူတစ်ထပ်ကို နှိုက်ထုတ်ပြီး တရိုတသေနှင့် ဆရာအေးအားကမ်းပေးကာ ပြန်သွားလေတော့၏။

ထိုအခါမှ ဆရာအေးက ကျွန်ုပ်တို့ဘက်လှည့်ပြီး. . .

'ဒီအရှေ့မှာလာထိုင်ကြဟေ့'

ဟုဆိုလိုက်လေတော့သည်။

ကျွန်ုပ်တို့သည် ဆရာအေး၏ရှေ့၌ထိုင်လိုက်ကြ၏။ ဆရာအေးက ကျွန်ုပ်တို့နှစ်ဦးအားစူးစမ်းသလိုကြည့်ပြီး. . .

'ဘာဖြစ်လို့လဲကွဲ့'

'ဟို. . . ကျွန်တော်. . . အဲ. . . အဟှာ. . .'

'ဒီလိုပါခင်ဗျာ. . . သူပယောဂဖြစ်နေလို့ပါ'

ကျွန်ုပ်က ဘာစပြောရမှန်းမသိနှင့် ခွေးအကြီးလည်မြို့ညှစ်ခံထားရသလိုဖြစ်နေရာ မနေနိုင်သည့်ခင်ဘုန်းက သွက်သွက်လက်လက်နှင့် ဝင်ပြောလိုက်လေ၏။

'အိမ်း. . . ဆရာကြည့်လိုက်တာနဲ့သိပါတယ်. . . လူက အူတူတူ. . . မျက်လုံးက ကြောင်စီစီ. . . ဖြစ်နေပြီဆိုကတည်းက ဒါပဲပေါ့. . . ဆရာနဲ့တွေ့လို့ကတော့ ဘာမှမပူနဲ့. . . ပယောဂမှန်ရင်တုန်ဆင်းစေရမယ်ကွဲ့. . .'

ဆရာအေးသည် သူ၏အနီးမှ ဂေါ်လီလုံးခန့်မရှိတရှိ ကျောက်ခရစ်ခဲလုံးလေးတစ်လုံးကိုယူလိုက်၏။

'ကဲ. . . ပယောဂသက်ဘယ်လောက်ရှိနေပြီလဲဆိုတာ ဆရာစမ်းကြည့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာအေးသည် ကျွန်ုပ်ထိုင်နေရာသို့တိုးကပ်လိုက်ပြီး. . .

'လက်သီးဆုပ်လိုက်စမ်းကွဲ. . .'

ဟုပြောလေရာ ကျွန်ုပ်လည်း လက်သီးကိုဆုပ်ပေးလိုက်၏။ ဆရာအေးက ကျွန်ုပ်၏ဆုပ်ထားသောလက်သီးကို သူ၏ဘယ်လက်နှင့် ပက်လက်ဖြစ်အောင်ဆွဲလှန်လိုက်ပြီး ခေါက်ကွေးထားသည့်လက်ခလယ် အဆစ်ကလေးပေါ်သို့ သူ၏ညာလက်တွင်ကိုင်ထားသည့် ကျောက်စရစ်ခဲနှင့် ဖိကြိတ်လိုက်လေရာ. . .

'အား. . . အားလားလား. . . နာတယ်. . . နာတယ်. . .'

ကျွန်ုပ်သည် အသည်းခိုက်အောင်နာသွား၍အော်လိုက်မိသည်။

'သေချာပြီ. . . ပယောဂမှန်ရင် ဒီလိုပဲ. . . အသေနာတာ. . .'

ကျွန်ုပ်သည် သူ၏လက်ထဲမှ ကျွန်ုပ်လက်ကိုဆောင့်ရုန်းလိုက်ပြီး

'အာ. . . ဘကြီးကလည်း. . . လက်ဆစ်ကိုခဲလုံးနဲ့ကြိတ်မှ တော့ နာတာပေါ့. . . ဘကြီးလက်ကိုကျွန်တော်ကြိတ်ပြရမလား. . .'

ကျွန်ုပ်၏စကားများက ရိုင်းသွားသလားတော့မသိပါ။ ဆရာအေးက ခင်ဘုန်းဘက်လှည့်လိုက်ကာ. . .

'ရောဂါက အတော်ရင့်နေပြီ. . . ဆရာကိုတောင် အာခံနေပြီ ကွဲ. . . ယမထာရွှေကြိမ်လုံး. . . ကျောကုန်းပေါ်တင်ရမယ့်အဆင့်ကို ရောက်နေပြီ'

'ဘာဗျ အား. . .'

ကျွန်ုပ်ကဒေါသတကြီးအော်လိုက်သည်နှင့်တစ်ပြိုင်နက် ခင်ဘုန်းက ကျွန်ုပ်၏ဗိုက်ကျောအားဖမ်းလိမ်လိုက်လေရာ ဘာဗျနှင့် အားကြီးကတစ်ဆက်တည်းဖြစ်သွားရချေ၏။

'ဆရာပြောတာ ကောင်းကောင်းနားထောင်ပါ. . . ကျွန်တော် ကဆန်လုပ်ရင် ဟိုအပေါ်မှာ ချိတ်ထားတဲ့ကြိမ်လုံး. . . တွေ့တယ်နော် ကျောကွဲအောင်ဗျောဆွဲထည့်လိုက်မယ်'

ကျွန်ုပ်သည် အသာငြိမ်နေလိုက်၏။ မငြိမ်လို့လည်းမဖြစ်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



ဆရာအေးဆိုသည့်လူကြီး၏ပုံစံက တကယ်လုပ်မည့်ပုံစံကြီး. . .။ သူတကယ်လုပ်မည်ဆိုပါက ကျွန်ုပ်၏ချစ်သူခင်ဘုန်းကလည်း ကျွန်ုပ်ကို မလှုပ်နိုင်အောင်ချုပ်ထားပေးမှာသေချာသည်ဆိုတော့. . .

ဆရာအေးသည် ရေတစ်ခွက်ကိုခပ်ယူလိုက်ပြီး တရှီးရှီးနှင့်မန်းမှုတ်လေတော့၏။ ထို့နောက် ရေခွက်ထဲသို့ လက်ထိုးနှိုက်၍ သူ၏လက်မှရေများဖြင့် ကျွန်ုပ်၏မျက်နှာနှင့်တစ်ကိုယ်လုံးကိုလှည့်ပတ်ပက်လေ၏။

'ပူတယ်မဟုတ်လား. . .'

'ပူတယ်'

ကျွန်ုပ်လည်း မြန်မြန်ပြီးမြန်မြန်အေးသဘောမျိုး ခပ်ဆတ်ဆတ်ပြန်ဖြေလိုက်၏။

'အတွင်းထဲမှာ ရှိန်းမသွားဘူးလား'

'ရှိန်းတယ်'

'ကဲ. . . ရင်ထဲအေးမသွားလား'

'အေးတယ်'

'ဟဲဟဲဟဲ. . . ဘယ်ရမလဲ. . . ဆရာအေးကိုစမ်းလို့ကတော့ ကျောဖြန်းဖြန်းကွဲသွားမှာပေါ့. . . ကိုင်း. . . တစ်ကိုယ်လုံးပေါ့သွားပြီ မဟုတ်လား. . .'

'ပေါ့တယ်'

ဆရာအေးသည် ရေဖြင့်လှည့်ပတ်တောက်နေရာမှ ရပ်လိုက်ပြီး ကျွန်ုပ်ရှေ့၌ပြန်ထိုင်လိုက်သည်။

'ရော့. . . အားလုံးရှင်းရှင်းပျောက်သွားအောင် ဒီရေကိုသောက်လိုက်'

'ဟာ. . မသောက်ချင်ပါဘူးဗျာ. . . ခင်ဗျားလက်ကြီးနဲ့နှိုက်ထားတာ. . . ရွံစရာကြီး. . .'

'အံမာ. . . ငါ့ကို အာခံနေသေးတယ်. . . ငါ အခုတွေ့ထုတ်လိုက်လို့ ကျောစုတ်သွားဦးမယ်'



www.burmeseclassic.com

‘ကိုစိုးကလည်း. . . . သောက်လိုက်တာမဟုတ်ဘူး’

ခင်ဘုန်းကပါ တွန်းအားပေးလာသောကြောင့် ကျွန်ုပ်သည် ဆရာအေး၏လက်နှိုက်ရေကြီးကို အော်ဂလီဆန်စွာနှင့်ပင် သောက်လိုက်ရလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## မိုးဇက်၏နှင်တံ

ကျွန်ုပ်သည် အလုပ်မှဘတ်(စ်)ကားစီးပြီးနောက် အိမ်ပြန်လာခဲ့၏။ ဆင်းရမည့်မှတ်တိုင်သို့အရောက်၌ ဆင်းလိုက်ပြီး တစ်ဖက်လမ်းသို့ ဖြတ် ကူးရန်ပြင်လိုက်စဉ်မှာပင်. . .

'ဟေ့. . . ချာတိတ်'

ခေါ်လိုက်သည့်အသံတစ်ခုကိုကြားလိုက်ရ၍ လှည့်ကြည့်လိုက်လေရာ ကားဂိတ်မှတ်တိုင်အနီးနားရှိ လက်ဖက်ရည်သိုင်တစ်ဆိုင်မှ လူတစ်ယောက်သည် ကျွန်ုပ်အား လက်ရပ်ခေါ်နေသည်ကို တွေ့လိုက်ရလေ၏။

'လာလေကွာ. . . ဘာကြောင်ကြည့်နေတာလဲ'

ထိုအခါကျမှ အသေအချာကြည့်လိုက်လေရာ ဝိဉာဉ်အဖြစ်နှင့် တွေ့ခဲ့ဖူးသည့် ကိုတိကွကြီးဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ကျွန်ုပ်လည်း လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်ကာ သူ၏ အနီး ခုံတစ်လုံးပေါ်၌ထိုင်လိုက်လေ၏။

'နေပါဦး. . . မင်းနာမည်က ဘယ်သူလဲ. . . ဟိုညက ငါမမေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်ဘူး. . .'

'စိုးရာပါ'

'စိုးရာ . . . ညီလေး. . . မှာကွာ. . . ဘာသောက်မလဲ'

'ဟုတ်ကဲ့'

ကျွန်ုပ်သည် လက်ဖက်ရည်ပေါ့ခါးမှိုတစ်ခွက်မှာလိုက်၏။ လက်ဖက်ရည်ဆိုင်သည်ကား ညနေခင်းချိန်ဖြစ်သည့်အတွက် လူရှင်းနေလေ၏။

'မင်းကို ညက ငါမတွေ့ပါလား. . .'

ကိုတိကွခက ရေနွေးပူပူတစ်ခွက်ကိုမှုတ်သောက်ရင်း မေးလိုက်လေ၏။

'မတွေ့ဆို ကျွန်တော့်ဝိညာဉ်က အစ်ကိုတို့လိုမဟုတ်ဘူး. . . သူကထွက်ချင်တဲ့အချိန်မှထွက်တာဆိုတော့ ကျွန်တော်လည်း မပြောတတ်ဘူးဗျ. . .'

'ဒါဆိုရင် ဒီလိုလုပ်ပါလား. . . မင်းရဲ့ဝိညာဉ်ကို ထွက်ချင်တဲ့အချိန်မှာ ထွက်လို့ရအောင် ငါ့ဆီမှာလာသင်ပါလား. . .'

ကိုတိကွခက အားတက်သရောပြောလေ၏။ ကျွန်ုပ်ကမူ. . .

'အာ. . . အဲဒီလိုတော့ ကျွန်တော်လည်း မလုပ်ချင်ဘူးဗျ. . . အခုလိုဖြစ်နေတာတောင် စိတ်ညစ်နေတာ. . . ဒါပေမဲ့ ဘယ်လိုပြောရမလဲအကိုရာ. . . ကျွန်တော်က ကျွန်တော့်ခန္ဓာကိုယ်ထဲက ဝိညာဉ်ကြီးထွက်နေတာ မကြိုက်ပေမယ့် တကယ့်တကယ်ထွက်တဲ့အခါကျတော့လည်း ပျော်သလိုလိုအရှိသားဗျ'

'ဟားဟားဟား. . . တကယ်ဆိုရင် ပျော်စရာကောင်းပါတယ်ကွာ. . .'

ကိုတိကွခကပြောပြီးနောက် ရယ်လေ၏။

'တကယ်ပဲ ကျွန်တော်က ဝိညာဉ်တစ်ကောင်ဖြစ်သွားပေမယ့် ဝိညာဉ်တွေရဲ့အကြောင်းတွေကို ဘာမှမသိဘူး. . . ကျွန်တော့်ရဲ့ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အစ်ကို့ရဲ့ဝိညာဉ်က ဘယ်လိုကွာခြားချက်တွေရှိသလဲ တူတူပဲလား. . .'

'မင်းရဲ့ရုပ်ကြမ်းခန္ဓာအပြင် ဗဟိဒ္ဓအတွင်ဘောကြီးရဲ့အောက်မှာ ဇီဝဗေဒပညာအရ"ပရိုတိုပလာဇမ်"လို့ခေါ်တဲ့ နူးညံ့တဲ့ရုပ်နုခန္ဓာနာမ်ကိန်း ဓာတ်တစ်မျိုးရှိတယ်. . . သူ့မှာ အရောင်အသွေးမရှိဘူး. . အောက်စီဂျင် ဟိုက်ဒြိုဂျင်၊ နိုင်ထရိုဂျင်နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဒ်ဓာတ်ငွေ့တွေပေါင်း ထားတယ်. . . အဲဒီ ဓာတ်ပေါင်းစုကြီးများပြားနေတဲ့သူဟာ နာမ်ဝိညာဉ် ကိုအလွယ်တကူထုတ်ယူနိုင်တယ်. . . မင်းမှာက အဲဒီဓာတ်တွေများနေ ပြီးသားဖြစ်ပါလိမ့်မယ်. . . ငါအခုလုပ်နေတဲ့ ရုပ်ကြမ်းခန္ဓာထဲက ရုပ်နု ဝိညာဉ်ကိုထုတ်တဲ့နည်းကိုတော့ အနောက်နိုင်ငံတွေမှာ "ဦးဘီး"လို့ခေါ် ကြတယ်. . . မင်းအခုဖြစ်နေတာက ဘာမှမသိဘဲနဲ့ အလိုအလျောက်ဖြစ် နေတဲ့ "ဦးဘီး" ငါကတော့ လေ့ကျင့်ပြီး လုပ်ယူနေတဲ့"ဦးဘီး" ဒါပေမဲ့ တိုယ်ပွားဝိညာဉ်ထွက်တာခြင်းကတော့ အတူတူပဲ. . . မင်းကတော့ ဘယ်အချိန်ဝိညာဉ်ထွက်မလဲမသိဘူး. . . ငါကတော့ ထွက်ချင်တဲ့အချိန် ထွက်လို့ရတာပေါ့ကွာ. . .'

'အစ်ကို လေ့ကျင့်တဲ့ပုံစံက ဘယ်လိုမျိုးလဲ'

'အဲဒါက လက်တွေ့ပြမှ သိနိုင်မယ်ကွာ. . . အစက ကတော့ "ဆာဂျက်ရှင်း"လို့ခေါ်တဲ့ သမာဓိအမြန်ရအောင် အရင်လုပ်ရတယ် အဲဒီ အခါကျရင် ချမ်းသာသုခကို အပြည့်အဝရရှိခံစားရတဲ့ အရသာမျိုးကို အရင်ရလာမယ်. . . အသိအာရုံထဲမှာလည်း "အင်ဒိုဖင်"လို့ခေါ်တဲ့ ပီတိ ဓာတ်တစ်မျိုးက တစ်ကိုယ်လုံးကို လွှမ်းခြုံလာလိမ့်မယ်. . . ဒီတော့မှ "အီလက်ထရွန်"နဲ့အလားသဏ္ဌာန်တူတဲ့ ဝိညာဉ်ကို အသာအယာခွာယူ ရတယ်ကွ. . .'

ကျွန်ုပ်သည် ကိုတိက္ခရှင်းပြနေသည့် ပညာရပ်ဆိုင်ရာစကားလုံး များကို နားမလည်ပါ။ ဤသူသည်ကား ပညာရပ်များကို စနစ်တကျလေ့ လာလိုက်စားထားသူတစ်ယောက်ဖြစ်သည်ကိုမူ သူ၏စကားများအရသိ သာနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုတိက္ခရေ. . . အစ်ကိုပြောတဲ့ အင်္ဂါဂြိုဟ်တို့ ပလူတိုတို့ကို တော့ မသွားချင်ပါနဲ့ဗျာ. . . အန္တရာယ်ကြီးလွန်းလှပါတယ်. . .'

ကိုတိက္ခက ရေနွေးကြမ်းတစ်ခွက်ကိုမော့သောက်လိုက်ပြီး နောက် ခေါင်းညိတ်ပြလေ၏။

'အေး. . . အဲဒီတွေကို ငါမသွားတော့ဘူး. . . ငါအခုသွားချင် နေတာက "မိုးဇက်"ကိုမင်းသိလား. . ."

'မသိဘူး ဘယ်မိုးဇက်လဲ'

'မိုးဇက်ဆိုတာ ကမ္ဘာ့အကျော်ကြားဆုံးဂန္ဓာရီပညာရှင်မှော် ဆရာကြီးပဲ. . . ဘီစီ ထောင့်သုံးရာလောက်ကပေါ်ခဲ့တာ. . . အီဂျစ်ဟီ ဘရူးရှေးဟောင်းကျမ်းတွေ ခရစ်ယာန်သမ္မာကျမ်းနဲ့ အစ္စလာမ်ကုန်အန် ကျမ်းတွေမှာ သူ့အကြောင်းကို အကျယ်တဝင့်ရေးထားတယ်. . . သူနဲ့ အီဂျစ်ဖရာအိုဘုရင်ရဲ့သား ရမ်မစီးနဲ့ မှော်ပညာပြိုင်ပုံ. . . ပင်လယ်ကြီး ကိုထက်ခြမ်းခွဲပြီး သူ့နောက်လိုက် လူတွေ တိရစ္ဆာန်တွေအတွက် လမ်းဖောက်ပေးပုံ အစရှိသည်ဖြင့် အများကြီးပေါ့ကွာ. . . အဲဒီပညာရပ် တွေကို ဘာနဲ့စေခိုင်းခဲ့တယ်လို့ ထင်သလဲ. . .'

'ဘယ်သိပါ့မလဲဗျ'

'သူကိုင်တဲ့ ကျိုင်းတံ နှင်တံလေးပေါ့ကွာ. . . အဲဒီ နှင်တံလေးနဲ့ စေခိုင်းခဲ့တာကွ. . . ငါ့မှာ ငါ့ဆရာကပေးသွားတဲ့ ရှေးဟောင်းသက္ကတ ဘာသာနဲ့ရေးထားတဲ့ ကျမ်းဟောင်းတစ်ဆူရှိတယ်ကွ. . . အလွန့်အလွန် ရှားပါးတဲ့ကျမ်းကြီးပေါ့. . . ကျမ်းနာမည်က "ကာဘာလာမဲဂျစ်"တဲ့ အဲဒီ ကျမ်းထဲမှာ လျှို့ဝှက်မြေပုံတစ်ခုပါတယ်. . . မဟောင်ဖွက်သလိုရေးထားလို့ အဓိပ္ပါယ်ဖော်ဖို့မလွယ်ဘူး. . . အဲဒါကို ငါ နှစ်ပေါင်းများစွာ စိမ်ပြေနပြေ နဲ့ အဓိပ္ပါယ်ဖော်နေတာ အခုသိရသလောက်ဖြစ်နေပြီ အဲဒီမြေပုံက ဂန္ဓာ ရီဝိဇ္ဇာကြီးမိုးဇက်ရဲ့ ဂူသင်္ချိုင်းပုံပဲ. . .'

'မိုးဇက်ရဲ့ ဂူသင်္ချိုင်းမှန်းသိရုံနဲ့ ဘာလုပ်လို့ရမှာလဲဗျ. . .'

'ဟ. . . ရတာပေါ့. . . အဲဒီမှာ မိုးဇက်ကိုင်ခဲ့တဲ့နှင်တံလေးရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . အဲဒါကို ရအောင်ယူနိုင်ရင် ဘာမဆိုဖြစ်ပြီပေါ့ကွာ. . .'

'အစ်ကို့တာက စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်ဗျာ. . .'

ကျွန်ုပ်၏စကားကြောင့် ကိုတိက္ခရယ်ပြန်လေ၏။ ထို့နောက်တွင်မှ. . .

'ဒီလိုပဲ စိုးရာရေ. . . ဘယ်အရာမဆို မဖြစ်သေးခင်မှာတော့ စိတ်ကူးယဉ်ဆန်ကြတာချည့်ပဲ. . . ဖြစ်လာတဲ့အခါကျမှ အော်ဟုတ်ပေသားပဲလို့ ပြောကြတာကွ. . . ကဲ စိုးရာရေ. . . မင်းငါ့အိမ်လိုက်မလား'

'အစ်ကို့အိမ်က ဘယ်နားမှာလဲ'

'ဒီလက်ဖက်ရည်ဆိုင်ရဲ့ အနောက်တစ်လမ်းကျော်မှာပဲ. . .'

'အခုတော့ မလိုက်သေးဘူးဗျာ. . . နောက်တော့ ကျွန်တော်လာခဲ့ပါ့မယ်'

'အေး. . . လာခဲ့ကွ. . . ငါ့ဆီမှာ မင်းလေ့လာစရာ ဗဟုသုတဖြစ်စရာတွေအများကြီးရလိမ့်မယ်. . . လမ်းထဲဝင်တာနဲ့ ဆရာကြီး တိက္ခဆိုပြီးတော့သာ မေးလိုက်ကွာ. . . လူတိုင်းသိတယ်. . . ငါ့ကို ဘာကြောင့် ဆရာကြီးတပ်ခေါ်သလဲဆိုတာတော့မသိဘူးကွ. . . ငါက ဘာမှလုပ်တဲ့အကောင်မှမဟုတ်တာ. . . အလုပ်အကိုင်ကိုမေးရင် မိဘအမွေအနှစ်ကို ထိုင်ဖြုန်းဆိုပြီး ဖြေရမှာပဲကွ. . . ဟားဟားဟား. . . .'

ထိုနေ့က ကျွန်ုပ်တို့နှစ်ဦးလမ်းခွဲလိုက်သည့်အချိန်၌ မှောင်ရီပင်သန်းနေပြီဖြစ်လေသည်။ ကျွန်ုပ်သည် ကိုတိက္ခကြီးထံသို့ တစ်နေ့တော့ ရောက်အောင်သွားရပေဦးမည် ဟုတော့ ဆုံးဖြတ်ထားမိလေသည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## မိညာဉ်ဆိုးယုတ် ခေါ်နိုက်တုတ်

တတိယအကြိမ်မြောက်ဖြစ်စဉ်မှာတော့ ကျွန်ုပ်သည် အတော်ရဲတင်းနေပေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်၏ခန္ဓာကိုယ်အားတစ်ချက်မျှသာစောင်းငဲ့ကြည့်လိုက်ပြီးနောက် ဖွင့်ထားသည့်ပြတင်းပေါက်မှခြံထဲသို့အသာခုန်ဆင်းလိုက်၏။

ညခင်းသည်ကား တိတ်ဆိတ်ငြိမ်သက်လွန်းလှချေ၏။ သန်းခေါင်ကျော်တစ်နာရီခန့်ရှိနေပေပြီ။ လမ်းမတော်မီးတိုင်များ၏ မှိန်ဖျော့ဖျော့အလင်းရောင်များကသာ အမှောင်ထုကိုမနိုင်ရင်ကာအံတုနေသကဲ့သို့ရှိနေလေ၏။ ကျွန်ုပ်သည်ကိုတိကွဲနှင့်တွေ့ချင်နေမိ၏။

ထို့နောက်ဆုံးဖြတ်လိုက်ပြီးနောက် ကျွန်ုပ်သည် ခြံဝင်းအပြင်ဘက်သို့ထွက်လိုက်ပြီး ညခင်း၏ညှင်းသွဲ့သွဲ့လေနုအေးကို အသာအယာခိုးရှိုက်ပါသွားတော့၏။

ကျွန်ုပ်၏စိတ်တို့သည် ပျော်သလိုလိုဖြစ်နေသော်ငြားလည်း ရင်တို့ကား တလှုပ်လှုပ်ခုန်နေချေ၏။

လမ်းကျဉ်းကလေး၏ထောင့်ချိုးကို ချိုးလိုက်သည့်အချိန်၌ ခွေး



www.burmeseclassic.com

www.burmeseclassic.com



လေခွေးလွင့်တစ်ကောင်က ကျွန်ုပ်အားထိုးဟောင်လိုက်ချေသေးသည်။

ကျွန်ုပ်သည် ခပ်သုတ်သုတ်နှင့် ဆက်လျှောက်လာရာ ဗာဒံပင်ကြီးတစ်ပင်အောက်သို့ရောက်လာလေ၏။ ထိုအချိန်၌ စက်ဘီးကိုယ်စီနှင့် ပတ္တရောင်လှည့်လာသောရဲများအားတွေ့လိုက်ရလေရာ ရင်ထဲ၌ထိတ်ခနဲဖြစ်သွားပြီး ဗာဒံပင်နားသို့ပြေးကပ်လိုက်မိ၏။ ဤအချိန်၌သာတွေ့သွားပါက မှောင်ရိပ်ခိုမှုနှင့် အဖမ်းခံရမည်မှာသေချာလွန်းလှပေသည်။

'ဟေ့ကောင်. . . ဒါဘာလုပ်တာလဲ'

မမျှော်လင့်သောအသံတစ်ခုကြောင့် ကျွန်ုပ်သည်ကြီးစွာတုန်လှုပ်သွားမိ၏။ အသံလာရာသို့ကြည့်လိုက်တော့ သစ်ပင်ခွကြား၌ လူတစ်ယောက်ထိုင်နေ၏။

'ဟေ့ကောင်. . . ငါမေးနေတာ ဖြေလေ. . . မင်း ဒါဘာလုပ်တာလဲ. . .'

'ဟိုလေ. . . ကျွန်တော် ရဲ. . ရဲတွေတွေ့မှာစိုးလို့ပုန်းနေတာ'

'ဘာကွ. . . ရဲတွေက မင်းကိုဘယ်လိုတွေ့နိုင်မှာလဲ. . . ဟေ့ကောင်. . . စိန်တုတ်ကိုနံပါတ်လာမရိုက်နဲ့. . . မင်းဘယ်သချိုင်းကလာတာလဲ. . . ပြော. . .'

'ဗျာ. . .'

'အာ. . . ဒီကောင်. . . အူသလို ကြောင်သလိုလာလုပ်နေတယ်. . . မင်းအကြံကို ငါမသိဘူးထင်လား. . . ယောင်တောင်ပေါင်တောင်လုပ်ပြီး ငါ့သစ်ပင်အကိုင်းဖျားမှာ ခိုကပ်နေချင်လို့မဟုတ်လား. .'

'ဟာ. . . ကျွန်တော်က ဘာလုပ်ဖို့ခင်ဗျားသစ်ပင်မှာ ကပ်နေရမှာလဲ. . .'

'ပြောကြတာပဲကွဲ. . . ဒါမျိုးတွေစိန်တုတ်တို့ကရိုးနေပြီ. . .'

ကျွန်ုပ်သည် လန့်ဖျပ်သွားမိ၏။ ယခုအချိန်၌ ကျွန်ုပ်သည် အခိုးအငွေ့ဝိညာဉ်တစ်ခုဖြစ်နေသည်ဆိုသော်ငြားလည်း ထိုသူလောက်တော့ ရုပ်ဆိုးမည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်းနှင့် မျက်နှာပေါက်ဆိုးသရော်ကော် နဖူးပေါ်တွင်လည်း အပေါက်တစ်ပေါက်ရှိနေသလို ရင်ဘတ်ပေါ်တွင်လည်း အပေါက်ကြီးတစ်ပေါက်ရှိနေချေသေး၏။

'မင်းမှန်မှန်ပြောစမ်း. . . ဒီအပင်မှာ ကပ်နေဖို့မဟုတ်လား'

'မနေပါဘူးဗျာ. . . ခင်ဗျားက နေပါဆိုရင်တောင် ကျွန်တော်တ မနေနိုင်ပါဘူး'

'အေး. . . နေလို့လည်းမရဘူး. . . ငါ့ အပင်မှာ ဘယ်ကာလေကချေဝိညာဉ်ကောင်တွေကိုမှ နေခွင့်မပြုဘူး'

'ဒါ ခင်ဗျားအပင်လား. . .'

'ခင်ဗျားစိုက်ထားလို့လား'

'အံမာ. . . ဖြတ်ရိုက်ထည့်လိုက်လို့. . . နာတော့မယ်. . . ဘာမှစိုက်စရာမလိုဘူးကွ. . . ငါအရင်နေလို့ ငါ့အပင်ဖြစ်နေတာ. . .'

ကျွန်ုပ်သည် စိတ်ပျက်သွားရ၏။ ထို စိန်တုတ်ဆိုသည့်သူသည်ကား ဝိညာဉ်တစ်ကောင်ဘဝမှာပင် ဒေါသ မောဟ လောဘတို့ကြီးလွန်းလှပေစွ။ အပိုင်စီးချင်စိတ်၊ အနိုင်ကျင့်ချင်စိတ်တို့နှင့် ပြည့်နှက်နေသည့် ထိုသတ္တဝါသည်ကား ရွံမုန်းစရာကောင်းလွန်းလှပေစွ. . .။

'ခင်ဗျားက လူဆိုးပဲ. . .'

'ဟားဟားဟား. . . မှန်လိုက်လေကွာ. . ဆိုးဘဲ့လူကိုလူဆိုးလို့ခေါ်တာ. . . သူ့ရဲ့ဆိုးမိုက်မှုတွေကို ဂုဏ်ပြုလိုက်တာပဲကွ. . . ဟုတ်တယ်. . . ငါကလူဆိုးပဲ. . . အခုမှဆိုးတာမဟုတ်ဘူး. . . လူ့ဘဝမှာကတည်းက ကမ်းကုန်အောင်ဆိုးခဲ့မိုက်ခဲ့တာ. . .'

'ဟင်. . . အခု. . . ခင်ဗျားလူ့ဘဝမှာပဲမဟုတ်လား. . .'

'အာ. . . ဒီကောင် အူကြောင်ကြောင်နဲ့. . . သေလို့ဝိညာဉ်ဖြစ်နေတာပေါ့ကွ. . . ကြည့်ရတာ မင်းကအရူးတစ်ကောင်ရဲ့ဝိညာဉ်များလား မသိဘူး. . .'

ကျွန်ုပ်သည် ယခုမှသဘောပေါက်ရချေ၏။ ကျွန်ုပ်သည်ကား



www.burmeseclassic.com

www.burmeseclassic.com



မသေဘဲနှင့် ဝိညာဉ်ထွက်နေသူ. . . စိန်တုတ်နှင့်အခြားဝိညာဉ်များသည်ကား သေလွန်ပြီး၍ ဝိညာဉ်ဖြစ်နေသူများပင်တည်း။

'ခင်ဗျားနဖူးနဲ့ ရင်ဘတ်ကအပေါက်ကြီးတွေက ဘာဖြစ်တာလဲ'

'ဒါလား. . . လူဆိုးတစ်ယောက်အတွက် နောက်ဆုံးဂုဏ်ပြုသက်သေဆောင်တွေလေ. . . ငါက လူသတ်၊ ဓားပြတိုက်တဲ့ကောင်ဆိုတော့ ငါ့ကိုဖမ်းဆီးမဲ့သူတွေနဲ့ ပစ်ခတ်ကြရင်း နောက်ဆုံးတော့ လူကောင်းတွေက လူဆိုးကိုနိုင်သွားကြလေသတည်းဆိုတဲ့ ဇာတ်လမ်းပေါ့ကွာ. . . ခန္ဓာတစ်ခုလော. . ပြန်ရလိုက်ရင်တော့ တွေ့လိုက်ချင်သေးသကွာ. . .'

'ခင်ဗျားကလည်း သေတာတောင် နောင်တမရတဲ့သူမျိုးပဲ'

'နောင်တ ဟုတ်လား. . . ဟားဟားဟား. . . လူဆိုတာ လွယ်လွယ်နဲ့နောင်တမရတတ်တဲ့သတ္တဝါမျိုးပဲကွ. . . ဟားဟား. . . ဒါနဲ့ မင်းမှာ ဘာဒဏ်ရာ ဒဏ်ချက်မှမရှိပါလား. . . မင်းဘယ်လိုသေလာတာလဲ. . .'

ကျွန်ုပ်သည် အမှန်ကိုပြောသင့်မပြောသင့်စဉ်းစားလိုက်မိ၏။ ဤလိုလူဆိုးလူမိုက်တစ်ဦးအား အမှန်အကန်ပြော၍တော့ သင့်မည်မထင်ပါချေ။

'အင်း. . . ကျွန်တော် ဘယ်လိုသေသွားမှန်းကို ကျွန်တော်မသိပါဘူးဗျာ. . .'

'ဟားဟား. . ငါထင်ပါတယ်. . မင်းလိုအရူးတစ်ကောင်ဟာ ဘာကိုမှသိမှာမဟုတ်ဘူးဆိုတာ. . . ဟားဟား. . .'

ထိုအချိန်၌ အရပ်ထဲရှိမီးကင်းထဲမှသံချောင်းခေါက်သံသုံးချက်ကို ကြားလိုက်ရ၏။

'ကိုစိန်တုတ်. . . ကျွန်တော်သွားတော့မယ်. . ခင်ဗျားအပေါင်မှာ ကျွန်တော်ကပ်ရပ်ပြီးမနေမှာကတော့ သေချာပါတယ်ဗျာ. . . စိတ်ပူမနေနဲ့. . .'

'အေး. . . ငါလည်း မင်းလိုအရူးကောင်နဲ့ စကားပြောရတာ



www.burmeseclassic.com

www.burmeseclassic.com



အပျင်းလည်းပြေ ပျော်လည်းပျော်သကွ. . . နောက်လည်း လာခဲ့ပေါ့ကွာ. . .

ကျွန်ုပ်သည် ကိုတိက္ခနှင့်မတွေ့ဖြစ်တော့ဘဲ ကျွန်ုပ်၏အိမ်သို့သာနောက်ကြောင်းပြန်လှည့်လာလိုက်လေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

'မောင်စိုးရေ. . . မင်းပြောတဲ့အတိုင်းဆိုရင်တော့ မင်းဟာ နာနာဘာဝတစ်ကောင်ဖြစ်သွားဖို့ရှိသကွ. . .'

'ဗျာ'

ဆရာဇော်၏စကားကြောင့် ကျွန်ုပ်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားရ၏။

ဗုဒ္ဓမြတ်စွာဟောကြားခဲ့တဲ့ "အဘိဓမ္မာ"သုတ်ထဲမှာ နာနာဘာဝေါ မိမိရဲ့ဝိညာဉ်ဟာ ရှင်လျက်နဲ့အရုပ်တစ်ပါးကိုပြောင်းသွားခြင်း၊ ဝိနာဘာဝေါ သေဆုံးပြီး ဘဝတစ်ပါးသို့ပြောင်းသွားခြင်းဆိုပြီး ပါတယ်. . . မင်းက အသက်ရှင်နေရက်နဲ့ အင်မတန်ထွက်ခဲတဲ့ဝိညာဉ်ကထွက်နေတယ်ဆိုတော့ တဖြည်းဖြည်းအဲဒီဝိညာဉ်လောကမှာ သာယာပြီး ကိုယ့်ရဲ့ရုပ်ခန္ဓာထဲ အချိန်မီပြန်မဝင်နိုင်ရင် အရှင်လတ်လတ် နာနာဘာဝဖြစ်သွားမှာပဲကွ. . .'

ကျွန်ုပ်သည် အံတော်လန့်သွားမိ၏။ ရုတ်တရက်ကြီး နာနာဘာဝကောင်ဖြစ်သွားမှာကို ကျွန်ုပ်မလိုလားသလို ငယ်ငယ်ရွယ်ရွယ်နှင့်သေလည်းမသေချင်သေးပါ။

'ဒါဆိုရင် ကျွန်တော်ဘယ်လိုလုပ်ရမလဲ ဆရာ. . .'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော်သည် သူ၏မျက်မှန်ပေါ်မှကျော်၍ ကျွန်ုပ်အားကြည့်၏။ ဆရာဇော်သည်ကား ကျွန်ုပ်၏အထက်လူကြီးဖြစ်သည်။ ယခင်ကဆိုလျှင်လည်း လူမှုရေး၊ စီးပွားရေးကိစ္စများနှင့်ဗတ်သတ်၍ ကျွန်ုပ်သည် ဆရာဇော်ထံမှ အကြံဉာဏ်ယူ အကူအညီတောင်းနေကျပင်ဖြစ်လေ၏။

'မင်းပြောတဲ့ ကိုတိကွဲဆိုတဲ့လူကတော့ ပညာရှင်တစ်ယောက်ပဲ သူကဝိညာဉ်ကို စနစ်တကျထုတ်သွင်းနိုင်တဲ့သူ. . . ဒီပညာတွေကိုတော့ ငါမဝေဖန်ချင်ပါဘူး. . . ဒါပေမဲ့ မင်းကတော့ သူလိုမဟုတ်ဘူးကွ. . . အကောင်းဆုံးကတော့ မင်းစိတ်ရောဂါဆရာဝန်တစ်ယောက်နဲ့ပြကြည့်ရင်ကောင်းမယ်'

'ကျွန်တော်များ ရူးနေပြီလားဆရာရယ်. . .'

'ရူးတာ မရူးတာတော့မဟုတ်ဘူးကွ. . . ဒါပေမဲ ပုံမှန်မဟုတ်တာတော့ သေချာတယ်. . . အဓိကကတော့ သမားရိုးကျမဟုတ်တဲ့ မင်းရဲ့ဝိညာဉ်ကို မင်းရဲ့ခန္ဓာကိုယ်ထဲက မထွက်နိုင်အောင်လုပ်ဖို့က အဓိကအရေးကြီးဆုံးပဲ. . .'

ကျွန်ုပ်သည် ပို၍ခေါင်းခြောက်သွားရ၏။ ကျွန်ုပ်၏ဖြစ်ရပ်အား အတူနေသူငယ်ချင်းနှစ်ဦးအား အသိမပေးရဲတော့သလို ချစ်သူခင်ဘုန်းအားလည်း ပြောမပြဝံ့တော့သောကြောင့် ကျွန်ုပ်၏ဆရာဖြစ်သူ ဆရာဇော်အား ရင်ဖွင့်ရခြင်းဖြစ်လေ၏။

ကျွန်ုပ်မည်ကဲ့သို့လုပ်ရမည်နည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# အမှတ်(၃၅၁) အစီစီခရီး

ဤနေ့သည်ကား အင်္ဂလိပ်(၁၂)ရက်နေ့ဖြစ်၏။

ကျွန်ုပ်သည် ရက်၊ လ၊ခုနှစ်များကို သိပ်ပြီးအမှတ်ထားသူ တစ်ယောက်တော့ မဟုတ်ပါ။ သို့သော် ဤဂ၁၏ဆယ့်နှစ်ရက်နေ့ကိုတော့ ကောင်းကောင်းမှတ်မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ချစ်လှစွာသော ချစ်သူခင်ဘုန်း၏မွေးနေ့ဖြစ်သောကြောင့်တည်း။

ထိုနေ့၌ ကျွန်ုပ်တို့နှစ်ဦးသည် ဘုရားပေါ်သို့ရောက်ကြသလို ရုပ်ရှင်လည်းကြည့်ဖြစ်ကြ၏။

စားချင်ရာစား၊ သွားချင်ရာသွားနှင့် အလွန်ပျော်ရွှင်လှစွာဖြင့် ကျွန်ုပ်တို့ချစ်သူနှစ်ဦးသည် တစ်နေကုန်လည်ပတ်သွားလာကြလေ၏။

ညနေလမ်းခွဲသည့်အချိန်၌ ခင်ဘုန်းက ကျွန်ုပ်အား မွေးနေ့ အမှတ်တရအဖြစ် လက်သန်းလုံးခန့်အရွယ် သေနတ်ပုံစံမီးခြစ်ငယ်လေး တစ်လုံးကိုဝယ်ပေးပြီး ကျွန်ုပ်ကလည်း မွေးနေ့လက်ဆောင်အဖြစ် နေ့စဉ်သုံးပွင့်တံဆိပ်ပါ အကောင်းစားရေမွှေးတစ်ပုလင်းကိုဝယ်ပေးဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၅၅ ဉက္ကာပင်းသောက်

ဤဇာတ်လမ်း၏အစတွင်ရေးထားခဲ့သည့် ကျွန်ုပ်၏စတုတ္ထအကြိမ်မြောက်ဖြစ်ရပ်သည်ကား ဤညတွင်ဖြစ်ပျက်ခဲ့ခြင်းဖြစ်လေ၏။

အချိန်ကား ည ဆယ့်နှစ်နာရီခန့်ရှိပေပြီ။

ကျွန်ုပ်သည် ခန္ဓာကိုယ်မှ မထွက်ခွာမီအခိုက်အတန့်၌ ဆရာဇော်၏စကားများကို ကြားယောင်နေမိသေးသည်။

နာနာဘာဝတစ်ကောင်ဖြစ်သွားမှာကိုတော့ ကြောက်လှပါသည်။ သို့သော် ဘာကြောင့်မှန်းမသိ။ ကျွန်ုပ်သည်အပြင်သို့ထွက်ချင်နေမိ၏။

နောက်တစ်ခုက ချစ်သူလေး၏မွေးနေ့၌ ကျွန်ုပ်သည် ချစ်သူလေး၏အိမ်သို့ လေဟုန်စီး၍သွားချင်နေမိ၏။

ဒီအချိန်ဆိုလျှင် သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေလောက်ပေပြီ။

ချစ်သူအိပ်စက်ပျော်နေရာသို့ တိတ်တိတ်ကလေးသွားပြီး နာမ်ဝိညာဉ်ဖြင့်ပင် မွေးနေ့လက်ဆောင်အနမ်းလေးတစ်ခုပေးလိုက်ချင်ပါသည်။

ကျွန်ုပ်သည် ချစ်သူအား အဘယ်မျှလောက်အထိချစ်ခင်မြတ်နိုးခဲ့ရသည်ကို ကျွန်ုပ်ကိုယ် ကျွန်ုပ်သာအသိဆုံးဖြစ်ပါသည်။

စိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်၏။

ထို့နောက် ဖွင့်ထားသည့်ပြတင်းတံခါးမှ လေဟုန်စီး၍ ခုန်ထွက်လိုက်လေတော့သည်။

ကောင်းကင်ယံ၌ လတစ်ခြမ်းသည် ချိနဲ့သောအလင်းရောင်လေးနှင့် အမှောင်ကိုခွင်းနိုင်ရန်ကြိုးစားနေ၏။

ခပ်လှမ်းလှမ်းမှ ခွေးအူသံများကိုကြားနေရသည်။

မကြာမီမှာပင် စိန်တုတ်အပိုင်စီးယူထားရာ ဇာဒ်ပင်သို့ရောက်လာပေပြီ။

'ဟော့. . . အရှုးကောင် လာပါဦးကွ'


www.burmeseclassic.com

www.burmeseclassic.com



စိန်တုတ်၏ခေါ်သံကြောင့် ကျွန်ုပ်သည် ဇာဒ်ပင်အောက်သို့ ဝင်လိုက်၏။ စိန်တုတ်သည် ပေါ့ပါးသွက်လက်စွာနှင့် ဇာဒ်ပင်အကိုင်းပေါ်မှ ကျွန်ုပ်အနီးသို့ ခုန်ချလိုက်၏။

ထိုအချိန်နှင့်တစ်ဆက်တည်းလိုပင် သံချောင်းခေါက်သံဆယ့်နှစ်ချက်ကြားလိုက်ရသည်။

'ဟော... အချိန်ရောက်ပြီ'

'ဘာ... အချိန်ရောက်တာလဲဗျ'

ကျွန်ုပ်သည် စိန်တုတ်၏ အဲဆက်အစပ်မဲ့သောစကားကို နားမလည်သောကြောင့် အူကြောင်ကြောင်နှင့်ပြန်မေးလိုက်မိ၏။

'ဒီနေ့ ဆယ့်သုံးရက်လေကွာ...'

'ဟာ... မဟုတ်တာ... ဒီနေ့ ဆယ့်နှစ်ရက်ပါဗျ'

ကျွန်ုပ်သည် ကျွန်ုပ်၏အမှတ်တရနေ့ရက်ဖြစ်သည့်အတွက် ပိုင်ပိုင်နိုင်နိုင်ကြီးငြင်းလိုက်၏။

'မင်း ခုနက သံချောင်းခေါက်သံကြားတယ် မဟုတ်လား...'

'ကြားတယ်'

'ဘယ်နှချက်လဲ'

'ဆယ့်နှစ်ချက်'

'အဲဒါပေါ့ကွ... ညသန်းခေါင်ဆယ့်နှစ်ချက်ကျော်တာနဲ့ ဆယ့်သုံးရက်ရောက်သွားပြီ'

'ရောက်တော့ ဘာဖြစ်လဲ..'

ကျွန်ုပ်သည် စိတ်ချဉ်ချဉ်ရှိသည်နှင့် ဘုပြန်တောလိုက်၏။ စိန်တုတ်ကြီးသည် ကျွန်ုပ်၏မျက်နှာအား အသေအချာစိုက်ကြည့်၏။ သည်တစ်ခါ စိန်တုတ်ကြီးကိုတွေ့ရသည်မှာ ယခင်တစ်ခါနှင့်မတူပါချေ။ အရင်လို တင်းမာခက်ထန်ခြင်းမရှိဘဲ နူးညံ့ပျော့ပျောင်းကာ ထိတ်လန့်တုန်လှုပ်နေသည့်ပုံမျိုးဖြစ်နေ၏။ အတန်ကြာမှပင်...

'ငါလည်း... မင်းလို ဘာမှမသိတဲ့အရူးကောင်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သကွ'

ဟုဆိုလိုက်၏။

'ကွန်တော်က ဘာကိုသိရမှာလဲ. . .'

စိန်တုတ်ကြီး၏မျက်နှာပေါ်တွင် ကောက်ကျစ်သည့်အသွင်သဏ္ဌာန်တို့ပြန်ပေါ်လာ၏။

'ဟော. . . လာပြီ'

ထိုအချိန်၌ အတော်ခပ်လှမ်းလှမ်းမှ ဘတ်စကားဏ္ဌာန်ဖြောင်လကမပေါက်ပသည့် အလုံးကြီးတစ်လုံး တငြိမ့်ငြိမ့်နှင့်လိမ့်လာနေသည်ကိုတွေ့လိုက်ရ၏။

'အဲဒါ ဘာကြီးလဲ'

'ဝိညာဉ်တွေစီးတဲ့ယာဉ်လေကွာ. . . မင်းမြို့ထဲသွားမှာ မဟုတ်လား. . . လိုက်သွားလိုက်'

'ဟာ. . . မလိုက်ချင်ပါဘူးဗျာ. . .'

'ဟေ့ကောင်. . . ဒီနေ့ ဝိညာဉ်တွေပျော်ရွှင်ပွဲလုပ်မယ့်နေ့. . . ငါ့ကို ဖိတ်ထားလို့လာခေါ်တာ. . ဒါပေမဲ့ ငါက သိပ်နေမကောင်းလို့ ငါ့အစား မင်းသွားလိုက်'

'ဝိညာဉ်ကလည်း နေမကောင်းတာရှိလို့လား. . .'

'အာ. . . ရှိတာပေါ့ကွ. . . မလှုပ်ချင်၊ မကိုင်ချင်နဲ့ မအီမသာနုံးချိချိကြီးဖြစ်နေတာ. . . မင်းသွားလိုက်ပါကွာ. . . ငါက စေတနာနဲ့ပြောတာ. . .'

'ဟာ. . . မသွားချင်ပါဘူး'

ဝိညာဉ်ကားကြီးသည် ကျွန်ုပ်တို့ရှေ့၌ရပ်လိုက်ပြီး ကားတံခါးဖွင့်လိုက်ကာ ထောင်ထောင်မောင်းမောင်းဝိညာဉ်ကြီးနှစ်ကောင်ဆင်းလာသည်ကိုတွေ့လိုက်ရ၏။ သူတို့၏ လက်ထဲတွင်လည်းတုတ်ချွန်ကြီးများကိုကိုင်ထားကြသည်။ ထိုအချိန်မှာပင် စိန်တုတ်သည် ကျွန်ုပ်၏နောက်တွင်ရပ်နေရာမှ ရုတ်တရက် ကျွန်ုပ်ကျောကုန်းအားတွန်းလှတ်လိုက်ပြီး ဗာဒံ



www.burmeseclassic.com

www.burmeseclassic.com



ပင် ပင်စည်နောက်သို့ ပြေးဝင်ပုန်းကပ်လိုက်လေ၏။

ကျွန်ုပ်သည် အရှိန်နှင့်လွင့်ထွက်သွားရာ ကားပေါ်မှဆင်းလာသည့် ဝိညာဉ်ကြီးနှစ်ကောင်က အလိုက်သင့်ပင် ကျွန်ုပ်၏လက်မောင်းနှစ်ဖက်နှစ်ချက်အား ဖမ်းချုပ်လိုက်လေ၏။

'ကျွန်တော်မလိုက်ဘူး. . . ကျွန်တော်မလိုက်ဘူး'

'ဟေ့ကောင်. . . အော်မနေစမ်းနဲ့. . . အခု ငါဝိညာဉ်ဘူးကို ထိုးဖောက်ယိုက်ရ'

ကျွန်ုပ်သည် အားရှိသ၍ ရုန်းကန်သော်ငြားလည်း ရုန်းထွက်၍ မရပါ။ ဝိညာဉ်ကြီးတစ်ကောင်က ကျွန်ုပ်အား မှာန်မဲကြိမ်းမောင်းလိုက်သေးသည်။ အခြားဝိညာဉ်တစ်ကောင်ကလည်း. . .

'အမည် စိန်တုတ်. . . အမှတ် ၃၅၁. . . ခရီး အဝီစိ'

ဟုအော်လိုက်လေရာ ကျွန်ုပ်သည် အလွန့်အလွန်ထိတ်လန့်သွားလေတော့၏။ ကျွန်ုပ်သည်ကား အရှင်လတ်လတ်ငရဲသို့ ပို့ဆောင်ခြင်းခံရလေပြီတကား. . .။

'ကျွန်တော် စိန်တုတ်မှဟုတ်ဘူး. . . ခင်ဗျားတို့ လူမှားနေပြီ စိန်တုတ်က ဟိုမှာ. . .'

ကျွန်ုပ်၏သွေးရူးသွေးတန်းအော်သံများကို သူတို့က ဂရုမစိုက်ဘဲ ဒရွတ်တိုက်ဆွဲခေါ်သွားကာ ယာဉ်ကြီးပေါ်သို့တွန်းတင်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်၏ရင်ဘတ်၌ (၃၅၁)ဟုရေးထားသည့်နံပါတ်ကို ချိတ်ဆွဲလိုက်ကြလေသည်။ "ဂျိမ်း" ခနဲ တံခါးပိတ်သံကြီးကြောင့် ကျွန်ုပ်သည် ပြာဝေသွားပြီး မေ့မျောမတတ်ဖြစ်သွားရလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## အဆိုးတကာ့ အဆိုးဆုံး တစ်ဆယ့်သုံး

အတန်ကြာသည့်အခါမှ ကျွန်ုပ်သည် သတိတို့ကိုချုပ်ထိန်းပြီး ဘေးပတ်ဝန်းကျင်သို့ကြည့်လိုက်မိ၏။ ယာဉ်ပေါ်တွင် ဖမ်းဆီးချုပ်နှောင် ခေါ်ဆောင်ခြင်းခံလာရသော ကျွန်ုပ်နှင့် ဘဝတူဝိညာဉ်အကောင် နှစ်ဆယ်ခန့်ပါလာလေ၏။

အချို့ကား ငိုကြွေးလျက်. . .။ အချို့ကတော့ ထိတ်လန့်တုန် လှုပ်လျက်. . .။

ကျွန်ုပ်တို့အား ဖမ်းဆီးလာသည့်·သူများမှာလည်း ဝိညာဉ်များ သာဖြစ်လေ၏။ သို့သော် ထိုသူတို့၏လက်ထဲတွင် တုတ်ချွန်ကြီးများကို ကိုင်ထားကြ၏။ ထိုသူတို့သည် အရာဝတ္ထုတစ်ခုကို ကိုင်တွယ်အသုံးပြုနိုင် သော ပါဝါအစွမ်းရှိသောသူများဖြစ်ကြောင်းကို သတိထားမိလိုက်၏။

'မင်းက အဝီစိသွားမယ့်ကောင်လား. . .'

အနားမှကပ်၍ကြားလိုက်သည့်အသံကြောင့် လှည့်ကြည့်လိုက် ရာ ပိန်ပိန်ကိုင်းကိုင်းအဘိုးကြီးတစ်ယောက်ကိုတွေ့လိုက်ရ၏။

ထိုအဘိုးကြီးကတော့ အခြားဝိညာဉ်များနှင့်မတူ. . .။



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ခြင်းအလျှဉ်းမရှိ။ ပြုံးစိစိနှင့်ပင် . . .။

'ကျွန်တော့်ကို လူမှားပြီးခေါ်လာတာ'

'ဒီလိုပဲ ပြောကြတာပါပဲကွာ'

'ကျွန်တော် တကယ်ပြောတာ'

'ထားလိုက်ပါတော့ကွာ . . . ငါကတော့ ကိုယ်လုပ်တဲ့အပြစ် ဒဏ် ကိုယ်ခံမယ်လို့ဆုံးဖြတ်ထားပြီးသားပဲ . . .'

သူပြောသည့်စကားနှင့် သူ၏ပုံစံက အမှန်အကန်ပြောနေခြင်း ဖြစ်မှန်းသိသာပါ၏။

'အဘကရော . . . အဝီစိပဲလား . . .'

'မဟုတ်ဘူးကွာ . . . ငါက မင်းလောက်အပြစ်မကြီးဘူးထင်တာ ပဲ . . . ခရီး တိရစ္ဆာန်ဘုံဆိုပြီး ခေါ်လာတာပဲ . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . . ခွေးဖြစ်တော့လည်း ဝုတ်ဝုတ် . . . ကြောင်ဖြစ်တော့လည်း ညောင်ညောင် ပေါ့ . . . ပျော်ပျော်ကြီးဖြစ်လိုက်ရတာပေါ့ . . .'

အဘိုးကြီး၏ ခပ်ပျော်ပျော်စကားကြောင့် ကျွန်ုပ်၏စိတ်တို့ အတန်ငယ်တည်ငြိမ်လာသည်ကိုတော့ ဝန်ခံရပေမည်။

ကျွန်ုပ်တို့၏ယာဉ်ကြီးသည် သစ်ပင်ကြီး၊ သစ်ပင်ငယ်များရှိ ဝိညာဉ်ကောင်များအား ရမ်တန့်ဖမ်းဆီးခေါ်ဆောင်ပြီးနောက် ခရီးဆက် လက်ထွက်ခွာပြန်၏။

'အဘ . . . ဒီယာဉ်ကြီးက ဘယ်ကိုသွားမှာလဲ'

'မြို့ပြင် သင်္ချိုင်းနားက တလင်းပြင်ကြီးဆီသွားမှာ . . .'

'အဘရောက်ဖူးလား . . .'

'ရောက်ဖူးတယ် . . . လွန်ခဲ့တဲ့လ ဆယ့်သုံးရက်က ငါလည်း ဒီတော့မှသိဘောတယ် . . . တိရစ္ဆာန်ဖြစ်ဖို့တောင်မှ သိပ်မလွယ်ဘူးကွ ခွဲတမ်းကုန်သွားလို့ တစ်လထပ်စောင့်ရတာ . . . ငါကတော့ ဘာပဲပြော ပြော တစ်ကောင်ကောင်တော့ ဖြစ်လိုက်ချင်ပါပြီကွာ . . .'

'အဘ . . . ဒီခရီးတွေသွားဖို့ ဆယ့်သုံးရက်ကမှ ဘာလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ'

ထိုအချိန်၌ ယာဉ်ကြီးသည် ရပ်သွားပြန်ပြီး ခပ်ဝဝဝိညာဉ်ကောင်ကြီးတစ်ကောင်ကို ခေါ်တင်လိုက်ပြန်၏။

'ဒီငနဲကြီးက လူ့ပြည်မှာတုန်းက ကျိကျိတက်ချမ်းသာတဲ့သူဌေးကြီးပေါ့. . . ဒါပေမဲ့ သဘောကတော့ဆိုးလွန်းလှသကွ. . . နှမျောတွန့်တိုတဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး . . လှူဖို့၊ တန်းဖို့မပြောနဲ့ သူ့ဝမ်းတောင် သူသထာတဲ့လူမဟုတ်ဘူး. . . '

'သူက ဘယ်ကိုသွားရမှာလဲ'

'ပြိတ္တာဘုံကိုပေါ့ကွာ. . . '

လူလောကကြီးသည်ကား တရားကျမရာကောင်းလွန်းလှပေစွ။ စေ့စေ့တွေးကြည့်ပါက သံသရာဆိုသည်မှာ အလွန်ကြောက်စရာကောင်းလွန်းလှပါတကား။ စိတ်ကောင်း၊ စေတနာကောင်း၊ အကျင့်ကောင်းနှင့် အလွန့် အလွန်ကောင်းအောင်နေထိုင်နိုင်ပါမှ တော်ရုံကျပေလိမ့်မည်။

'အဘ. . . ဆယ့်သုံးရက်အကြောင်းပြောဦးလေ. . . '

'ဩော်. . . အေး. . . ဒီလိုကွ. . . ဂြိုဟ်နက္ခတ်တွေဟာ ကမ္ဘာမြေကိုစိုးမိုးနေတဲ့အကြောင်း ပညာရှင်တွေကလွဲလို့ တခြားသူတွေ သိပ်မသိကြဘူးဘွ. . . ဂြိုဟ်တစ်ခုမှာ အဓိပ္ပါယ်တစ်ခုရှိတယ်. . . လူတစ်ယောက်ရဲ့ဂတိကြမ္မာကလည်း ကိန်းဂြိုဟ်တွေရဲ့ ဩဇာပေါ်မှာ အမှီသဟဲပြုနေရတယ်. . . ဒီစကားက ဘီစီငါးရာလောက်ကပေါ်ခဲ့တဲ့ ဂရိပညာရှင်ကြီး "ပိုင်သာဂိုးရပ်စ်"ကပြောခဲ့တာ. . . ခေတ်အဆက်ဆက်ပညာရှင်တွေကလည်းလက်ခံကြတယ်'

'စကားတိုးတိုးပြောကြဟေ့'

တံခါးပေါက်တွင်စောင့်နေသည့် ဝိညာဉ်ကောင်ကြီးက ကိုင်ထားသည့်တုတ်ကြီးအား ဆောင့်၍အော်လိုက်သောကြောင့် အဘိုးကြီးက ကျွန်ုပ်အားလျှာထုတ်ပြရင်း ပခုံးတွန့်လိုက်၏။ ထို့နောက် လေသံတိုးတိုးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



'လပြည့်က စပါယ်ယာတွေထက်ဆိုးသကွ'

ဟုပြောလေ၏။ ထို့နောက် လေသံတိုးတိုးနှင့်ပင်ဆက်၍. . .

'အဲဒီဂဏန်းတွေထဲမှာမှ အတွဲဂဏန်းဖြစ်တဲ့ ဆယ့်သုံးဂဏန်းဟာ အဆိုးဆုံးနဲ့ ကောင်းကျိုးမပေးဆုံးလို့ သတ်မှတ်ထားကြတယ်. . ဆယ့်သုံးဂဏန်းရဲ့အဓိပ္ပါယ်က ဒီလိုကွ. . . အကြံအစည်ပျက်စီးပြောင်းလဲခြင်းနေရာဒေသ ဘဝပြောင်းလဲခြင်းတဲ့. . . ဂဏန်းတစ်ခုမှာ ရုပ်ပုံတစ်ခုလည်းရှိတယ်ကွ. . . ဆယ့်သုံးဂဏန်းရဲ့ရုပ်ပုံသင်္ကေတက လယ်ကွင်းထဲမှာ လူငယ်လူရွယ်တွေရဲ့ဦးခေါင်းကို တံစဉ်နဲ့ရိတ်ဖြတ်နေတဲ့ သေမင်းရဲ့ အရိုးစုပုံကြီးပဲကွ'

ဆယ့်သုံးဂဏန်း၏အကြောင်းကိုကြားရသည်မှာ ကြက်သီးထဖွယ်ပင်ကောင်းလှတော့၏။ ထို့ကြောင့်လည်း အနောက်နိုင်ငံသားတို့က ဆယ့်သုံးဂဏန်းကိုကြောက်ကြခြင်းဖြစ်ပေလိမ့်မည်။ အဘိုးကြီးက ဆက်ပြောပြန်၏။

'လပြည့်မှာတော့ ဆယ့်သုံးဂဏန်းကိုကြောက်ကြပေမယ့် ယမမင်းကြီးကတော့ ကြိုက်တယ်ဖြစ်ပါလိမ့်မယ်. . . ဒါကြောင့် ဝိညာဉ်တွေ ဘဝပြောင်းမယ့်နေ့ကို ဆယ့်သုံးရက်မှာ သတ်မှတ်တာပဲ. . . အခု ငါပြောတဲ့ ဆယ့်သုံးဂဏန်းရဲ့အဓိပ္ပါယ်က အနောက်တိုင်းသားတွေရဲ့ဖွင့်ဆိုချက်ပဲ ဒါပေမဲ့ ဒီနေ့ကတော့ တိုက်ဆိုင်လှသကွ. . . အဆိုးဆုံးတကာ့ အဆိုးဆုံးပဲ. . .'

'ဘာတွေတိုက်ဆိုင်ပြီး ဘာတွေဆိုးတာလဲဗျ'

ကျွန်ုပ်က အဘိုးကြီး၏စကားကို နားမလည်သောကြောင့် ပြန်မေးလိုက်၏။

'ဒီနေ့ မြန်မာဘယ်နှရက်လဲ. . . သိလား. . . '

'မသိဘူး'

'တယ်ခက်တာပဲ. . . ဒီနေ့က လပြည့်ကျော်(၈)ရက် ကြာသပတေးနေ့. . . ရှစ်ရ[illegible]စတဲ့အတွက် ရှစ်ဆိုတဲ့ဂဏန်းနဲ့ ကြာသပတေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နံသင့်ဂဏန်းငါးကိုပေါင်းလိုက်ရင် ဆယ့်သုံးရတယ်. . . အဲဒါ ငါတို့လူမျိုးတွေရှောင်ကြတဲ့ "ဝါရမိတ္တူ" ရက်ယုတ်ရက်ဆိုးပဲကွ. . . .'

အဘိုးကြီး၏စကားဆုံးသည်နှင့် သိပ်မကြာခင်မှာပင် ကျွန်ုပ်တို့စီးလာသည့်ယာဉ်ကြီးသည် ငြိမ့်ခနဲထိုးရပ်သွားလေတော့၏။

'အားလုံး စည်းကမ်းတကျဆင်းကြဟေ့. . . တလင်းပြင်တဝိုက်ငရဲမီးစည်းတားထားတဲ့အတွက် ထွက်ပြေးလို့လုံးဝမလွယ်ဘူးဆိုတာကိုတော့ သဘောပေါက်ထားကြ'

တံခါးပေါက်ရှိ ဝိညာဉ်ကောင်ကြီး၏အမိန့်ပေးသံအဆုံး၌ကျွန်ုပ်တို့ဝိညာဉ်များအားလုံးသည် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် တလင်းပြင်ကြီးအတွင်းသို့ ဆင်းသက်လိုက်ကြလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ယမမင်း၏တလင်းပြင်

'မင်းနာမည်က စိန်တုတ်မဟုတ်ဘူးလား. . .'

'မဟုတ်ပါဘူး အဘာရယ်. . , ကျွန်တော့်နာမည်က စိုးရာပါ. . စိန်တုတ်ဆိုတဲ့ကောင်ကြီးက' သူ့အစား ကျွန်တော့်ကို အစားထိုးလိုက်တာပါ. . .'

အဘိုးကြီး၏တီးတိုးအမေးအား ကျွန်ုပ်သည်ဝမ်းနည်းပက်လက်နှင့်ပြန်ဖြေလိုက်မိ၏။

'စိန်တုတ်ပဲဖြစ်ဖြစ်၊ စိုးရာပဲဖြစ်ဖြစ်ပေါ့ကွာ. . . မင်းနဲ့ငါကသွားမယ့်ခရီးမတူပေမဲ့ သံသရာမှာပြန်ဆုံချင် ဆုံကြဦးမှာပါ. . . ငါ့နာမည်က စီပုတဲ့ကွ. . . လူ့ပြည်မှာစုန်းကတော့ ဆရာကြီးပေါ့ကွာ. . . အား. . .'

နောက်ဆုံး"အား"မှာ အနားသို့စောင့်ကြပ်လိုက်ပါလာသည့် ဝိညာဉ်ကောင်ကြီးက စကားများလွန်းသည့်အဘိုးကြီး၏တင်ပါးအား တုတ်ချွန်နှင့်ထိုးလိုက်သည့်အတွက်ကြောင့် ထွက်သွားရသည့်အသံဖြစ်လေ၏။

ကျွန်ုပ်တို့လည်း စကားစကိုရပ်လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပြင်တစ်လျှောက်၌ ဝိညာဉ်များနှင့်ပြည့်နှက်နေ၏။ ထိုမျှ များပြားလှသည့်ဝိညာဉ်များရှိကြောင်းကို ကျွန်ုပ်သည် တစ်ခါဘူးမှ မတွေ့ခဲ့ဖူးပါ။ ကျွန်ုပ်သည် ထိုဝိညာဉ်များကြား၌ ကိုတိက္ခကြီး၏ဝိညာဉ်များ ပါနေမလားဟု လိုက်ကြည့်နေမိသေး၏။ သို့သော် မတွေ့ရပါ။

ဝိညာဉ်များသည် ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးနှင့်ဖြစ်၏။ အချို့သူများသည် အလွန်လင်းလက်၍ အချို့သည်ကား အတန်ငယ်လင်းလက်၏။ သို့သော် ခပ်မှိန်မှိန်ဖြစ်နေသည့်ဝိညာဉ်များက ပိုမိုများပြားလေသည်။ တချို့သောဝိညာဉ်များမှာတော့ စီန်တုတ်ကဲ့သို့ အပေါက်များ၊ အကျိုးအပဲ့များနှင့်ဖြစ်လေ၏။ ဝိညာဉ်များမှာ ယောကျာ်း မိန်းမ အရွယ်သုံးပါးစုံလင်လှချေ၏။

'ဝိညာဉ်တွေက အရောင်မတူကြဘူးနော်'

ကျွန်ုပ်က တီးတိုးပြောလိုက်ရာ ဦးစီပုကြီးက မျက်လုံးတစ်ချက် စေ့ကြည့်လိုက်ပြီး. . .

'ဘယ်တူမလဲကွ. . . လင်းလက်နေတဲ့ဝိညာဉ်တွေဟာ"ကာမသုဂတိ"ခုနစ်ဘုံကိုရောက်မယ့်သူတွေ. . . လူပြည်နဲ့ နတ်ပြည်ခြောက်ထပ်ပေါ့ကွာ. . . သူတို့ကို ပန်းရထားတွေနဲ့လာခေါ်ကြမယ်. . .'

'ဟုတ်လား. . . သူတို့ကိုရော ကျွန်တော်တို့လိုပဲ ဖမ်းလာတာလား. . .'

'ဘယ်ဟုတ်ပါ့မလဲကွ. . . သူတို့ကိုကျတော့ အသေအချာပင့်ဖိတ်လာခဲ့ရတာကွ. . . အကျင့်သီလအင်မတန်ကောင်းတဲ့သူတွေမှသာ ဒီဘုံခုနစ်ဆင့်အမြင့်ကိုရောက်ကြတာ. . .'

ထိုအခိုက်မှာပင် ရတနာမျိုးစုံစီခြယ်ထား၍ တောက်ပပြိုးပြက်သည့် အလင်းရောင်များဖြာထွက်နေသည့် ပန်းရထားကြီးများ ဆိုက်ရောက်လာလေ၏။ လင်းလက်နေသည့်ဝိညာဉ်များအား သူတို့ကဲ့သို့ပင် လင်းလက်နေသည့် ဝတ်ရုံဖြူကြီးခြုံလွှမ်းထားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးကဦးဆောင်၍ ပန်းရထားများပေါ်သို့တင်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ယမမင်းပဲ. . . သူက ယမမင်းကြီးတော့မဟုတ်ဘူး. . . ယမမင်းကြီးက ငရဲကြီးရှစ်ထပ်ရဲ့အဝင်ဝ နန်းတော်ကြီးမှာနေတာတဲ့. . .'

'ယမမင်းက တစ်ယောက်တည်းမဟုတ်လား. . .'

'မဟုတ်ဘူး. . . အများကြီးပဲ. . . ငါတို့ လူ့ပြည်က တရားသူကြီးတွေလိုပေါ့ကွာ. . . မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့် အမျိုးမျိုးရှိတယ်. . . တရားသူကြီးချုပ်ကတော့ တစ်ယောက်တည်းပေါ့ကွာ. .'

'အဘက ဘယ်လိုသိတာလဲ'

'သိဆို ပြီးခဲ့တဲ့လ ဆယ့်သုံးရက်က ငါဒီကိုရောက်သေးတယ်လေ တိရစ္ဆာန်ခွဲတမ်းမရလို့ ပြန်ရတယ်လို့ မင်းကိုငါပြောခဲ့တယ်မဟုတ်လား. . အဲဒီမှာ သူ့လက်အောက်ငယ်သားတွေနဲ့သူနဲ့ စကားပြောတာကြားလို့ သိတာပေါ့. . . သူ့ကို ငယ်သားတွေက ယမမင်းလို့ခေါ်ကြတယ်. . . တချို့ကိစ္စတွေမှာတော့ သူက "ဒါ ငါ့အမိန့် မဟုတ်ဘူး . . . ငါတို့ယမမင်းတွေအားလုံး ယမမင်းကြီးရဲ့အမိန့်အတိုင်း လုပ်ရတာ" လို့ပြန်ပြောသံ ကြားခဲ့ရလို့ကွ. . .'

ထိုအချိန်မှာပင် အမြင့်တုံ့ခုနစ်ဆင့်သို့သွားမည့် ပန်းရထားကြီးများသည် ကောင်းကင်ယံထက်သို့ တငြိမ့်ငြိမ့်နှင့်မောင်းနှင်ထွက်ခွာသွားသည်ကို တွေ့လိုက်ကြရ၏။

'အင်း. . . ကောင်းမှုကုသိုလ်လုပ်ခဲ့တဲ့သူတွေကတော့ ကောင်းတဲ့ဘုံအဆင့်ဆင့်မှာ သုခချမ်းသာကိုပျော်ပျော်ကြီးခံစားကြရပေမပေါ့ကွာ ဒီအကြောင်းတွေကို မသေခင်ကတည်းက သိတော့သိခဲ့ပါရဲ့ကွာ. . .'

'ဒါတွေကိုသိရက်နဲ့ ဘာဖြစ်လို့အဘက ကောင်းကောင်းမနေတာလဲ. . .'

'မင်းကလည်း အသိသားနဲ့. . . လူဆိုတဲ့သတ္တဝါက ကောင်းမှုကုသိုလ်လုပ်ရမှာထက် မကောင်းမှုအကုသိုလ်တရားတွေမှာ ပိုပြီးမွေ့မျော်ပျော်ဝင်လွယ်တဲ့သတ္တဝါတွေပဲကွ. . . လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စရိုက်ဆိုးတွေကို ဖယ်ဖို့ခက်လှပါတယ်ကွာ. . .'



www.burmeseclassic.com

www.burmeseclassic.com

## ဦးစီးဆောင်ရွက် ကျမ်းအပြင်ပေါ် (? illegible heading)

အဘိုးကြီးစီပုက သံဝေဂရသံနှင့် တီးတိုးငြီးတွားလေ၏။

'အဘ. . . မသေခင်မှာ ဘုရား၊ တရားမလုပ်ခဲ့ဖူးလား . . .'

'ဟားဟား. . လုပ်တာပေါ့ကွာ. . . ဒါပေမဲ့ လုပ်ကတည်းက ရည်ရွယ်ချက်မမှန်ဘူး. . . လူအထင်ကြီးအောင်လုပ်တာ. . . ပါးစပ်က ဘုရား ဘုရားဆိုပေမယ့် တကယ့်အတွင်းစိတ်ထဲက ကားယားကားယား ကြီးဖြစ်နေတာကိုတော့ ကိုယ့်ဟာကိုယ်အသိဆုံးပေါ့ကွာ. . .'

ထိုအချိန်မှာပင် အနက်ရောင်ရထားရှည်ကြီးနှစ်စီး ဆိုက်ရောက်လာ၏။ ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံသို့သွားမည့်ရထားများဟု အဘိုးကြီးစီပုက တီးတိုးပြော၏။ ထိုရထားများပေါ်သို့မူ လိုက်ပါမည့်ဝိညာဉ်များအား ဝိညာဉ်ထိန်းများက ကျွဲ၊ နွားမောင်းသလို ကန်ကျောက်ရိုက်နှက်တွန်းထိုး၍တင်ကြ၏။

ငြင်းဆန်သည့်သူများအား ဝိညာဉ်ထိန်းများက ဆူးချွန်များနှင့်တို့၍ တစ်နည်း၊ တုတ်ချောင်းများနှင့်ရိုက်၍တစ်သွယ် မောင်းနှင်၍တင်သောကြောင့် အော်ဟစ်ငိုယိုသံများနှင့် ဆူညံနေလေတော့၏။ မကြာမီမှာပင် ထိုရထားကြီးများလည်း ထွက်ခွာသွားကြသည်။

သည်တစ်ခါမှာတော့ ဦးစီပုကြီးတို့၏ အလှည့်ပင်တည်း။ တိရစ္ဆာန်ဖြစ်မည့်ဝိညာဉ်များသည် လူပ်လှုပ်ရွရွ၊ ရင်တမမနှင့်စောင့်နေကြ၏။

ဝိညာဉ်ထိန်းကြီးတစ်ဦးက စာရွက်ရှည်ကြီးတစ်ရွက်ကိုကိုင်၍ အမည်နံပါတ်နှင့် ဖြစ်ရမည့်တိရစ္ဆာန်ဘဝကို အသံအောင်အောင်နှင့် အော်ပေး၏။

ဝက်၊ ခွေး၊ ကြွက်၊ နွား၊ ဆိတ်၊ကြောင်၊ ဆင် စသည်ဖြင့် အမျိုးအမည်စုံလင်လှပေ၏။

ဦးစီပုကြီးသည်ကား မြင်းဟု၍တမ်းချခြင်းခံရလေ၏။

'လူ့ပြည်မှာတုန်းက ပညာမာနနဲ့ သူတစ်ပါးအပေါ်မတရားစေခိုင်းခဲ့သမျှ အခုကျတော့ သူများခိုင်းတာပြန်ခံရတော့မပေါ့ကွာ. . .



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတော့ကျပါတယ်. . . ကဲ စိန်တုတ် အဲလေ. . . စိုးရာရေ. . . မြင်းဖြစ်တော့လည်း တဟီးဟီးပေါ့. ... လစ်ပြီဟော့. . .

အဘိုးကြီးစီပုက အော်ဟစ်နှုတ်ဆက်ရင်း ဝိညာဉ်ထိန်းများ၏ အချိန်နှင့် တို့ခေါ် ရာသို့ အခြားတိရစ္ဆာန်ဝိညာဉ်ကောင်များနှင့်အတူ လိုက်ပါသွားလေတော့သတည်း။

တလင်းပြင်ထက်၌ ကျွန်ုပ်တို့ငရဲကြီးရှစ်ထပ်သို့သွားရမည့် ဝိညာဉ်ကောင်များသာ ကျန်ပေတော့သည်တကား။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ငရဲကြီးရှစ်ထပ်သို့

ငရဲသားများကို တင်ဆောင်သွားသည့် ရထားကြီးသည် မှောင်မိုက်တိတ်ဆိတ်သည့် မြေအောက်ဥမင်လိုဏ်ခေါင်းသဏ္ဍာန်လမ်းကြီးမှ အလွန်လျင်မြန်သည့်အဟုန်ဖြင့် မောင်းနှင်သွားလေ၏။

နက်မှောင်သည့်ရထားကြီးပေါ်၌ ငရဲသားတချို့၏ငိုကြွေးသံများမှလွဲ၍ မည်သည့်အသံကိုမှမကြားရချေ။

မှောင်မည်းနေရာမှ အလင်းရောင်များ ဖျတ်ခနဲလင်းလာသည့် အချိန်၌ ရထားကြီးသည် ထိုးဆိုက်လိုက်လေ၏။

ကျွန်ုပ်တို့အားလုံးမှာ ရထားပေါ်မှဆင်းကြရလေသည်။

ထိုအခါ အလွန်ကြီးမားခန့်ထည်၍ အဖြူရောင်စကျင်ကျောက်များနှင့် ဆောက်လုပ်ထားသည့် နန်းတော်ကြီးသဏ္ဍာန်အဆောက်အဦကြီးတစ်ခုကိုတွေ့လိုက်ကြရလေသည်။

ထိုမျှလောက်ကြီးမားခန့်ထည်သည့် အဆောက်အဦကြီးမျိုးကို ကျွန်ုပ်သည် တစ်ခါဘူးမျှမတွေ့မမြင်ဖူးပါချေ။

ဝိညာဉ်ထိန်းများသည် ကျွန်ုပ်တို့အား တွန်းထိုးမောင်းနှင်၍ နန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးထဲသို့ခေါ်လာ၏။

နန်းတော်အဝ၌ ဦးချိုနှစ်ချောင်းပေါက်နေသည့်လူကြီးများကို တွေ့ကြရ၏။ ထိုသူများသည်ကား ငရဲထိန်းများပင်တည်း။

လက်ထဲတွင်လည်း ကြီးမားသည့်တင်းပုတ်ကြီးများ၊ ထက်မြသည့် ဓားလှံလက်နက်များကို ကိုင်ဆောင်ထားကြ၏။

ဝိညာဉ်ထိန်းများက ငရဲထိန်းများလက်သို့ ကျွန်ုပ်တို့အား စာရင်းနှင့်တကွအပ်လေ၏။ ယခုအချိန်အထိတော့ ငရဲထိန်းများသည် ကျွန်ုပ်တို့အား နှိပ်စက်ညှင်းဆဲခြင်းများ မပြုလုပ်ကြသေးပါ။

အမှန်တော့ ယမမင်းကြီး၏အမိန့်ကို စောင့်ဆိုင်းနေကြခြင်းဖြစ်လေ၏။ ကျွန်ုပ်တို့ဝိညာဉ်များအား တန်းစီ၍မတ်တပ်ရပ်ခိုင်းထားလေ၏။ ကျွန်ုပ်သည် နန်းတော်ကြီးပတ်လည်အား ကြည့်ရှုလိုက်သည့်အခါ သွေးဖျက်မတတ် အသက်ဝင်လှသော ငရဲသားများအ... နည်းမျိုးစုံနှင့်ညှင်းပန်းသတ်ဖြတ်နေသည့် ပန်းချီကားကြီးများကို တွေ့လိုက်ရလေ၏။

ထိုမျှလောက်ရက်စက်စွာ သတ်ဖြတ်နည်းများကို ကျွန်ုပ်သည် စဉ်းပင်မစဉ်းစားဖူးပါချေ။ အကြောက်တရားများက တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာစေလေ၏။ ဝိညာဉ်တချို့၏ငိုသံများကိုကြားကြရပြန်သည်။

ပန်းချီကားကြီးများသည် တစ်ချပ်လျှင် ဆယ်ပေပတ်လည်ခန့် အကျယ်အဝန်းရှိ၍ တစ်ချပ်စီတွင် အမည်များရေးထိုးထားလေ၏။

သဉ္ဇိုင်း၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိငရဲကြီးရှစ်ထပ်၏သရုပ်ဖော်ပုံများပင်တည်း။

အမှတ်တစ်ပန်းချီကားကြီးသည် သဉ္ဇိုင်းဟုအမည်ရလေ၏။ အောက်ခြေ၌ တရားပြည့်ဝသည့်သူတော်ကောင်းသူတော်မြတ်တို့အား စော်ကားသူတို့ကျခံရာ ငရဲဟုရေးထားလေ၏။ ငရဲထိန်းတို့က ဓားလှံလက်နက်များနှင့် ငရဲသားတို့၏ဦးခေါင်းခြေလက်များကို ဖြတ်တောက်၍ အံရိုးအသားများကြေမွအောင် တင်းပုတ်ကြီးများနှင့် ထုထောင်းနေပုံဖြစ်လေ၏။ သားသတ်ရုံကြီးနှင့် တူလွန်းလှချေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်နှစ်ပန်းချီကားမှာ ကာလသုတ်ဟုအမည်ရလေ၏။ သူတော်စင်များ၊ အမိအဖတို့အား ကိုယ်ထိလက်ရောက်ညှင်းဆဲသူများကျခံရာငရဲဟု ရေးထားလေသည်။

ငရဲထိန်းတို့က ငရဲသားများအား လွှစက်ကြီးများ၊ ပေါက်ဆိန်ဓါးခွပ်များဖြင့် ခွဲစိပ်ဖြတ်တောက်နေသည့်ပုံကို ရေးဆွဲထားလေ၏။

အမှတ်သုံးမှာ သံဃာတငရဲပင်တည်း။ သူ့အသက်သတ်ဖြတ်သူများကျခံရာဟု ရေးထားလေ၏။ ငရဲသားများကို မြေ၌ ခါးတစ်ဝက်ခန့်နှစ်မြုပ်ထားပြီး ငရဲထိန်းများက သံတလိမ့်တုံးကြီးများနှင့် ကြိတ်ချေသတ်ဖြတ်နေပုံရေးထားလေ၏။

မကောင်းမှု၊ အကုသိုလ်၊ ဒုစရိုက်ကလုပ်များကို ကိုယ်ရောစိတ်ပါပျော်ပျော်ကြီးလုပ်ခဲ့သည့်သူများကျခံရာသည်ကား အမှတ်လေးရုပ်ငရဲပင်တည်း။ အဆိပ်ခိုး၊ အဆိပ်ငွေ့များနှင့် မည်းနက်လောင်ကျွမ်းသွားအောင် သတ်ဖြတ်ခံနေရသည့်ငရဲသားများ၏ မချိမဆန့်ဝေဒနာခံစားနေရသည့် ပုံများအားရေးဆွဲထား၏။

ငရဲသားများအား ငယ်ထိပ်မှသံကျင်လျှို၍ မီးလောင်တိုက်သွင်းပြီးသတ်ဖြတ်နေသည့်ပုံ ရေးဆွဲထားသည့် ပန်းချီကားသည်ကား သီလသမာဓိပညာနှင့်ပြည့်စုံသည့် သူတော်စင်ရဟန်းသံဃာများအား ပြစ်မှားစော်ကားသူများကျခံရာ မဟာရောရုဝငရဲကြီး၏ပုံပင်တည်း။

လင်ယောကျ်ားအား မထီမဲ့မြင်ဆဲဆိုရန်လုပ်၍ အနိုင်ယူစော်ကားသူ မိန်းမများကျခံရာငရဲသည်ကား အမှတ်ခြောက် တာပနငရဲပင်တည်း။ ထိုမိန်းမများအား ဦးခေါင်းမှ ဒွာရာအထိ သံချွန်ကြီးများနှင့် သိထား၍ လက်ဝါးကပ်တိုင်၌ သံချောင်းကြီးများနှင့် ရိုက်နှက်ချိတ်ဆွဲထားပြီး ငရဲထိန်းများက သံပူပြားကြီးများ နေရာမလပ်ကပ်နေသည့်ပုံကို ရေးဆွဲထားလေ၏။

အမှတ်ခုနစ် မဟာတာပနငရဲသည်ကား ကာမေသုမိစ္ဆာစာရယုတ်မာသောအကျင့်ကိုကျင့်ကြသည့် အိမ်ထောင်ရေးဖောက်ပြန်သူများ



www.burmeseclassic.com

www.burmeseclassic.com



ကျခံရာ ငရဲပင်တည်း။ အလျှံညီးညီးပူလောင်ပြင်းပြလှသည့် သံမြေပြင်ပေါ်၌ သံတံကျင်များ၊ သံဆူးများ၊ သံကောက်များနှင့်ပြည့်နှက်နေ၏။ ထိုအချွန်အတက်များကြားသို့ ငရဲထိန်းများက ငရဲသားများအား လက်နက်မျိုးစုံနှင့် ရိုက်ပုတ်သွင်းမောင်းလေရာ သံဆူး၊ သံကောက်များက မျက်လုံးများ၊ ပါးစပ်များနှင့်ခန္ဓာကိုယ်အနှံ့အပြားသို့ စူးဝင်နေပုံကို သရုပ်ဖော်ထားလေ၏။

နောက်ဆုံးပန်းချီကားကြီးသည်ကား မဟာအဝီစိပန်းချီကားကြီးဝင်တည်း။ အမိ၊ အဘ၊ ရဟန္တာတို့ကိုသတ်သူ ဘုရားအား သွေးစိမ်းတည်အောင်လုပ်သူ သံဃာများအား ကွဲပြားအောင်သင်းခွဲသူ ဟူသည့် ပဉ္စာနန္တရိယကံကြီးထိုက်သူတို့ကျခံသည့် အကြီးဆုံးငရဲကြီးပင်တည်း။

ငရဲသားများအား ပြည့်သိပ်အောင်ထုနှက်ထောင်းထည့်ထား၍ ငရဲမီးလျှံများနှင့် လောင်တိုက်သွင်းရာငရဲကြီးဖြစ်လေ၏။

ယမမင်းကြီးအား စောင့်ဆိုင်းနေစဉ်ကာလအတွင်း ဤငရဲကျခံနေရသည့်ပုံများအား အမြည်းသဘောမြည်းစမ်းနိုင်စေရန်အတွက် သရုပ်ဖော်ရေးဆွဲထားသည့်ပုံများကိုကြည့်ပြီး ကျွန်ုပ်သည်ကြီးစွာထိတ်လန့်မိနေလေ၏။

ထိုပန်းချီကားကြီးများသည် ကျွန်ုပ်တို့၏အရှေ့တည့်တည့်အပေါ်ဘက်တွင်ရှိနေပြီး အောက်ခြေ၌ ရွှေအိုရောင်ကတ္တီပါခန်းဆီးကာရံထားသည့်အခန်းတစ်ခုရှိလေ၏။

ကျွန်ုပ်တို့၏လက်ယာဘက်တွင်မူ ကြီးမားသည့် သံတံခါးပေါက်ကြီးတစ်ခုရှိလေ၏။ သံတိုင်ကြီးများအား အပြင်ဘက်မှကာရံထားပြီး အတွင်းဘက်၌ အလုံပိတ်သံပြားတံခါးကြီးတစ်ချပ်ကိုထပ်၍ ပိတ်ခတ်ထားလေသည်။ ထိုအထဲ၌ ဘာတွေရှိသည်ကို ကျွန်ုပ်တို့မမြင်ရပါ။

ထိုခနမှာပင် ရွှေအိုရောင်ကတ္တီပါခန်းဆီးကိုဖွင့်၍ လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ငရဲဝန်းကြီးတစ်ဦးထံမှ. . .

www.burmeseclassic.com



'ယမမင်းကြီး ကြွချီလာပြီ'
ဟူသည့် အသံကိုလည်း ကြားလိုက်ရလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ယမမင်းနှင့်တွေ့ဆုံခြင်း

ယမမင်းသည် အစွယ်ပြူးပြူး၊ ဦးချိုကားကားနှင့် ကြမ်းတမ်းခက်ထန်သည့် ရုပ်ဆင်းအင်္ဂါမျိုးရှိသည်ဟု ကျွန်ုပ်တို့ နားစွန်နားဖျားကြားသိခဲ့သည့်အသိမှာ ပါစင်အောင်မှားယွင်းနေကြောင်း ယမမင်းကြီးနှင့် နဖူးတွေ့ ဒူးတွေ့တွေ့နေရသည့်အခါမှ အတိအကျသိရလေ၏။

အမှန်တကယ်ယမမင်းကြီးသည်ကား တည်ငြိမ်အေးချမ်းသည့်အပြုံးများနှင့် ကြည်လင်ဝင်းပသည့်ခန္ဓာကိုယ်ကို ပိုင်ဆိုင်သူလူကြီးလူကောင်းပုံသဏ္ဌာန်အပြည့်အဝရှိသူတစ်ဦးသာဖြစ်လေသည်။ သူ၏မျက်နှာပြင်ပေါ်၌ စိတ်ကောင်းစေတနာကောင်းရှိသူတို့၏သွင်ပြင်မှာအထင်းသားထင်ရှားပေါ်လွင်နေလေ၏။

ယမမင်းကြီးသည် ကျွန်ုပ်တို့ငရဲသားများအားလုံးကိုဝေ့ဝဲ၍ကြည့်လိုက်သည်။ ထို့နောက် သူ၏မျက်လုံးများသည် ကျွန်ုပ်ထံသို့ရောက်လာပြီး အတန်ကြာစူးစိုက်ကြည့်လေ၏။

သူ၏အကြည့်များမှာ ရင်ထဲအသည်းထဲအထိ ထွင်းဖောက်ဝင်သွားမတတ်စူးစိုက်လွန်းရကား ကျွန်ုပ်မှာတဆတ်ဆတ်တုန်သည်အထိ

www.burmeseclassic.com



ခံစားရလေ၏။

ယမမင်းကြီးသည် သူ၏ညာဘက်လက်ဖဝါးအားမြှောက်လိုက်လေရာ လက်ဖဝါးထဲမှာ ပြိုးပြက်လင်းလက်သည့်ရောင်ခြည်တန်းများဖြစ်ပေါ်လာပြီး ထိုရောင်ခြည်တို့သည် ကျွန်ုပ်တို့ငရဲသားဝိညာဉ်များပေါ်သို့ ကျရောက်လာပြီးနောက် ငရဲသားတို့မှာ မူလခန္ဓာကိုယ်များကို ပြန်ရကြလေ၏။

ထိုအခါ၌ ကျွန်ုပ်တစ်ဦးတည်းသည်သာ ဝိညာဉ်အဖြစ်နှင့် ကျန်ရစ်ခဲ့သည်ကို ထူးဆန်းစွာတွေ့ရှိရလေတော့သည်။

'ဝိညာဉ်ထိန်းတွေကိုခေါ်လိုက်ကြစမ်း. . .'

ယမမင်းကြီးအမိန့်ကြောင့် ငရဲထိန်းတချို့သည် ထွက်သွားပြီးနောက် ဝိညာဉ်ထိန်းများကို ခေါ်ဆောင်လာကြလေ၏။ ဝိညာဉ်ထိန်းများက ယမမင်းကြီး၏ရှေ့တွင် အရိုအသေပေးရင်းရပ်လိုက် ကြလေသည်။

'မင်းတို့ ကံမကုန်သေးတဲ့ ဟောဟိုသူငယ်ကို ဘာ့ကြောင့်မှား ယွင်းခေါ်လာခဲ့ကြတာလဲ'

ယမမင်းကြီးက ကျွန်ုပ်အားညွှန်ပြပြီးပြောဆိုလေရာ ဝိညာဉ်ထိန်းများက လှည့်ကြည့်ကြလေ၏။

ကျွန်ုပ်အား ဖမ်းဆီးခေါ်ဆောင်လာသည့် ဝိညာဉ်ထိန်းနှစ်ယောက်က ဦးညွှတ်ပြီး တုန်ရီသည့်အသံနှင့်. . .

'ကျွန်တော်တို့ခေါ်လာတာပါ ယမမင်းကြီး'

ဟုပြန်လည်၍ဖြေလေ၏။

'ဆန္ဒနဲ့နန္ဒ မင်းတို့တယ်ပေါ့လျော့ကြပါလား. . . မဖြစ်သင့်မဖြစ်ထိုက်တဲ့အမှုပဲ. . . တကယ်လို့သာ မှားယွင်းအပြစ်ပေးမိရင် မင်းတို့ဘယ်လောက်အထိအပြစ်ကြီးကြမလဲဆိုတာ နားလည်ကြရဲ့လား. . . ကဲပြောစမ်းပါဦး. . . ဒီသူငယ်ကို ဘယ်လိုကြောင့် မှားယွင်းခေါ်လာခဲ့ရသလဲဆိုတာ. . .'

ငရဲထိန်းများက ကျွန်ုပ်အားအကျဉ်းသားစိန်ဘုတ်၏ ဇာဒ်ပင်



www.burmeseclassic.com

www.burmeseclassic.com



၌တွေ့ရှိသောကြောင့် လူများပြီးခေါ်လာခဲ့ခြင်းဖြစ်ကြောင်းရှင်းပြကြလေသည်။ ယမမင်းကြီးက ခေါင်းခါယမ်းလိုက်ပြီး ကျွန်ုပ်အား အရှေ့သို့လာရန်လက်ပြ၍ခေါ်လိုက်လေ၏။

ကျွန်ုပ်သည်လည်း တုန်တုန်ရီရီနှင့်ပင် ယမမင်းကြီး၏ရှေ့မှောက်သို့ရောက်သွားလေ၏။

'မင်း နာမည်ဘယ်သူလဲ'

'စိုးရာပါ'

'မင်း ဘယ်လိုဖြစ်ပြီး ဝိညာဉ်တစ်ကောင်ရဲ့ဘဝကိုရောက်နေတာလဲ. . .'

ကျွန်ုပ်လည်း ဖြစ်ပျက်ခဲ့သမျှအကြောင်းတို့ကို ရှင်းပြလေရာ ယမမင်းကြီးက ဦးခေါင်းတညိတ်ညိတ်နှင့်နားထောင်လေ၏။

'မင်းဟာ ကြုံတောင့်ကြုံခဲ အင်မတန်ထူးဆန်းလွန်းစွာနဲ့ ငရဲပြည်ကိုရောက်လာခဲ့တယ်. . . မင်းကိုငါတို့ပြန်ပို့ပေးမယ်. . . ဒါပေမဲ့ အကုသိုလ်၊ ဒုစရိုက်သမား ငရဲသားတို့ရဲ့ ငရဲခံရပုံကိုမင်းကြည့်သွားပါ။ လူ့ပြည်ကိုပြန်ရောက်ရင်လည်း ဒီလိုအကျင့်စရိုက်ဆိုး ဒီလိုယုတ်ညံ့တဲ့အလုပ်ကိုလုပ်ရင် ငရဲမှာ ဒီလိုမျိုးခံရတတ်တယ်ဆိုတဲ့အကြောင်း အသိပညာပေးပါ'

ကျွန်ုပ်သည် ယမမင်းကြီး၏စကားကြောင့် အလွန့်အလွန်ဝမ်းသာသွားမိ၏။ ကျွန်ုပ် အိမ်ပြန်ရတော့မည်။ အမှန်တကယ်တွင်လည်း ငရဲပြည်၌ တစ်စက္ကန့်လေးမျှပင် မနေချင်ပါ။

ယမမင်းကြီးသည် ကျွန်ုပ်အား အနီးတွင်ခေါ်ထားပြီးနောက် သူ၏ပုရပိုဒ်ကြီးကိုကြည့်ပြီး ငရဲသားများကိုခွဲထုတ်လိုက်၏။

အလွန်အပြစ်ကြီးသူများကို ယမမင်းကြီးသည် အချိန်ကုန်ခံ၍ စစ်ဆေးမေးမြန်းခြင်းမပြုပါ။

ထိုက်တန်သည့်ငရဲခန်းများသို့ တစ်ခါတည်းပို့ဆောင်စေ၏။ ယမမင်းကြီး၏အမိန့်ရသည်နှင့် ငရဲထိန်းများသည် တုတ်၊ ဓား၊ တင်းပုတ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ရိုက်နှက်ခုတ်ထစ်ပြီးနောက် ငရဲသားများအား ငရဲအဝင်တံခါးမကြီးသို့ ခေါ်ဆောင်သွားလေ၏။

ငရဲသားများ၏ နာကျင်မှုဝေဒနာ ခံစားနေရသည့်အသံကြီးများက စူးဝါးစွာပေါ် ထွက်လာလေတော့၏။

ကျွန်ုပ်ယခင်တွေ့ခဲ့သော နှစ်ထပ်သံတံခါးကြီးမှာကား ငရဲကြီးရှစ်ထပ်သို့ စတင်ဝင်ရောက်ရာ တံခါးမကြီးပင်တည်း။

ထိုတံခါးမကြီးအား ငရဲထိန်းများက ဖွင့်လှစ်လိုက်သည့်အခါ၌ ကြောက်မက်ဖွယ် မာန်ဖီ၍ဆာလောင်မွတ်သိပ်နေသော ကျွဲပေါက်ကြီးများသဖွယ်အရွယ်ပမာဏရှိ ငရဲခွေးကြီးများကိုတွေ့လိုက်ရလေ၏။

ကယ်ဝါ ယူပါတစာစာအသံများနှင့် ငရဲသားများသည် ငရဲထိန်းများ၏ တွန်းထိုးရိုက်နှက်ခြင်းများကြောင့် ငရဲခန်းအပွင်းသို့ရောက်ကုန်ကြ၏။

ထိုအခါ ဆာလောင်မွတ်သိပ်နေသည့် ငရဲခွေးကြီးများက သူတို့အား အရိုးအသား စိစိညက်ညက်ကြေအောင် ကိုက်ခဲစားသောက်ကြလေတော့သတည်း။

'အခုလို မြန်မြန်သေတော့လည်း အေးတာပါပဲလေ'

ကျွန်ုပ်၏နံဘေးမှ ကျန်ရှိနေသည့် ငရဲသားအဘိုးကြီးတစ်ယောက်က တီးတိုးပြောဆိုလေ၏။ ထိုစကားကို ယမမင်းမှကြားသွားရာ. . .

'ငရဲပြည်မှာ သေခြင်းတရားဆိုတာမရှိဘူး. . . ငရဲသားတစ်ယောက်ဟာ ဘယ်တော့မှမသေနိုင်ဘူး. . . အခု အစအနပျောက်သွားပေမယ့် မကြာခင် ရုပ်ခန္ဓာကိုပြန်ရပြီး မခံမရပ်နိုင်တဲ့ နာကျင်ခြင်းဝေဒနာအမျိုးမျိုး တစ်ရံမလပ်ခံစားရအောင် နည်းမျိုးစုံနဲ့ညှိပ်စက်အပြစ်ပေးခြင်းကို နှစ်ပေါင်းမရေမတွက်နိုင်အောင် ခံကြရဦးမယ်. . . မကောင်းမှုဒုစရိုက်သမားတွေအတွက် ငရဲပြည်မှာ တစ်စက္ကန့်လောက်တောင် သာယာမှုမရှိနိုင်ဘူး'

www.burmeseclassic.com



ယမမင်းကြီး၏စကားကြောင့်ကျွန်ုပ်သည် ရိုးတွင်းခြင်ဆီထိစိမ့်အောင် ကြောက်လန့်မိချေ၏။

ကျွန်ုပ်သည် လူ့ပြည်ပြန်ရောက်ပါက မကောင်းမှုများမပြုလုပ်ဖြစ်အောင် ရှောင်ကျဉ်ရန်ဆုံးဖြတ်မိပြီး လူအများကိုလည်း ဤကဲ့သို့ဆိုးရွားလှသည့် ငရဲဘုံသို့မကျရောက်စေရန် တတ်နိုင်သမျှအသိပေးရမည်ဟု စဉ်းစားမိလေ၏။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

## ယမမင်း၏ခစ်ဆေးခန်း

ယမမင်းကြီးသည် ကျန်ရှိနေသည့်ငရဲသားများထဲမှ တီးတိုးပြော-ဆိုသူလူကြီးကို အရင်ခေါ်လိုက်၏။

'မောင်မင်းအမည်'

'ဆရာကြွက်ကြီးပါ'

'ဘာကွ. . . ဘာဆရာကြွက်ကြီးလဲ. . . ပြန်ပြောစမ်း'

'မောင်ကြွက်ကြီးပါ ယမမင်း'

'မောင်မင်း လူ့ပြည်မှာ ဘာအလုပ်လုပ်သလဲ'

'ကျွန်တော် အလှူခံတဲ့အလုပ်လုပ်စားပါတယ်'

'ဟို. . . အဲ. . . ကျွန်တော်တရားဓမ္မများကိုဟောကြားပြီး အလှူခံငွေများနဲ့စားသောက်နေထိုင်ပါတယ်'

'တချို့တစ်ဝက်ကိုရော ဘုရားမလှူဘူးလား. . .'

'အနည်းအကျဉ်းတော့လှူပါတယ်'

'လိမ်လို့မရဘူး. . . အားလုံးကိုသိထားတယ်ဆိုတာ သဘော ပေါက်ပါတယ်နော် ဒီမှာထပ်ဆင့်ပြီးလိမ်ရင် အပြစ်ခံရမယ့်သက်တမ်းနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆပိုကြာသွားလိမ့်မယ်. . . ကဲ. . . အဲဒီအနည်းအကျဉ်းပြန်လှူတာရော စိတ်ထဲမှာတကယ်စေတနာရှိလို့လား. . '

'ကျွန်တော်မလိမ်ပါဘူး. . . အမှန်အတိုင်းပြောရရင်တော့ စိတ်ထဲမှာတယ်မပါလှပါဘူး. . . ကိုယ်ချည်းပဲအကုန်ယူလိုက်ချင်တာပါပဲ'

'တော်တော်ယုတ်မာတဲ့လူပေပဲ. . . မောင်မင်း တရား ဓမ္မတွေ ဟောနေတာ ငရဲပြည်ရဲ့အကျိုးအပြစ်တွေကို မသိဘူးလား. . '

'စာတွေထဲမှာတော့ ဖတ်ဖူးပါတယ်. . . ဒါကြောင့် ကျွန်တော် အလှူခံတဲ့အခါ မလှူမတန်းရင် ငရဲရောက်မယ် ဘာညာထည့်ပြီးဟော ပါတယ်. . '

'အတော်ဆိုးပါလား. . . ငရဲကိုပါ လှေကားထစ်လုပ်ပြီး ကိုယ်ကျိုး ရှာမယ့် လူစုတ်ပေပဲ. . . ကဲ. . . သူ့ကိုရောရစဝိ့လိုက် ဟေ့. . '

ငရဲထိန်းများသည် လူကြီးအား ကန်ကျောက်ခေါ်သွားပြီး အလျင်ဦးဆုံးခွေးစာကျွေးလိုက်လေ၏။

ဒုတိယစစ်ဆေးမေးမြန်းခြင်းခံရသူမှာ အသက်လေးဆယ်ခန့်ရှိ မိန်းမတစ်ဦးဖြစ်လေ၏။

'မယ်မင်းနာမည် ဘယ်လိုခေါ်လဲ. . . '

'ခင်မဲအိုပါ အစ်ကိုကြီး'

'စကားပြောရင် ပြိတီတီမလုပ်နဲ့ တည်တည်တံ့တံ့ပြောပါ. . '

'မယ်မင်း လူ့ပြည်မှာဘာလုပ်လဲ. . . '

'ဘာမှမလုပ်ပါဘူး. . . ယောကျ်ားလုပ်စာထိုင်စားပါတယ်'

'ဘယ်ယောကျ်ားရဲ့လုပ်စာလဲ'

'အဲ. . . ပထမလင်ကြီးရဲ့လုပ်စာပါ. . . သူကအင်မတန်မျိုး ပါတယ်. . . ကျွန်မကိုလည်းကြောက်ရပါတယ်. . . သူကရေခဲတုံးကြီးလို အေးတဲ့သူပါ. . . ကျွန်မက အပူကြိုက်သမားဆိုတော့ ဒုတိယလင်တစ် ယောက်ထပ်ယူမိပါတယ်. . . '



www.burmeseclassic.com

www.burmeseclassic.com



'တော်တော်မကောင်းတာပဲ. . . အဲဒီလင်နဲ့ရော အဆင်ပြေလား. . .'

'မပြေပါဘူး. . . သူကလည်း ကျွန်မကိုပျော်ရွှင်အောင်မထားနိုင်လို့ တတိယလင်တစ်ယောက်ထပ်ယူမိပါတယ်'

'မဖြစ်သင့်တာဘဲ. . . မိစ္ဆာစာရကြီးလွန်းလှပါလား. . .'

'လင်သုံးယောက်နဲ့ ဘယ်လိုနေကြတာလဲကွဲ့. . .'

'ကျွန်မတို့အိမ်က နှစ်ထပ်အိမ်ပါ. . . လင်ကြီးကကျွန်မတို့ကိုလုပ်ကိုင်ကျွေးမွေးပြီး အိမ်အောက်ထပ်မှာနေပါတယ်. . . ကျွန်မနဲ့လင်ငယ်နှစ်ယောက်က အပေါ်ထပ်မှာနေကြပါတယ်'

'ယုတ်မာလွန်းလှချည်လားကွယ်. . . လင်ကြီးက မငြိုငြင်ဘူးလား. . .'

'သိပ်မကြာပါဘူး. . . မပြောရဲမဆိုရဲနဲ့ ကျွန်မစိတ်နဲ့ပဲသေသွားပါတယ်. . . သူတော်ကောင်းကြီးမို့ နှမြောလွန်းလှပါတယ် ယမမင်းကြီးရယ်. . . သူသေပြီးမကြာခင်မှာပဲ လင်အငယ်ဆုံးက ပစ္စည်းဥစ္စာကိုခိုးယူထွက်ပြေးသွားတဲ့အတွက် လင်အလတ်နဲ့ကျွန်မ ကတောက်ကဆတ်ဖြစ်ပြီး သူက ကျွန်မကိုသတ်လို့ ဒီဘဝရောက်လာရတာပါ ယမမင်းကြီးရယ်. . . ကျွန်မအဖြစ်ကသနားစရာကောင်းလွန်းလှပါ တယ်. . .'

'တယ်လည်း တရားကျစရာကောင်းလွန်းလှပါလားကွယ်တို့. . . သေသွားတဲ့မယ်မင်းရဲ့ယောကျ်ားကြီး ဘယ်ဘုံဘဝရောက်နေလဲဆိုတာသိချင်လား. . . ဟိုးမှာကြည့်လိုက်စမ်း. . .'

ယမမင်းကြီးက နံရံလွတ်တစ်နေရာသို့ ညွှန်ပြလိုက်လေရာ သူမ၏ယောကျ်ားကြီးသည် ရတနာစီခြယ်ထား၍ တလက်လက်တောက်ပနေသည့် နတ်ဝတ်နတ်စားများနှင့် ချောမောလှပသောနတ်သမီးလေးများခြံရံလျက် ပြုံးပြုံးကြီးစံစားနေသည့်ပုံကိုတွေ့လိုက်ကြရ၏။

ယမမင်းကြီးက နံရံတွင်ပေါ်လွင်နေသည့် အရိပ်ကွက်နတ်တို့ကိုပြန်လည်ဖျောက်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



'လူကောင်းသူကောင်းတွေဟာ ကောင်းမြတ်တဲ့သုဂတိဘုံဘဝတွေမှာစံစားကြရတယ်. . . မယ်မင်းလို မိန်းမယုတ်ကတော့ မဟာတာပနငရဲကိုသွားပေတော့ဟေ့. . .'

ခင်မဲအိုဟူသည့် မိန်းမကြီးလည်း အသံနက်ကြီးနှင့်အော်ဟစ်ငိုယိုရင်းနှင့်ပင်ငရဲခွေးများ၏တဂျွတ်ဂျွတ်ဝါးစားခြင်းကိုခံလိုက်ရလေတော့၏။

သည်သို့နှင့်ပင် ယမမင်းကြီးသည် သူခိုးဓားပြ၊ လူသတ်ကောင်များ၊ မိဘအားမေ...ားမော်ကားပြုသူများ၊ သူတော်ကောင်းတို့အား ညှင်းဆဲသူများ အစရှိသည့်ငရဲသားတို့ကို စစ်ဆေးမေးမြန်းပြီးနောက် သင့်တော်ရာငရဲကြီးများသို့ ပို့ဆောင်စေလေ၏။

စစ်ဆေးမေးမြန်းစရာ ငရဲသားများကုန်ခမ်းသွားသည့်အချိန်၌ ယမမင်းကြီးနှင့်အတူ နန်းတော်စောင့်ငရဲထိန်းအနည်းငယ် ဝိညာဉ်ထိန်းများနှင့် ကျွန်ုပ်သာကျန်ရှိလေတော့၏။

'လူကလေး မောင်စိုးရာ. . . မကောင်းမှုမိစ္ဆာအကျင့်စရိုက်တွေကိုဘယ်တော့မှမပြုလုပ်နဲ့. . . ဟိုပန်းချီကားကြီးတွေကို အသေအချာကြည့်သွား. . . မင်းအခုမြင်ရတာတွေဟာ အမြည်းသဘောလောက်ပဲရှိသေးတယ်. . . ငရဲခန်းကြီးတွေထဲရောက်သွားရင် ဒါထက်အဆများစွာကြောက်မက်ဖွယ်ရာကောင်းတယ်ဆိုတာ သိထားပါ'

'ဟုတ်ကဲ့ ယမမင်းကြီး. . . ကျွန်တော်စွဲစွဲမြဲမြဲမှတ်ထားပါ့မယ်'

ကျွန်ုပ်သည် ယမမင်းကြီးအား ကြိုးနွံစွာနှင့်ပြန်ဖြေလိုက်၏။

'ဆန္ဒ. . . လာစမ်း'

ယမမင်းကြီးသည် ကျွန်ုပ်အား ဖမ်းဆီးခဲ့သည့်နှစ်ယောက်မှ တစ်ယောက်ဖြစ်သည့် ခပ်ထွားထွားဝိညာဉ်ထိန်းကြီးအား ခေါ်လိုက်ပြီး. . .

'လူကလေးစိုးရာကို သူ့အိမ်ပြန်ပို့ပေးလိုက် . . ငရဲသားစိန်တုတ်ကိုရအောင်ပြန်ဖမ်းလာခဲ့. . .'



www.burmeseclassic.com

www.burmeseclassic.com



ဟုမှာလေ၏။

ဝိညာဉ်ထိန်းဆန္ဒက ယမမင်းကြီးအား ဦးညွှတ်အရိုအသေပေးလိုက်ပြီးနောက် ကျွန်ုပ်အားဆွဲခေါ်၍ နန်းတော်ထဲမှ ထွက်ခဲ့လေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## အန္တရာယ်အိမ်မက်အပြင်

'တော်သေးတာပေါ့ ငါ့ကောင်ရာ. . . မင်းကြောင့် ငါတို့ဝါအ ထောင်းခံရတော့မလို့'

ဝိညာဉ်ထိန်းကြီးဆန္ဒက ကျွန်ုပ်အား တရင်းတနှီးပြောဆိုလေ ၏။

'အစ်ကိုကြီးတို့ကို ကျွန်တော်ပြောတာပဲ. . . လူမှားနေပါ တယ်လို့'

'ဘယ်ထင်မလဲကွ. . . ကလီကမာလုပ်နေတယ်လို့ထင်တာပေါ့ ဒါနဲ့ မင်းကဘယ်လိုဖြစ်ပြီး ဝိညာဉ်ကောင်ဖြစ်နေတာလဲ'

'မသိပါဘူးအစ်ကိုကြီးရယ်. . . ကျွန်တော့်ခန္ဓာကိုယ်ထဲက ဝိညာဉ်ထွက်ပေါက်က ဝါရှာများချောင်နေရော့သလား မသိပါဘူး'

ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်နှင့်ပင် ပြန်လည်ပြောဆိုမိလေ ၏။ ကျွန်ုပ်တို့နှစ်ယောက်သည် ယာဉ်ငယ်လေးတစ်စီးနှင့် ထွက်ခွာလာ ကြခြင်းဖြစ်လေသည်။ ထူးဆန်းသည်က အလင်းရောင်သည် ယမမင်းကြီး ၏နန်းတော်တစ်ဝိုက်မှာသာလင်းချင်းနေပြီး ကျန်သည့်လမ်းတစ်လျှောက်၌



www.burmeseclassic.com

www.burmeseclassic.com

## ၉ ဥက္ကာမင်းသောက်

ပိန်းပိတ်အောင်မှောင်မိုက်နေခြင်းပင်တည်း။

'ဒီညက တော်တော်ရှည်တာပဲနော်'

'ဘယ်ညလဲ'

'ဒီညလေ. . . ဒီ အခု ကျွန်တော်တို့ကိုဖမ်းခေါ်လာတဲ့ညပဲ မဟုတ်လား. . .'

ကျွန်ုပ်၏စကားကြောင့် ဆန္ဒကြီးကရယ်လေ၏။

'ဘယ်ဟုတ်မှာလဲကွ. . . အခုက နောက်တစ်နေ့ကူးလို့နောက် တစ်ညကိုရောက်နေပြီ'

'ဗျာ'

ဆန္ဒကြီး၏စကားကြောင့် ကျွန်ုပ်သည် များစွာထိတ်လန့်တုန် လှုပ်မိသွားပြန်၏။ ဘရက်နှင့်တစ်ညကျော်လွန်သွားပြီးဆိုလျှင် ကျွန်ုပ်၏ ကျန်ရစ်နေသည့်ခန္ဓာကိုယ်သည် မည်ကဲ့သို့ဖြစ်နေမည်နည်း။ စိတ်ထဲမှ အလွန်ပူပန်သွားရချေ၏။

'ငရဲပြည်ခရီးလမ်းမှာ အလင်းရောင်ဆိုတာမရှိဘူး. . . နေ့ရော ညပါ အမှောင်ပဲရှိတယ်ကွ'

'ကျွန်တော့်ကိုယ်ကြီးများ ဘယ်လိုဖြစ်နေမလဲမသိဘူး. . .'

'ပူမနေပါနဲ့ကွာ. . . အနည်းဆုံး သုံးရက်လောက်တော့ခံမှာပါ ဒါပေမဲ့ ကျန်တဲ့သူတွေက စေတနာပိုပြီး ချက်ခြင်းသင်္ဂြိုလ်လိုက်ရင်တော့ လည်း ကုသိုလ်ကံပဲပေါ့ကွာ ဟားဟားဟား. . .'

ဝိညာဉ်ထိန်းဆန္ဒကြီးက အော်ဟစ်ရယ်မောနိုင်သော်ငြားလည်း ကျွန်ုပ်မှာတော့ မရယ်နိုင်ပါ။

စိုးရိမ်ကြောင့်ကြခြင်းများနှင့် ရင်တို့သည် တထိတ်ထိတ်ခုန်နေ လေ၏။

'စိုးရာရေ. . . အဲဒီလိုဖြစ်သွားလည်း ပူမနေပါနဲ့ကွာ ဖားကို ဖွားခါနီးကိုယ်ဝန်သည်တစ်ယောက်ထဲ ငါပြန်ထည့်ပေးလိုက်မှာပါ. . . ဘာဖြစ်လဲ. . . မွေးကင်းစအရွယ်ကလေးကနေ အစကပြောင်းပြန်နေရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ. . . မကောင်းဘူးလား. . .'

'ဟာ. . . မကောင်းပါဘူးဗျာ. . .'

ဤသို့သာဆိုလျှင် ကျွန်ုပ်သည် မည်သည့်ဘဝမျိုးနှင့်ပြန်လည်မွေးဖွားလာမည်နည်း။ ကျွန်ုပ်၏ချစ်သူနှင့်ရော အဘယ်ကဲ့သို့ ပြန်လည်ဆုံစည်းနိုင်ပါတော့မည်နည်း။ တွေးရုံနှင့်ပင် စိတ်မသက်မသာဖြစ်လွန်းလှပါ၏။

အပြန်ခရီးသည်ကား ရှည်လျားလှမါဘိတောင်း။ ရောက်ချင်စိတ်လွှန်ကဲနေသည့်အတွက် နှေးကွေးနေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်သည် စိတ်သက်သာရာရစေရန်အတွက် ဝိညာဉ်ထိန်းဆန္ဒကြီးနှင့် အမျှင်မပြတ် ရောက်တတ်ရာရာစကားစမြည်ပြောဆိုလာလေ၏။

'ကိုဆန္ဒကြီး. . . အစ်ကိုတို့က ဘယ်လိုလူမျိုးတွေလဲ'

'ဘာကိုပြောတာလဲ'

'ကျွန်တော်ပြောတာက အစ်ကိုတို့ဟာ လူမဟုတ်တာတော့သေချာတယ်. . . စိတ်မဆိုးနဲ့နော် အစ်ကိုတို့ဟာ အသူရကာယ်ဆိုတာလား ဒါမှမဟုတ် နတ်ပြမ္မာတွေလား. . .'

'မင်းမေးတာကိုဖြေရရင်တော့ ငါတို့ဟာ စတုမဟာရာဇ် နတ်မျိုးနွယ်ဝင်ထဲမှာပါဝင်တဲ့ နတ်ဘီလူး၊ နတ်ရက္ခိုက်တွေပဲ. . .'

'အစ်ကိုတို့ ငရဲသားတွေကို ညှင်းပမ်းနှိပ်စက်တာ စိတ်ထဲကပါလို့လား. . .'

'ဟာ. . . ဘယ်ပါပါ့မလဲကွာ. . . မင်းတို့လူ့ပြည်မှာလိုပေါ့. . . ဒုစရိုက်သမားတွေကို ဖမ်းဆီးအကျဉ်းချအပြစ်ပေးတယ်. . . လွှတ်ထားလို့ဘယ်ရပါ့မလဲ. . . ဒီလိုမှ သူတို့ကိုအပြစ်မပေးရင် လူကောင်းသူကောင်းတွေကို ဒုက္ခပေးကုန်တော့မှာပေါ့'

'နောက်တစ်ခု ကျွန်တော်မသိလို့မေးပါရစေ. . . ငရဲခန်းထဲမှာ ငရဲသားတွေနဲ့အတူ အစ်ကိုတို့ငရဲထိန်းတွေလည်းရှိနေတယ်. . . ငရဲခန်းတစ်ခုလုံး ငရဲမီးတွေလောင်တဲ့အခါ အဆိပ်ငွေ့တွေလွှတ်တဲ့အခါ၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပါ အန္တရာယ်မဖြစ်စေဘူးလား. . . ဓား၊ လှံ၊ လက်နက်၊ သံချွန် သံခက်တွေခင်းထားတဲ့ လမ်းပေါ်ကို ငရဲသားတွေကိုမောင်းတင်တဲ့အခါ အစ်ကိုတို့ကိုရော မစူးရှဘူးလား. . .'

'ဒါက ဒီလိုရှိတယ်ကွ. . . အဲဒီအရာတွေဟာ ကံအကျိုးအပြစ် ကြောင့်ဖြစ်တဲ့ "ကမ္မပစ္စယဥတုဇ"ရုပ်ကောင်တွေဖြစ်တဲ့အတွက် ငရဲသား တွေကိုသာထိခိုက်စေပြီး ငရဲထိန်းတွေကိုတော့ ဘာမှအန္တရာယ်မဖြစ်စေ နိုင်ဘူးကွ'

'ဒီလိုလား. . . ဒါနဲ့ အစ်ကိုတို့ဝိညာဉ်ထိန်းတွေနဲ့ ငရဲထိန်းတွေ မတူကြဘူးလား. . .'

'အတူတူပဲလေ. . . အလှည့်ကျတာဝန်ယူရတာပဲ'

'ဟင်း. . . ကျွန်တော့်အမြင်တော့မတူပါဘူး. . . အစ်ကို တို့ရုပ်ရည်က ပြေပြေပြစ်ပြစ်ရှိတယ်. . . ငရဲထိန်းတွေကတော့ ဦးချိုကြီးတွေနဲ့ ကြောက်စရာကြီး'

'ဟားဟား. . . ကြောက်စရာကောင်းအောင် ပြုမူရမယ့်နေရာ မှာတော့ ကြောက်စရာရုပ်သွင်ကို ဖန်ဆင်းထားရတာပေါ့ကွာ. . . ဒီလို ပါပဲ'

သည်သို့နှင့်ပင် ကျွန်ုပ်တို့နှစ်ယောက်သည် ယာဉ်ငယ်လေးကို စီးရင်း စကားတပြောပြောနှင့်လာခဲ့ရာ မြို့အဝင် တလင်းပြင်သို့ရောက်ရှိ ခဲ့ကြလေတော့၏။

တလင်းပြင်၌ ယာဉ်ငယ်လေးအား ရုပ်တန့်ကွယ်ဖျောက်ပြီး နောက် ကျွန်ုပ်တို့သည် စိန်စုတ်ရှိရာ ဇာဒိပင်သို့ လေဟုန်စီးပြီးပျံသန်း လာခဲ့ကြလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာကိုယ်အာပိုင်စီးခံရခြင်း

'ဟော့ကောင်. . . စိန်တုတ်ထွက်ခဲ့စမ်း'

ဝိညာဉ်ထိန်းဆန္ဒက အသံမာမာနှင့်ခေါ် လိုက်၏။ ဇာဒ်ပင်ကြီးဆီမှ မည်သည့်အရိပ်အယောင်မျှမတွေ့ရ။

'ဟော့ကောင်. . . ပုန်းမနေနဲ့နော်. . . ပုန်းနေရင် ပိုနာမယ်'

မည်သည့်တုံ့ပြန်သံမှမကြားရ။ ဇာဒ်ပင်ကြီးသည် ပကတိတိတ်ဆိတ်နေလေ၏။

'ကိုကြီးဆန္ဒ. . . ဒီလူကြီးမရှိဘူးနဲ့တူတယ်'

'အေး. . . ဟုတ်တယ်ကွ. . . ဒီကောင်ကြီး ဘယ်မှာသွားပြီးနှောက်နေသလဲမသိဘူး'

ကျွန်ုပ်နှင့်ဆန္ဒကြီးတို့သည် ဇာဒ်ပင်ပတ်လည်၌ လိုက်လံရှာဖွေ၏။ စိန်တုတ်ကြီးကိုကား လုံးဝမတွေ့ရပါချေ။

'ကိုကြီးဆန္ဒ ကျွန်တော်အိမ်ပြန်ချင်တယ်'

'အေးလေ ပြန်ရမှာပေါ့. . . မင်းအိမ်ကဘယ်မှာလဲ. . .'

'ဒီနားလေးတင်ပဲ. . . ဟောဒီလမ်းကွေ့အဆုံးလေးမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုပြန်ပို့ရတာတော့ အကြောင်းမဟုတ်ဘူး. . . ငါက စိန်တုတ်ဆိုတဲ့ ဒုစရိုက်ငရဲကောင်ကြီးကို အပါဖမ်းခေါ်သွားရမှာ မတွေ့လို့ မဖြစ်ဘူးကွ'

'ကျွန်တော်ကူညီလို့ရမယ့်အပိုင်းမျိုးရှိရင်တော့ တတ်နိုင်သမျှ ကူညီပေးပါ့မယ်. . .'

ကျွန်ုပ်က စိတ်ရင်းအမှန်နှင့် ပြောလိုက်လေရာ ကိုဆန္ဒကြီးက ခေါင်းရမ်းခါလေ၏။

'ဒီကောင် ပြေးလို့တော့မလွတ်နိုင်ပါဘူးကွာ. . . ယမမင်းကြီး ရဲ့အမိန့်ကိုလွန်ဆန်ပြီး ဘယ်ဒုစရိုက်သားတစ်ကောင်မှ မလွတ်ဖူးသေးဘူး အေးလေ. . . လာ. . . မင်းတို့အိမ်သွားရအောင်. .'

ကျွန်ုပ်တို့နှစ်ဦးသည် လေပေါ်မှပင် ပျံသန်းလာကြလေ၏။ ထို အချိန်သည် ညဦးယံခန့်သာရှိသေး၍ လူအများလှုပ်ရှားသွားလာနေကြ တုန်းပင်ဖြစ်လေ၏။

သို့သော် ကျွန်ုပ်တို့အား မည်သူမျှမတွေ့မမြင်ကြပါချေ။

လမ်းကလေးတစ်လျှောက် ပျံသန်းလာရင်းနှင့် အိမ်ခြံဝသို့ ရောက်လာ၏။ အိမ်တံခါးဖွင့်ထားဆဲဖြစ်၏။ စကားသံများကိုကြားနေရ သည်။ အေးချိုနှင့်ဉာဏ်လင်းတို့ လေပေးကောင်းတုန်းဖြစ်ပေလိမ့်မည်။ ကျွန်ုပ်၏ခန္ဓာကိုယ်အတွက်များ အလုပ်ရှုပ်နေရော့သလားဟု တွေးလိုက် မိသေးသည်။

'ကိုဆန္ဒကြီး. . . လာ. . .'

ကျွန်ုပ်က ဦးဆောင်ပြီး အိမ်ထဲသို့ဝင်လိုက်သည့်အခါ. . .

'ဟိုက်'

တွေ့လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးများပြာဝေသွားရ၏။ ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးသည် ထိုင်နေလျက် သူငယ်ချင်းများနှင့် စကားပြော နေသောကြောင့်ဖြစ်လေ၏။

သူတို့၏ရှေ့တွင် စားစရာအမြည်းများနှင့် သောက်လက်စ



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုလင်းအချို့ရှိနေလေ၏။

'ဘယ်လိုဖြစ်သွားတာလဲ. . . ကိုကြီးဆန္ဒ အဲဒီအလယ်ကလူဟာ ကျွန်တော်ပဲ. . . ဘာလို့ထထိုင်နေရတာလဲ. . .'

ကျွန်ုပ်၏စကားကြောင့် ကိုကြီးဆန္ဒက စူးစိုက်ကြည့်လိုက်ပြီး . .

'အဲဒါ စိန်တုတ်ပဲ'

'ဟင်'

ကျွန်ုပ်တို့စကားသံများကို လူသာမန်များမကြားနိုင်ပါ။ သို့သော် ဝိနာဘာဝတစ်ကောင်ဖြစ်သည့် စိန်တုတ်ကတော့ ကြားလေ၏။ စိန်တုတ်သည် ဆတ်ခနဲခေါင်းထောင်ကြည့်လိုက်ပြီး. . .

'ဟေ့ကောင်တွေ. . . ဟိုမှာ မကောင်းဆိုးဝါးတွေရောက်နေတယ်'

ဟုအော်ဟစ်လိုက်လေ၏။

အေးချိုနှင့်ဉာဏ်လင်းက လှည့်ကြည့်လိုက်ပြီး ကျွန်ုပ်တို့အား မတွေ့ရသောကြောင့် အေးချိုက. . .

'စိုးကြီး. . . မင်းသတိမေ့သွားပြီး ကယောင်ချောက်ခြားတွေမြင်နေတာဖြစ်မယ်. . . ဘာမှမရှိဘူး. . .'

ဟုပြန်ပြောလေ၏။

'ဟေ့ကောင် စိန်တုတ်. . . မင်းအေးအေးဆေးဆေးထွက်ခဲ့စမ်း'

'မထွက်ဘူး. . . မထွက်ဘူး'

ဆန္ဒကြီး၏စကားကြောင့် စိန်တုတ်သည် အော်ဟစ်ငြင်းဆန်ရင်း ဝုန်းခနဲထရပ်လိုက်လေ၏။ ထို့နောက် ခါးကြားထဲမှ အသင့်ဆောင်ယူထားသည့် ချွန်မြထက်ရှသော ဓားတစ်လက်ကို ဆွဲထုတ်လိုက်ပြီး ဓားသွားကို လည်ပင်းပေါ်သို့တင်လိုက်၏။

'အရှူးကောင်. . . ငါ့အနားကပ်တာနဲ့ ဟောဒီခန္ဓာကိုယ်ကြီးကို ခေါင်းနဲ့ကိုယ် အိုးစားကွဲအောင်လုပ်လိုက်မယ်. . . ငါ့ကို ဖမ်းသွားချင်ဖမ်းသွားပစေ. . . မင်းဟောဒီခန္ဓာကို တစ်သက်လုံးအသုံးပြုလို့မရအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်လိုက်မယ်. . . ဘာမှတ်လဲ'

တိုးဝင်သွားတော့မည့် ဆန္ဒကြီး၏လက်အား ကျွန်ုပ်ဖမ်းဆွဲထားလိုက်မိ၏။ စိန်တုတ်သည် အေးအေးဆေးဆေးအဖမ်းမခံဘဲ ကျွန်ုပ်၏ခန္ဓာကိုယ်အား ဖျက်ဆီးပြီးမှ အမိခံမည့်ပုံ ပေါ်လွင်နေလေသည်မဟုတ်ပါလား။

ထိုအဖြစ်အပျက်များကို မသိမမြင်သည့် ဉာဏ်လင်းနှင့်အေးချိုတို့ကလည်း ထရပ်လိုက်ပြီး ဉာဏ်လင်းက. . .

'ဟော့ကောင်စိုးကြီး. . တစ်ခါမှအရက်မသောက်ဘူးဘဲနဲ့ အသားကုန်သောက်လိုက်တာကိုး. . . မင်းမူးမူးရူးရူးနဲ့ရမ်းသန်းမလုပ်နဲ့. . . တကယ်သေသွားဦးမယ်'

ဟုဝင်တားလေ၏။

'ဟော့ကောင်တွေ. . . မင်းတို့လည်း ငါ့နားမကပ်နဲ့. . . အကုန်လုံးသတ်ပစ်လိုက်မယ်. . . ငါ့ကို ဘာကောင်ထင်လဲ. . . ဟားဟားဟား'

စိန်တုတ်၏ပုံစံသည် သွေးဆာနေသည့်လူသတ်ကောင်တစ်ကောင်ပမာ ဖြစ်နေလေ၏။ ကျွန်ုပ်သည် စိုးရိမ်စိတ်နှင့် သူငယ်ချင်းများအား အသိပေးချင်သော်ငြားလည်း မည်သို့မျှမတတ်နိုင်ပေ။

ဆန္ဒကြီးကတော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုဟန်နှင့် ကျွန်ုပ်၏လက်ကိုဆွဲပြီး အိမ်အပြင်သို့ပြန်လည်ခုန်ထွက်လိုက်လေ၏။ ကျွန်ုပ်နှင့်တစ်ခုခုတိုင်ပင်လို၍ ဖြစ်ဟန်တူပါသည်။

ခြံအပြင်သို့ရောက်သည့်အခါ ဆန္ဒကြီးက ကျွန်ုပ်၏ရှေ့တွင်ရပ်လိုက်ပြီး. . .

'ကောင်ကလေး. . . ဘယ်လိုလုပ်မလဲ. . . ငါအခု သူ့ကိုဝိညာဉ်နုတ်ပြီး ဖမ်းသွားလို့ရတယ်. . . ဒါပေမဲ့. . . မင်းရဲ့ခန္ဓာကိုယ်ပျက်စီးသွားလိမ့်မယ်'

'အဲဒါကို ဘယ်လိုလုပ်ရင်ကောင်းမလဲ'

'မင်း. . . ငါပြောသလို ဒီခန္ဓာကိုယ်ကို အပျက်စီးခံလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တလေးဘဝကနေပြန်ဝင်စားလိုက်ပါလား. . .'

'အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ. . . အီးဟီးဟီး. . .'

ကျွန်ုပ်သည် ပြောရင်းဆိုရင်းနှင့်ပင် စိတ်မကောင်းလွန်းစွာနှင့် ငိုချလိုက်မိ၏။ ဆန္ဒကြီးက ကျွန်ုပ်အား ကရုဏာသက်စွာဖြင့်ကြည့်ပြီး. . .

'ဒါဆိုရင် ဒီလိုလုပ်. . . ငါလည်း မင်းကိုကြည့်ပြီး အတော်သနားသွားပြီ. . . ခန္ဓာကိုယ်ထဲက ဝိညာဉ်ကို သက်သောင့်သက်သာ ထုတ်ပေးနိုင်မယ့် ဆရာတစ်ယောက်ကိုသွားခေါ်ရမယ်'

ဆန္ဒကြီး၏စကားကြောင့် ကျွန်ုပ်သည် ငိုကျွေးခြင်းကိုရပ်လိုက်၏။ ထို့နောက် အလောတကြီးနှင့်ပင်. . .

'အဲ့ဒီဆရာမျိုးရှိလား. . . ဘယ်မှာနေလဲ'

ဟုမေးလိုက်မိလေ၏။

'ငါတို့ ငရဲပြည်အထိကျော်ကြားတဲ့ အင်းဝိဇ္ဇာဆရာကြီး တစ်ယောက်ရှိတယ်. . . သူ့နာမည်က ဖိုးစံအေးတဲ့. . . သူ့လက်ချက်နဲ့ မိစ္ဆာအယူဝါဒကိုကျင့်သုံးတဲ့ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ မကောင်းဆိုးဝါး တော်တော်များများဟာ ငါတို့ငရဲပြည်ကိုရောက်လာခဲ့ရတယ်ကွ. . . သူက မော်လမြိုင်၊နတ်မော်စုမှာနေတယ်လို့ပြောတယ်. . . ငါတို့သွားပင့်ကြရအောင်. . .'

ကျွန်ုပ်သည် စာဒဂ်အားဖြင့်တော့ စိတ်သက်သာရာရသွားလေ၏။

'ဒါပေမဲ့. . . တစ်ခုတော့ရှိတယ်ကွ. . ငါတို့သွားနေတဲ့အချိန်မှာ ဒီအယုတ်တမာကောင်က မင်းခန္ဓာကိုယ်ကြီးနဲ့ ဒုစရိုက်မှုတွေလုပ်နေမှာစိုးရတယ်. . . ဒီတော့ မင်းအိမ်ပေါ်ပြန်တက်ပြီး ဒီကောင်ကြီးကို အချိုသတ်ပြီး ဖျောင်းဖျပြောဆိုထားလိုက်. . . ငါဒီကပဲစောင့်နေမယ်'

ကျွန်ုပ်သည် အိမ်ပေါ်သို့ပြန်တက်လာလိုက်၏။ တံခါးဝသို့အရောက်၌ အတွင်းမှ စိန်ပုတ်တို့၏စကားသံများကို ကြားရလေ၏။

'ဟော့ကောင်. . . စိုးကြီး . . . မင်းသောက်တာ တော်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီကွာ. . .'

'ဘာဖြစ်လဲ. . . ငါကြိုက်လို့ငါသောက်တာ. . .'

'မင်း. . . အရင်ကမကြိုက်ပါဘူးကွာ. . .'

'အရင်က မကြိုက်ဘူး. . . ဟုတ်လား. . . အခုကြိုက်တယ်ကွာ ဘာဖြစ်လဲ. . . သောက်မယ် စားမယ် ပျော်မယ် ပါးမယ် ဟားဟားဟား'

'မင်းကောင်မလေး သိသွားရင်လည်း မကောင်းဘူး. . . ငါတို့ကိုပါပြောနေမှာ. . .'

'ငါ့ကောင်မလေး. . . ဟုတ်လား. . . ဘယ်သူလဲ. . .'

'အဲဒါကြောင့်ပြောတာပေါ့. . . မင်းအတော်အမူးလွန်နေပြီ။ ခင်ဘုန်းကိုတောင်မမှတ်မိဘူးလား. . .'

ကျွန်ုပ်သည် ခင်ဘုန်း၏အကြောင်းကိုပြောနေသည့်အတွက် တံခါးအကွယ်မှပင် ရင်တထိတ်ထိတ်နှင့် နားထောင်နေလိုက်၏။ စိန်တုတ်၏အသံပြန်ပေါ်လာသည်။

'ခင်ဘုန်းတဲ့လား. . . ချစ်စရာလေးနေမှာပဲနော်. . . ဟီးဟီး ခင်ဘုန်းမို့ ရွှင်ပြုံးချိုပါတယ်. . . ဟီးဟီးဟားဟားဟိုးဟိုးဟဲဟဲ. . .'

စိန်တုတ်၏အသံကြီးသည်ကား အော်ဂလီဆန်ဖွယ် ရွံမုန်းဖွယ်ကောင်းလွန်းလှပေစွ. . .။ ကျွန်ုပ်သည် ခင်ဘုန်းအတွက် များစွာစိတ်ပူပန်နေမိ၏။ ကျွန်ုပ်၏တစ်ကိုယ်လုံးသည်လည်း တဆတ်ဆတ်တုန်ရီနေလေ၏။ အတန်ကြာမှ စိတ်ကိုထိန်းပြီး အိမ်ထဲသို့ဝင်လိုက်၏။

'ကိုစိန်တုတ်'

'ဟော. . . အရှုံးကောင်လာပြန်ပြီ'

စိန်တုတ်က ဓားနှင့်သူ့လည်မျိုကိုသူပြန်ထောက်လိုက်ပြန်သည်။

'ကျွန်တော် ခင်ဗျားကိုဖမ်းဖို့လည်းမဟုတ်ဘူး. . . မောင်းထုတ်ဖို့လည်းမဟုတ်ပါဘူး. . . ခင်ဗျား ရိုးရိုးသားသားနေသွားရင် ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ တစ်သက်လုံးနေသွားလို့ရပါတယ်'

'ငါလား. . . ရိုးရိုးလေးနေမှာပါ အရှုံးကောင်ရဲ့. . . မသကာ



www.burmeseclassic.com

www.burmeseclassic.com



ဘားပြလေး ဘာလေးပဲတိုက်မှာပါ. . . နော်လို့. . . ဟီးဟီး ဟီး. . .'

'ခင်ဗျားမတိုက်ဘဲ မနေနိုင်ဘူးလား. . .'

'မနေနိုင်ဘူး'

'နောက်ပြီး ခင်ဗျား ခင်ဘုန်းကိုလည်း ဒုက္ခမပေးပါနဲ့ဗျာ'

'ဒါလား. . . ကိုယ်မနေနိုင်လွန်းလို့. . . နဖူးလေးနမ်းပါရစေ ဟီးဟီးဟီး. . .'

'ကျွန်တော်တောင်းပန်ပါတယ်ဗျာ. . .'

'ဟော့. . . အရူးကောင်. . . ဘာမှလာတောင်းပန်မနေနဲ့. . . တောင်းပန်ရင်ထောင်းကန်လိုက်မယ်'

ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူနှစ်ဦးကတော့ စိန်တုတ်ကုပင် အူကြောင်ကြောင်နှင့်ကြည့်နေကြ၏။ အမူးလွန်ပြီး ရောက်တတ်ရာရာပြောနေခြင်းဟု အထင်ရှိဟန်တူလေ၏။ ကျွန်ုပ်လည်း စိတ်ပျက်လက်ပျက်နှင့် မြန်ဆင်းလာရလေတော့၏။

ခြံအပြင်၌ ဆန္ဒကြီးသည် ကျွန်ုပ်ကိုရပ်စောင့်နေလေ၏။

'ဘယ်လိုလဲ အဆင်ပြေလား. . .'

'မပြေပါဘူးဗျာ. . . ဒါနဲ့ ကျွန်တော်တို့ ဘာနဲ့သွားကြမလဲ'

'ငါဘို့ရဲ့ဇာလင်းပြင်မှာ ဝှက်ထားတဲ့အသာထိုရ်ယာဉ်ပျံနဲ့ပဲပေါ့ကွာ. . . ဒါမှ သိပ်မကြာခင်လေးရောက်သွားမှာ'

ကျွန်ုပ်တို့သည် ယာဉ်ပျံရှိရာတလင်းပြင်သို့ လေဟုန်စီး၍ပျံသန်းသွားကြလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ဖိုးစံအေး၏ ခမအာင်း

'ကဲ. . . ဖိုးစံအေးအိမ်တော့ရောက်ပြီကွ'

ဆန္ဒကြီးသည် အသာထိုရ်ယာဉ်ပျံအားမောင်းနှင်နေရာမှ အိမ်တစ်အိမ်ရှေ့တွင်ရပ်လိုက်၏။ အချိန်သည်ကား ညဥ့်အတော်နက်နေပေပြီ။ ဖိုးစံအေး၏အိမ်တံခါးများပိတ်ထားပေပြီ။

'ကိုကြီးဆန္ဒ. . . ဖိုးစံအေးအိမ်ကိုအရင်ကရောက်ဖူးလား. .'

'မရောက်ဖူးဘူး'

'ဒါဆို အခု ဒီအိမ်ကိုဘယ်လိုသိတာလဲ'

'ဒါက ဒီလိုရှိတယ်ကွ. . . လူ နတ်ပြဟ္မာ သတ္တဝါတွေအားလုံးမှာ လျှပ်စစ်သံလိုက်ဓာတ်တွေရှိတယ်ကွ. . . ကျင့်ကြံအားထုတ်မှုအပေါ်မှာ မူတည်ပြီး လျှပ်စစ်သံလိုက်လှိုင်းတွေက အနည်းအများဖြစ်ပေါ်လာတယ်. . . အဲဒီကမှ စွမ်းအင်စက်ကွင်းကြီးတွေဖြစ်ပေါ်လာကြတယ်ကွ။ ပုဂ္ဂိုလ်ထူးကြီးတွေရဲ့ လျှပ်စစ်သံလိုက်စွမ်းအင်စက်ကွင်းကြီးတွေဟာ အဆမတန်အင်အားရှိပြီး ကြီးမားတယ်. . . ငါတို့က ရိုးရိုးလူတွေမဟုတ်တော့ အဲဒီစွမ်းအင်စက်ကွင်းရဲ့ ဆွဲငင်မှုကိုခြေရာခံပြီး အရောက်လာနိုင်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ယာဉ်ပျံပေါ်မှဆင်းလိုက်ပြီး အိမ်တံခါးဝ၌ရပ်လိုက်ကြ၏။

'ဒီအတိုင်းဝင်လို့တော့မကောင်းဘူး. . . တံခါးလေးခေါက်လိုက်မှ. . .'

'ဟင်. . . ကျွန်တော်က တံခါးခေါက်လို့မှမရတာ'

'အံမာ. . . မင်းမရပေမယ့် ငါရတာပေါ့ကွ'

ဟုတ်တော့ဟုတ်သည်။ ကျွန်ုပ်တို့သည် အမှတ်တမဲ့ကြည့်လိုက်လျှင် ဝိညာဉ်ချင်းတူသော်ငြားလည်း ဆန္ဒကြီးတို့က အရာဝတ္ထုများကို ကိုင်တွယ်အသုံးပြုနိုင်၍ ကျွန်ုပ်တို့က ဘာကိုမှကိုင်တွယ်သုံးစွဲယူငင်၍မရသူများဖြစ်ကြ၏။

ဆန္ဒကြီးက အိမ်တံခါးကိုညင်သာစွာခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

ခဏအကြာ၌ အတွင်းမှ ခြေသံတရှပ်ရှပ်နှင့် နင်းလျှောက်သံကို ကြားလိုက်ကြရသည်။

'ကျွိ'

အမျိုးသမီးငယ်တစ်ယောက် ရေနံဆီမီးခွက်ကိုကိုင်လျက် တံခါးမကြီးကိုဖွင့်လိုက်လေသည်။ ထိုအမျိုးသမီးငယ်သည် ကျွန်ုပ်တို့အား မြင်ဟန်မတူပါ။ သူက အံ့သြစွာဖြင့် ဘေးဘီဝဲယာသို့လှည့်ကြည့်လိုက်ပြီး. . .

'အဘိုးရော. . . ဘယ်သူမှမရှိဘူး. . .'

ဟု အိမ်တွင်းဘက်သို့လှည့်၍ပြောလိုက်လေ၏။

'ရှိပါတယ်ကွယ်. . . ငါ့မြေး မတွေ့လို့ပါ. . . လာကြပေဟ့ မောင်ရင်တို့. . .'

အိမ်ခန်းထဲမှသြဇာပြည့်ဝသည့် အသံတစ်သံပေါ် ထွက်လာလေ၏။ ကျွန်ုပ်တို့လည်း အိမ်ထဲသို့ဝင်လိုက်ကြသည်။

ဘုရားခန်းရှေ့၌ ဝတ်စုံဖြူဝတ်ထားသည့် အဘိုးအိုတစ်ဦးသည် တင်ပျဉ်ခွေချိတ်၍ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝိဇ္ဇာကြီးဖိုးစံအေးပင်တည်း။ ဦးပြည်းပြောင်ပြောင်နှင့် မျက်ခုံးမွေးများက မျက်လုံးကျော်အောင် ရှည်လျားစွာပေါက်ရောက် နေပြီး နားနှစ်ပေါက်ထဲမှလည်း ဘော်ငွေရောင်အမွေးရှည်ကြီးများက ပခုံးသို့တိုင်ကျနေသည်မှာ လွန်စွာမှပင်ထူးခြားလှလေ၏။

'ထိုင်ကြကွယ်'

ဖိုးစံအေးကတော့ ကျွန်ုပ်တို့ကိုအသေအချာတွေ့ဟန်တူလေ၏။ ကျွန်ုပ်တို့လည်း ဖိုးစံအေး၏ရှေ့၌ထိုင်လိုက်ကြသည်။

'လူမဟုတ်တဲ့သူတစ်ယောက်နဲ့ လူဟုတ်ပေမယ့် လူမဖြစ်တဲ့သူတစ်ယောက်ပါလား. . . ဘာကိစ္စလဲကွယ့်. . .'

'ကျွန်တော်က ငရဲပြည်က ဝိညာဉ်ထိန်းဆန္ဒပါ အဘိုး'

ထို့နောက် ဆန္ဒကြီးက ကျွန်ုပ်နှင့်စိန်တုတ်တို့၏အကြောင်းကို ဖိုးစံအေးအားရှင်းပြလေ၏။ ဖိုးစံအေးက စူးစူးစိုက်စိုက်နားထောင်လေသည်။

'ဇာတ်လမ်းကတော့ အဆန်းပဲကွ. . . ယမမင်းကြီးရဲ့အမိန့်တိုတောင် ဖီဆန်ရဲတဲ့ကောင်ဆိုတော့ ပေါ့ခေခေတော့မဟုတ်ဘူး. . . သူ့ရဲ့ ဝိနာဘာဝဝိညာဉ်ကို အဘိုးဒီကနေ တေဇောမီးဓာတ်နဲ့မှုတ်ပြီး နှိမ်နင်းပေးလို့ရတယ်. . . ဒါပေမဲ့ ဝိညာဉ်ကို အပြင်ထွက်သွားအောင်အသုံးပြုရမယ့် မီးအပူရှိန်က အင်မတန်ပြင်းထန်တဲ့အတွက် သူ့ဝင်စီးထားတဲ့ ခန္ဓာနာဗ်ကြောတွေကိုထိခိုက်ပျက်စီးသွားစေနိုင်တယ်. . . ဘာကြောင့်လဲဆိုတော့ လိပ်ပြာခန္ဓာလို့ခေါ်တဲ့ ဝိညာဉ်ဟာ ခန္ဓာကိုယ်"ချက္ကရ"ရဲ့အတွင်းဆုံးအထပ်မှာ ခိုအောင်းနေတဲ့အတွက် သူ့ကိုပျက်စီးအောင်လုပ်ရင် ခန္ဓာကိုယ်ပါလိုက်ပြီး ပျက်စီးသွားနိုင်တာပေါ့ကွာ. . .'

'ဟုတ်ပါတယ် အဘိုး. . . ဒါဆိုရင် ဘယ်လိုလုပ်ရမလဲ. . .'

ဖိုးစံအေး၏စကားကို ဝိညာဉ်ထိန်းဆန္ဒကထောက်ခံပြီး ဆက်၍မေးလေ၏။ ကျွန်ုပ်မှာတော့ စိတ်များပူပင်လွန်းလှသည့်အတွက် တုန်လှုပ်စွာနှင့်ပင် နားထောင်နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

 ဉက္ကာပင်ဆေက်

‘ဒီလိုလုပ် . . . ဒီမကောင်းဆိုးဝါး ဝိနာဘာဝကောင်ကြီး ဒုစရိုက်အမှုတွေဆက်ပြီးမလုပ်နိုင်အောင်တော့ အဘိုး ဒီကနေထိန်းပေးလိုက်မယ်’

ဖိုးစံအေးက ပြောပြောဆိုဆိုနှင့်ပင် မှိုင်းခံစက္ကူတစ်ရွက်ကိုယူ၍ အောက်ပါအင်းတစ်ကွက်ကို ချရေးလိုက်လေ၏။

| | | | |
|---|---|---|---|
| | ၁ | ၄ | |
| ၁၁ | ၆ | ၉ | ၂ |
| ၈ | ၃ | ၁၂ | ၅ |
| | ၁၀ | ၇ | |

လက်ဂျာရစ် အင်းဆံသွင်းသည့်ပုံစံ

| | | | |
|---|---|---|---|
| | စ | ဝ | |
| ဗ | ဓ | စ | ဓ |
| ဝ | ဗ | ဝ | စ |
| | ဓ | ဗ | |

ဖိုးစံအေးရေးလိုက်သည့်အင်း

(လေ့လာလိုက်စားလိုသူများအတွက် ဗဟုသုတအလို့ငှာ ထည့်သွင်းဖော်ပြလိုက်ပါသည်။ စာရေးသူ. . .။)

ဆိတ်ငြိမ်စွာနှင့် အင်းဆံသွင်းခြင်းအမှုကိုပြုလုပ်စီရင်ပြီးနောက် ဖိုးစံအေးသည် ကျွန်ုပ်အားကြည့်ပြီး ဤသို့ဆိုလေ၏။

‘ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးရဲ့သားတော် ဆင်ဖြူရှင်မင်းလက်ထက်တုန်းက တောင်တွင်းကြီးမြို့နဲ့ ချောက်မိုင်လောက်ဝေးတဲ့ ဗိဿနိုးမြို့ဦး ရွှေရောင်တော်ဘုရားကြီးနားမှာ ဘုန်းတော်ကြီး ဦးလက္ခဏဟာကျောင်းထိုင်တယ်ကွဲ. . . တစ်နေ့ကျတော့ သူနဲ့ဘဝဟောင်းတစ်ခုမှာ ညီအစ်ကိုအဖြစ်ရေစက်ဆုံခဲ့ဖူးတဲ့ လူငယ်ဝိဇ္ဇာမိုရ်တစ်ယောက်က သူ့ကို ကြေးနီပုရပိုဒ်ကြီးတစ်ဆူလာပေးတယ်. . . အဲဒီပုရပိုဒ်ထဲမှာ လောကီယပညာမျိုးစုံကိုရေးထားတယ်. . . ဒါပေမဲ့ ဘုန်းတော်ကြီးက အိုမင်းနေပြီဖြစ်တဲ့အတွက် ဒီပညာတွေကိုမလေ့လာ မလိုက်စားဖြစ်တော့ဘူး. . . ဘုန်းတော်ကြီးပျံလွန်သွားတဲ့အချိန်မှာ ဆရာတော်ကြီးရဲ့အသုံးအဆောင်ပစ္စည်းတွေကို ဆရာတော်ကြီးရဲ့တပည့်များဖြစ်တဲ့ ဦးပဋိပ္ပန္နနဲ့ ဦးပညာသာမိတို့ကဦးဆောင်ပြီး ကျောင်းမှာရှိတဲ့ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားတွေကို အမွေအဖြစ်ခွဲဝေ ပေးကြတယ်. . .

www.burmeseclassic.com



အဲဒီမှာ မောင်အောင်ဆိုတဲ့ကျောင်းသားလေးက ဆရာတော်ကြီးရဲ့ ခေါင်းအုံးတစ်လုံးကိုရလိုက်သကွဲ့. . .'

ကျွန်ုပ်တို့သည် ဖုံးမအေး၏ ရှည်လျားသည့်စကားများကို ငြိမ်သက်စွာနားထောင်ကြလေ၏။ ဖိုးစံအေးက ဆက်ပြောပြန်သည်။

'ဒီကျောင်းသားလေးကနောက်ကျပြီးမှရောက်လာလို့ လက်ကျန် ခေါင်းအုံးလေးတစ်လုံးပဲရပေမဲ့ ကံကောင်းသူတစ်ယောက်တော့ဖြစ်သွားတယ်. . . သူ့ရဲ့အခန်းရောက်လို့ ခေါင်းအုံးပေါ်မှာလှဲအိပ်လိုက်တော့ အထဲမှာ ခပ်မာမာအရာဝတ္ထုတစ်ခုရှိနေတာကိုသိရပြီး ခေါင်းအုံးကိုဖောက်ကြည့်လိုက်တော့ ကြေးနီပုရပိုဒ်ကြီးဖြစ်နေတာကိုတွေ့လိုက်ရတယ်. . . ဟော်ဒီအင်းပညာဟာ အဲဒီပုရပိုဒ်ထဲက ပညာပဲ. . . ဒီပညာရပ်တွေနဲ့ သိဒ္ဓိပေါက်သွားတဲ့သူကတော့ ကျောင်းသားလေးမောင်အောင်ဆိုတဲ့ပထမ ဘိုးဘိုးအောင်ပဲပေါ့ကွာ. . . ဟောဒီအင်းဟာ လူတစ်ယောက်ရဲ့လိပ်ပြာ ခန္ဓာကိုမေ့မျောသွားစေနိုင်တယ်. . . ဒါဆိုရင် ဒုစရိုက်အလုပ်တွေကို မလုပ်နိုင်တော့ဘူးပေါ့. . . ကဲ ငါ အဓိဋ္ဌာန်ပြီး ဝိနာဘာဝကောင်ဆီကို အမြန်ရောက်အောင်ပို့လိုက်မယ်'

ဖိုးစံအေးသည် အင်းစာရွက်လေးကို လက်ဝါးပေါ်ဖြန့်တင်၍ နှုတ်မှတစ်စုံတစ်ခုကိုရွတ်ဆိုလိုက်၏။ ထို့နောက် လက်ဝါးပေါ်မှအင်း စာရွက်ကလေးကို အသာအယာ လေနှင့်မှုတ်လိုက်သည့်ခဏ စာရွက်က လေးသည် လွင့်ပျံပျောက်ကွယ်သွားလေတော့သတည်း။

'မင်းတို့ရုပ်ခန္ဓာထဲက ဝိညာဉ်ကို ဘာတစ်ခုမှမပျက်စီးစေဘဲ ထုတ်ယူနိုင်စွမ်းရှိတဲ့သူတစ်ယောက်ဆီကို ဆက်သွားကြရမယ်. . . သူက အခုအချိန်မှာ "သုဒဿန"ရွှေတောင်ကြီးပေါ်မှာရောက်နေတယ်'

'သူ့နာမည်က ဘယ်သူလဲ အဘိုး'

'သူ့နာမည်က စက္က. . . တဲ့'

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## သုဒဿနရွှေတောင်ယို့ခရီးအစ

'ကိုကြီးဆန္ဒ. . . သုဒဿနတောင်ကိုသိလား. . .'

'သိတယ်. . . နတ်ဒေဝတာတွေပျော်ရွှင်ပွဲလုပ်တဲ့တောင်ပဲ. သာမန်လူတွေမရောက်နိုင်ဘူးကွ'

'ကိုကြီးဆန္ဒရောက်ဖူးလား'

'ယမမင်းကြီးနဲ့ တစ်ခေါက်ရောက်ဖူးတယ်. . . နတ်ပြဿာတွေ အစည်းအဝေးလုပ်တုန်းက. . . ယမမင်းကြီးက ငါတို့ကိုခေါ်သွားတာ'

'ဒီကနေ ဘယ်လောက်ကြာကြာသွားရလဲ'

'ငါတို့ အသထိုရ်ယာဉ်လို အသံထက်မြန်တဲ့အရှိန်နဲ့မောင်းရင် သုံးနာရီလောက်မောင်းရလိမ့်မယ်. . . အဲဒီတောင်ကြီးဟာ ယူဇနာ တစ်ရာ့ငါးဆယ်အမြင့်ရှိပြီး တောင်ပေါ်မှာ ရွှေဂူကြီးနှစ်လုံးရှိတယ်. . . ဂူရဲ့အကျယ်ဟာ တစ်ယူဇနာလောက်ကျယ်ပြီး ဘေးပါတ်လည်မှာ လိုဏ်ပေါက်ကြီးတွေဖြစ်နေတဲ့အတွက် လင်းလင်းချင်းချင်းရှိတယ်. . . တောင်ထိပ်မျက်နှာပြင်တစ်ခုလုံးဟာ ရွှေစင်ရွှေသားတွေနဲ့အတိပြီးနေလို့ လင်းလက်နေတာပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'တော်တော်တန်ဖိုးရှိမယ့်တောင်ပဲ'

'ဒါတင်ဘယ်ကဦးမလဲကွာ. . . အဲဒီတောင်ပေါ်မှာ ထူးဆန်းတဲ့ သစ်ပင်တွေပေါက်တယ်. . . သူ့ရဲ့အညှာအရွက်၊ အပွင့်တွေဟာ လေတိုက်တဲ့အခါမှာ ထူးခြားပြီး သာယာနာပျော်ဖွယ်တူရိယာသံလေး တွေထွက်လာတယ်ကွ'

'တော်တော်ဆန်းတာပဲ'

ဆန္ဒကြီးထံမှ အံ့ဖွယ်သုဒဿနရွှေတောင်ကြီးအကြောင်းကို ကြားလိုက်ရသည့်အတွက် ကျွန်ုပ်သည် လက်ရှိဖြစ်နေသည့်ဒုက္ခအပေါင်း ကိုပင် မေ့သွားရ၏။

ကျွန်ုပ်တို့သည် ဖိုးစံအေးအိမ်မှ နှုတ်ဆက်ထွက်ခွာလာပြီး နောက်အသိထိုက်ရိယာဉ်ပျံပေါ်တွင် စကားပြောဆိုလာကြခြင်းဖြစ်လေ၏။

အဿထိုက်ရိယာဉ်ပျံသည် အလွန်လျင်မြန်သည့်အဟုန်နှင့်သွား နေသော်ငြားလည်း သိဒ္ဓိကန်ခိုးများနှင့်တည်ဆောက်ထားသည့်အတွက် အတွင်း၌ လေတိုးသံသဲ့သဲ့မျှကိုပင် မကြားရပါချေ။

ယာဉ်၏ပုံသဏ္ဌာန်နှစ်ဖက်နှစ်ချက် ထွင်းဖောက်မြင်နိုင်သော ဖန်သားများနှင့်ဖြစ်ပြီး ကြက်ဥကဲ့သို့ လုံးမျောမျောပုံစံရှိလေ၏။

'စိုးရာရေ. . . ငါတစ်ခုတော့ တွေးနေမိသကွ. . . မင်းက သာမန်လူတစ်ယောက်ဆိုတော့ တောင်ပေါ်ကိုတက်လို့ရ မရဆိုတာ ပဲ. . .'

'ဟင်. . . ဒါဆို ဘယ်လိုလုပ်မလဲ'

'အင်း. . . ဒါပေမဲ့ မင်းရဲ့ အဖွဲ့တွေကို ငါထွင်းဖောက်လေ့လာ ကြည့်သမျှတော့ မင်းဟာ သူတော်စင်မဟုတ်ပေမယ့် ကိုယ်ကျင့်တရား ပျက်စီးနေတဲ့ကောင်တော့မဟုတ်ဘူး. . . ရတော့ ရကောင်းမယ်ထင်တာ ပါပဲကွာ. . .'

'ကိုကြီးဆန္ဒ. . . တကယ်လို့ တောင်ပေါ်ကို တက်ခွင့်မရှိဘဲ တက်ခဲ့ရင် အန္တရာယ်ဖြစ်နိုင်သလား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်တာပေါ့ကွ. . . တောင်စောင့်နတ်တွေက လက်မခံရင် လေပြင်းမုန်တိုင်းတွေတိုက်ပြီး လှေပ်စီးမိုးကြိုးပစ်တာကိုခံရလိမ့်မယ်. . တစ်ခါတည်း တောင်ခြေချောက်နက်ထဲမှာ မြုပ်ပြီးသားဖြစ်သွားတာပေါ့ကွာ'

'ဟင်. . . ဒါဆိုရင် ကျွန်တော်တက်လို့ဖြစ်ပါ့မလား. . . ကိုကြီးဆန္ဒ'

ကျွန်ုပ်သည် လွန်စွာစိတ်ပျက်သွားမိပြန်၏။ နောက်တစ်ခုက ကျွန်ုပ်အတွက်နှင့် ဝိညာဉ်ထိန်းကြီးဆန္ဒကိုပါ မဆီမဆိုင်အန္တရာယ်ဖြစ်မှာကိုစိုးရိမ်မိ၏။

'ငါ့အတွက်တော့ ထည့်မပူနဲ့ဟေ့. . . ငါက အများဆုံးဖြစ်နိုင်တာက ငရဲသားကိုအချိန်မီ ဖမ်းမမိနိုင်ရင် ယမမင်းကြီးရဲ့အထောင်းခံရမှာ တစ်ခုပဲရှိတယ်. . . ကျန်တာတော့ ဘာအန္တရာယ်မှမရှိနိုင်ဘူး'

ကျွန်ုပ်၏စိတ်အစဉ်ကိုတိုက်ရိုက်သိနေသည့် ဆန္ဒကြီးကပြောလေ၏။

'ဒါဆိုရင် ဒီလိုလုပ်ပါလား. . . ကျွန်တော့်ကို တိုရောက်ႋင် တောင်ခြေမှာပဲချထားပြီး ကိုကြီးဆန္ဒတစ်ယောက်တည်းတောင်ပေါ်တက်ပြီး ဦးစက္ကနဲ့ဒိုတဲ့ ဂိဇ္ဇာကြီးကိုသွားပြောရင်မကောင်းဘူးလား. . .'

'အေး. . . ငါလည်း ဒီလိုပဲတွေးနေတယ်. . . ဒါပေမဲ့ မင်းကို တောင်အောက်မှာထားခဲ့မယ်ဆိုရင်လည်း တောင်ခြေမှာစောင့်ကြပ်နေတဲ့ ဘီလူးယက္ခတွေနဲ့ဖြစ်ပါ့မလားလို့. . .'

ကျွန်ုပ်သည် ငိုချင်သလိုဖြစ်သွားရ၏။ ဆန္ဒကြီးက ဆက်ပြောပြန်သည်။

'ဒီလိုရှိတယ်ကွ. . . စိုးရာရဲ့. . . လူဆိုတဲ့သတ္တဝါတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ အနည်းအများနဲ့ဖွဲ့စည်းထားတဲ့ သတ္တဝါတွေပဲ. . . ဘာမှမတွေ့ရင် ဘာမှမဖြစ်သေးပေမယ့် ရွှေငွေ ကျောက်သံပတ္တမြားတွေကို မျက်ပါးထင်ထင်တွေ့ ပိုက်ဖို့အခါကျရင်



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တပ်မက်မှုတွေပေါ်လာတတ်တယ်. . . နတ်ဒိမယ်တွေလို ချော မောလှပတဲ့ ကုမ္ဘာရီအရွယ် သူယောင်မယ်လေးတွေကိုတွေ့ရင်လည်း စွဲ လန်းနှစ်သက်စိတ်တွေဖြစ်လာတတ်တယ်ကွ. . . နောက်ပြီး တောင်ပေါ် မှာတတခြားလိုချင်စရာ သွားရည်ကျစရာတွေက အများကြီးရှိသေး တယ်။ ခနဲ ကာယ၊ ပီယ၊ အာယု၊ သိဒ္ဓိအမျိုးမျိုးပေါက်တဲ့ ဆေးဂမုန်းပင် တွေကလည်း အများကြီးရှိတယ်. . . ရွှေငွေရတနာ လိုရာရနိုင်တဲ့ လက်နက် အငေါင်းပြီးစေနိုင်တဲ့ နတ်၊လူ အများနှစ်သက်ချစ်ခင်ကြတဲ့ အသက်ရာထောင်ရှည်နိုင်တဲ့ အစွမ်းသတ္တိအမျိုးမျိုးရှိတဲ့ ဆေးဂမုန်း ပင်တွေပေါကွာ ဒါပေမဲ့ မထိုက်တန်ဘဲနဲ့ လိုချင်တပ်မက်စိတ်ပေါ်ခဲ့ရင် တော့ အဲဒီစိတ်လေး တဒင်္ဂပေါ်တဲ့အချိန်မှာပဲ မနောက်မှာ အပြစ်ဖြစ်ပြီ ကွ. . . ဒါကြောင့် ဒီ နေရာတွေကို လူသာမာန်တွေမရောက်နိုင်အောင် နတ်ပြဟ္မာတွေက စီမံ ထားတာပဲ. . .'

ဝိဉာဉ်ထိန်းဆန္ဒက အဘယထိုရ်ယာဉ်ပျံကိုမောင်းနှင်ရင်းမှပင် ကျွန်ုပ်အားရှင်းပြသွားလေ၏။ သုဒဿနခရီးလမ်းကို စိတ်ပင်ပန်းကြီးစွာ နှင့်ပင်ကျွန်ုပ်သည် လိုက်ပါခဲ့ရချေတော့သည်တကား. . .။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးခင်ကြန့်နှင့် နဂါးကြီး

‘သုဒဿနတောင်ကိုတော့ရောက်ပြီကွ’

တောင်ထွဋ်ပိုင်း၌ လမင်း၏အလင်းရောင်အောက်၌ ရွှေစင်ရွှေသားတို့၏အရောင်ဖြင့် ပြိုးပြက်လက်၍နေဘက်ပနေသော မြင့်မားမတ်စောက်သည့်တောင်ကြီးကို ခပ်လှမ်းလှမ်းမှလှမ်းမြင်လိုက်ရ၏။

ထိုခဏ၌ပင် ကျွန်ုပ်တို့စီးလာသည့် အဿထိုရ်ယာဉ်ဖျံသည် လေထဲမှာပင် တုန့်ခနဲရပ်တန့်သွားလေ၏။

‘ဘာဖြစ်တာလဲ ကိုကြီးဆန္ဒ’

‘ကေန္တတော့ စက်ကြိုးယန္တယားနဲ့ ငါတို့သွားလို့မရအောင် တားဆီးထားပုံရတယ်ကွ. . . အလို ဟိုမှာ ဘာပါလိမ့်. . .’

တောင်၏အောက်ခြေတစ်နေရာ၌ တပြောင်ပြောင်တလက်လက်နှင့် အလင်းရောင်ဝိုင်းကြီးများပေါ် ထွက်နေသည့်နေရာတစ်ခုကို ညွှန်ပြရင်း ဆန္ဒကြီးကပြောလိုက်လေ၏။

‘ဒီစက်ကြိုးယန္တယားဆင်ထားတဲ့သူ အဲဒီမှာရှိတယ်ကွ သူ့ရဲ့စွမ်းအင်စက်ဝိုင်းက တအားကြီးမားပြီး ငါတို့ကိုညှို့ခေါ် နေတယ်. . . အဲဒီတို့



www.burmeseclassic.com

www.burmeseclassic.com



သွားရအောင်. . .'

ပြောပြောဆိုဆိုနှင့်ပင် ဆန္ဒကြီးသည် ယာဉ်ပျံကိုအောက်သို့ချိုးကွေ့ပြီး ထိုးဆင်းလိုက်လေ၏။

'နဂါးကြီးပဲကွ'

တောင်ပူစာငယ်တစ်လုံးခန့်အရွယ်အစားရှိ ဦးခေါင်းကြီးနှင့် နဂါးကြီးသည် ခန္ဓာကိုယ်ကိုခွေခေါက်ထားရင်း ပါးပြင်းကြီးကိုထောင်ထားလေ၏။

ကျွန်ုပ်ကို့တွေ့ရသည့် အလင်းရောင်များသည်ကား ထိုနဂါးကြီး၏မျက်လုံးများမှ ပေါ်ထွက်နေခြင်းဖြစ်လေ၏။

ကျွန်ုပ်တို့၏ယာဉ်သည် နဂါးကြီးနှင့် ပြုမ်းမကမ်းတွင်ဆင်း သက်ရပ်တန့်လိုက်၏။ ထိုအခါကျမှ နဂါးကြီး ပါးပြင်းထောင်ထားသည့် ရှေ့ ာည့်တည့်ရှိ ရွှေကျောက်ဖျာကြီးပေါ်တွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ကြရသည်။

ထိုသူသည် ဝဲဘက်လက်မှ ပေစာရွက်တစ်ခုကိုကိုင်ထားပြီးညာဘက်လက်မှ ကညစ်တံတစ်ချောင်းဖြင့် တပဲစုံတစ်ခုကိုရေးခြစ်နေသည်။ ကျွန်ုပ်တို့နှစ်ဦး သူ၏ရှေ့နားသို့ရောက်လာသည်အထိ ကျွန်ုပ်တို့အားမော့မကြည့်ဘဲ သူ၏စာကိုသာပြီးဆုံးအောင်ရေးနေလေသည်။

ထိုသူသည်ကား အသက်လေးဆယ်ခန့်ဟုသာ ခန့်မှန်း၍ရနိုင်သည့် လူရွယ်တစ်ဦးဖြစ်လေသည်။ ရေးလက်စစာကို အဆုံးသတ်ပြီးသည့်အခါမှ ထိုသူသည် ကျွန်ုပ်တို့အားမော့ကြည့်ပြီး သူရေးပြီးသွားသည့်ပေစာရွက်ကိုကမ်း၍ပေးလေ၏။

ဆန္ဒကြီးကပေစာရွက်ကိုယူပြီး ဖတ်ကြည့်လိုက်သည့်အခါ အောက်ပါအတိုင်းရေးထားသည်ကို အံ့ဖွယ်တွေ့လိုက်ရလေသည်။

'ခန္ဓာကိုယ်ပျောက်ဆုံးသွားမှုကြောင့် ပူပင်သောကရောက်နေသော စိုးရာဟုအမည်တွင်သည့် သူငယ်လေးသည် ယမမင်းကြီး၏ဟမာန်တော် တစ်ဦးဖြစ်သူဆန္ဒအား အဖော်ပြု၍ ဤနေရာသို့ရောက်လာခဲ့ပေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးစက္ကူ ဟုတ်ပါသလားခင်ဗျာ'

'ဟုတ်တယ်. . . ကျုပ်မင်းတို့ကိုစောင့်နေတာ'

ချောချောမောမော ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ဆုံရသည့်အတွက် ကျွန်ုပ်သည် အလွန်ဝမ်းသာသွားရ၏။

'ပေါင်ထိပ်ကိုစက်တဲ့ဝေဟင်လမ်းမှာ စက်ကြိုးတွေ ဘာကြောင့်ဆင်ထားရတာလဲ'

ဆန္ဒကြီး၏အမေးကြောင့် ဆရာကြီးစက္ကူကပြုံးလိုက်၏။

'တစ်ချိန်တစ်ခါတုန်းက စကြဝဠာတတိုင်းပေါ်က ရေးကူးလာတဲ့ လျှို့ဝှက်ပညာရပ်တွေသိမ်ဆည်းထားရာ ဝိဇ္ဇာခိုရ်ကျွန်းကြီးဟာ "နိဝရဏ" တရားမကင်းစင်သေးတဲ့ စက္ကူဆိုတဲ့လူငယ်လေးတစ်ယောက်ကြောင့် ပြိုယိုင်လဲပြီး ပျောက်ကွယ်သွားခဲ့ရတယ်. . . အခုတစ်ခါလျှို့ဝှက်ဖုံးကွယ်ထားတဲ့ နတ်ဒေဝါတို့ပျော်စံရာ သုဒဿနရွှေတောင်ကြီးကိုလည်း စိုးရာဆိုတဲ့ လူငယ်လေးတစ်ယောက်ကြောင့် မပြိုလဲစေချင်ဘူး. . . ဒီလောက်ဆိုရင် တမာန်တော်ကြီး သဘောပေါက်မှာပါ'

ကျွန်ုပ်ကတော့ ဆရာကြီးစက္ကူ၏စကားကိုနားထောင်ပြီး တရှူးရှူးတရှဲရှဲနှင့်ဦးခေါင်းကို ဘယ်ညာရမ်းခါနေသော နဂါးကြီးကိုကြည့်ပြီး ကျော်ချမ်းနေမိ၏။

'လူကလေး စိုးရာ. . . အားလုံးအပေါ်မှာ မေတ္တာထားပါ. . . မေတ္တာတရားဆိုတာ အစူးရှဆုံးလက်နက်တစ်ခုပဲကွဲ. . .'

ကျွန်ုပ်၏နဂါးကြီးအပေါ် တိတ်လန့်တုန်လှုပ်မှုကို သိနေသည့်အတွက် ဆရာကြီးစက္ကူက အေးဆေးစွာဖြင့်ပြောလေ၏။

'လူကလေး စိုးရာ. . . စပါးလုံးတစ်ထောက်စာအရေပြားကို ဖယ် ကြည့်လိုက်ရင် အင်မတန်စက်ဆုတ်ရွံရှာဖွယ်ကောင်းတဲ့ ခန္ဓာကိုယ်ကြီးကို ဘာကြောင့်များ မက်မောနေရတာလဲ. . . ဘာကြောင့် ဒီလောက် ပူပန်သောကဗျာပါဒတွေဖြစ်နေရတာလဲကွယ်. . .'

'ဒါက. . . ဒါက. . . အီးဟီးဟီး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဝမ်းပန်းတနည်းငိုချလိုက်မိပြန်၏။ ကျွန်ုပ်သည် အငိုထူသူတစ်ယောက်ပင်ဖြစ်နေချေပြီတကား။

'ကဲပါလေ. . . အချိန်အခါမကျသေးရင် ဒီလိုပဲ. . . အမိုက်မှောင်တိမ်သလ္လာတွေက ဖုံးကွယ်နေတတ်တယ်. . . မင်းဟာ ငရဲပြည်ကို ရောက်ခဲ့ပြီးပြီ. . . ပြန်ပြောလို့မတတ်လောက်အောင်ကို ထိတ်လန့်ရွံရှာကြောက်မက်ဖွယ်ကောင်းတဲ့မြင်ကွင်းတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့လာခဲ့ပြီးပြီ. . . အခုတစ်ခါ နတ်ဒေဝါတို့ရဲ့ပျော်စံရာ ဟောဒီသုဒဿနတောင်ခြေကိုလည်းရောက်လာခဲ့ပြီ. . . ငရဲပြည်မှာ ငရဲသားတစ်ယောက်အတွက် သုခချမ်းသာခြင်းဆိုတာ တစ်ရံမလပ်မရှိသလို အခု ဒီသုဒဿနရွှေတောင်ပေါ်မှာတော့ ဆင်းရဲဒုက္ခရောက်ခြင်းဆိုတာ စိုးစဉ်းမျှမရှိဘူးကွဲ့။ ဒီတော့မင်းဘယ်ဟမ်းရွေးမလဲဆိုတာ မင်းအပေါ်မှာပဲမူတည်တယ်. . . လူဆိုတာ ကိုယ်လျှောက်မယ့်လမ်းကို ကိုယ့်ဘာသာဖောက်ကြတဲ့သတ္တဝါတစ်မျိုးပဲ. . . ကျုပ်ပြောတာနားလည်ရဲ့လား. . .'

'နားလည်ပါတယ် ဆရာကြီး'

'ဟောဒီလောကကြီးထဲမှာ လူတစ်ယောက်ရဲ့ဘဝအတွက် "စိတ်"ဆိုတာအရေးအကြီးဆုံးပဲ. . . ဒီစိတ်ကြောင့် ကောင်းမြတ်တဲ့သုခချမ်းသာတွေကိုစံစားနိုင်သလို အဲဒီစိတ်ကြောင့်ပဲ နစ်မွန်းဆုံးရှုံးခြင်းတွေကို ရရှိစေ နိုင်တယ်ကွဲ့. . . ဟောဒီ သုဒဿနရွှေတောင်ကြီးကို တက်နိုင်ဖို့ဆိုတာ မခက်ဘူး. . . အလွယ်လေးပါ. . . ကိုယ်ပိုင်ဆိုင်တဲ့စိတ်ကို ဖြူစင်အောင် မြင့်မြတ်အောင်အရင်လုပ်ရမယ်. . . စိတ်မိုက်၊ စိတ်ရိုင်း၊ စိတ်ယုတ်မာတွေ ကိုအဝင်မခံစေနဲ့. . . စိတ်ကောင်းစေတနာကောင်းတွေကိုသာ ကျင့်ကြံမွေးမြူနိုင်ခဲ့ရင် ဒီဘဝမှာတင် ချမ်းသာသုခအပေါင်းတို့ကို လိုတိုင်းတရစေနိုင်တဲ့ သုဒဿနရွှေတောင်ကြီးပေါ်ကို လွယ်လွယ်ကလေးတက်ရောက်နိုင်မှာပါ. . .'

စကားဆုံးသည့်အခါ၌ ဆရာကြီးစက္ကုသည် မျက်လုံးကိုချ၍ အတန်ကြာအောင်ငြိမ်သက်၍နေလေ၏။ ထို့နောက် မျက်လုံးကိုပြန်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး . . .

'ချုပ်နှောင်ထားတဲ့ မကောင်းဆိုးဝါးဝိညာဉ်ကြီးက လွတ်ထွက်သွားပြီကွ'

'ဗျာ'

'ဆရာကြီးဖိုးစံအေးရဲ့စမအင်းပြားက သူ့ရဲ့အင်္ကျီအိတ်ကပ်ထဲကိုထည့်လိုက်ပြီး သတိလစ်မေ့မျောစေတာပေါ့ကွာ. . . တကိုယ်လုံးဇောချွေးတွေပြန်ပြီး လဲနေတာကို မင်းသူငယ်ချင်းနှစ်ယောက်က သဘောရိုးနဲ့ အင်္ကျီချွတ်ပြီး ရေပတ်တိုက်ပေးလိုက်တော့ ချုပ်ထားတဲ့အနှောင်အဖွဲ့က လွတ်သွားတာပေါ့. . .'

'အမလေး. . . ဒုက္ခပါပဲ ဆရာကြီးရယ်'

'ဟုတ်တယ်ကွ. . . ဒုက္ခဆိုတာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးနဲ့ ဝင်ရောက်လာတတ်တဲ့ သတ္တဝါမျိုးပဲ. . . ဒီလိုလုပ်မင်းတို့ အခုအမြန်ပြန်နှင့်ကြ. . .'

'ဟင်. . . ဆရာကြီးရော အတူမလိုက်ဘူးလား'

'ကျုပ်. . . ရောက်ခဲ့မှာပါလေ'

သည်သို့နှင့်ပင် ဧဗျွန်ပ်တို့သည် အသဃထိုရ်ယာဉ်ပျံပေါ်တက်၍ အမြန်ပြန်မောင်းနှင်လာခဲ့ကြရလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## မိစ္ဆာကောင်၏နောက်ဆုံးလမ်း

ကျွန်ုပ်တို့ပြန်ရောက်သည့်အချိန်၌ မိုးထိန်ထိန်လင်းနေပေပြီ။ ကျွန်ုပ်တို့သည် ယခင်အကိုင်းပင် ယာဉ်ပျံကိုထားခဲ့ပြီး အိမ်သို့လေဟုန်စီး၍လာခဲ့ကြ၏။

အပြန်ခရီးလမ်းတစ်လျှောက်၌ ကျွန်ုပ်၏စိတ်များအား စနိုးစနောင့်အဖြစ်ရဆုံးအချက်မှာ ဆရာကြီးစက္ကူမှာ အချိန်မီမရောက်ခဲ့လျှင်ဟူသည့်အချက်ပင်ဖြစ်ပါသည်။

စိန်တုတ်၏ဗာဒံပင်သို့အရောက်၌ ခပ်လှမ်းလှမ်းကျွန်ုပ်တို့၏လမ်းကလေးထဲသို့ချိုးကွေ့ဝင်သွားသောချစ်သူခင်ဘုန်းကိုတွေ့လိုက်ရလေရာ. . .

'ကိုကြီးဆန္ဒ. . . ခပ်မြန်မြန်လေး'

'ဘာဖြစ်လို့လဲကွ'

'ဟိုးမှာ. . . ကျွန်တော့်ချစ်သူလမ်းထဲဝင်သွားပြီ'

'ဝင်သွားတော့ ဘာဖြစ်လဲ'

အရေးထဲ ဝိညာဉ်ထိန်းဆန္ဒကြီးက ကျွန်ုပ်အားနောက်နေသေး



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်ုပ်ကတော့ ချစ်သူခင်ဘုန်း မကောင်းဆိုးဝါးကောင်စိန်တုတ်နှင့် တွေ့လျှင် ဖြစ်ပေါ်လာမည့်ကံကြမ္မာကိုသာ အလွန်အလွန်တွေးပူနေမိ၏။

မကြာခင်မှာပင် ခပ်ဖြည်းဖြည်းယမ်းလျှောက်နေသော ခင်ဘုန်းကို မီလာလေ၏။ ခင်ဘုန်းသည် ဤကနေ့တွင်မှ ပိုပိုချော့မောလှပနေသည် ဟု ကျွန်ုပ်ထင်နေမိ၏။

ကျွန်ုပ်တို့သည် ခင်ဘုန်း၏အနီးမှပင် လျှောက်လိုက်လာကြသည်။ ခင်ဘုန်းကတော့ ကျွန်ုပ်တို့ကိုမမြင်နိုင်သလို ကျွန်ုပ်တို့၏အသံကိုလည်းကြားနိုင်မည်မဟုတ်ပါ။

'ကိုကြီးဆန္ဒ. . .ကျွန်တော် သူ့ကို အိမ်ကိုမသွားအောင်တားချင်တယ်'

'မင်းတားလို့တော့ဘယ်ရမလဲ. . .မင်းမှာ ဘာအစွမ်းအစမှမရှိတာ. . . ငါတားပေးရင်တော့ ရတာပေါ့. . . အခု သူ့ကို ငါ ကိုယ်ထင်ပြပြီး မိန်းကလေး မင်းမသွားနဲ့လို့ပြောလိုက်ရင် သူဘယ်လိုဖြစ်သွားမလဲ. . . သရဲခြောက်တယ်ဆိုပြီး ကြောက်လန့်တကြားနဲ့ အသက်ပါပျောက်သွားနိုင်တယ်'

'အင်း. . . ဒါလည်းဟုတ်တာပဲ. . . ဒါပေမဲ့ ကျွန်တော် သူ့ကို စကားတစ်ခွန်းတော့ ပြောချင်လိုက်တာဗျာ. . .'

'ပြောချင်ရင်တော့ ရမယ်လေ. . . မင်းလက်ကို ငါကိုင်ထားပေးမယ်. . . ငါ့ဆီကတန်ခိုးနဲ့ သူကြားအောင်ပြောလို့ရတယ်. . . သူ့လက်ကိုလည်း ကိုင်ဆွဲလို့ရတယ်'

ဆန္ဒကြီးသည် ကျွန်ုပ်၏ လက်ကောက်ဝတ်နေရာအား ဆုပ်ကိုင်လိုက်၏။ သူ့ထံမှပူနွေးသောစီးကြောင်းတစ်ခု ကျွန်ုပ်ထံသို့တိုးဝင်လာသည်ကိုခံစားလိုက်ရ၏။ ထိုအခါ ကျွန်ုပ်က တုန်တုန်ရီရီအသံကြီးနှင့် "ခင်ဘုန်း" ဟုခေါ်လိုက်လေရာ ခင်ဘုန်းသည် အံ့အားသင့်စွာဖြင့် မင်သက်ရပ်တန့်လိုက်ပြီး လှည့်ကြည့်လေ၏။ သို့သော် ဘာကိုမှမမြင်ရသည့်အခါ ဇဝေဇဝါနှင့် မျက်မှောင်ကြုတ်လိုက်သည်ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဘုန်း. . . ကိုစိုး ဒီမှာ'

ကျွန်ုပ်က ပြောပြောဆိုဆိုနှင့် သူ၏လက်ကလေးအားကိုင်ဆွဲလိုက်လေရာ ခင်ဘုန်းသည် ဆတ်ခနဲတုန့်သွားပြီး. . .

'အမလေး. . . သရဲ'

ဟုအော်ဟစ်ကာ လက်ကိုဆောင့်ရုန်း၍ ကျွန်ုပ်၏အိမ်ဘက်သို့ ပြေးလေတော့၏။

'စိုးရာ ရေ. . . မင်းလုပ်လိုက်မှ ပိုဆိုးကုန်ပြီကွ'

ဆန္ဒကြီးနှင့် ကျွန်ုပ်တို့သည်လည်း ခင်ဘုန်း၏နောက်သို့ အမြန်လိုက်ကြရလေ၏။

'ကိုစိုးရေ. . . သရဲ. . . သရဲ. . .'

ခြံထဲသို့အော်ဟစ်ပြီး ပြေးဝင်သွားသည့်ခင်ဘုန်း၏အသံကြောင့် အေးချို၊ ဉာဏ်လင်းတို့နှင့်အတူ ကျွန်ုပ်၏ခန္ဓာကိုယ်ကို အပိုင်စီးထားသည့် စိန်တုတ်ကြီးပါ ပြေးထွက်လာလေ၏။

ခင်ဘုန်းက စိန်တုတ်ကိုပြေးဖက်လိုက်ရာ ကျွန်ုပ်၏ရင်ထဲ၌ ကျင်ခနဲဖြစ်သွားရလေတော့သတည်း။

'ဘယ်မှာလဲ. . . ဟင် ဟုတ်တယ်. . . မကောင်းဆိုးဝါးကောင် တွေရောက်နေပြန်ပြီ'

စိန်တုတ်သည် ပြောပြောဆိုဆိုနှင့် သူ၏ခါးကြားထဲမှ ဓားကြီးကို ဆွဲထုတ်လိုက်ပြီး သူပွေ့ဖက်ထားသည့် ခင်ဘုန်း၏လည်မျိုပေါ် သို့ခါးသွားနှင့်ထောက်လိုက်၏။

'ကိုစိုး. . . ကိုစိုး. . . ဘာလုပ်တာလဲ'

'ဟဲ့ကောင်မ. . . ငြိမ်ငြိမ်နေစမ်း. . . ဟိုကောင်တွေ လုံးဝမလှုပ်နဲ့. . . လှုပ်တာနဲ့ ဒီကောင်မကို ငါသတ်လိုက်မယ်. . . ပြီးရင် ငါ့လည်ပင်းကိုငါပြန်ဖြတ်လိုက်မယ်. . . မယုံရင်စမ်းကြည့်လိုက်ဟေ့. . .'

ဆန္ဒကြီးသည် ကျွန်ုပ်၏လက်ကိုလှမ်းဆွဲထားပြီး ငြိမ်ငြိမ်နေဟု သည့်သဘောမျိုးနှင့် လက်ကိုဖျစ်ညှစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အေးချိုနှင့်ဉာဏ်လင်းတို့ကတော့ မျက်လုံးအပြူးသားနှင့် စိန်တုတ်နှင့်ခင်ဘုန်းကိုကြောင်၍ကြည့်နေ၏။

'ဟီးဟီးဟီး. . ချောချောလှလှချစ်စရာလေး. . အပေးပေး'

စိန်တုတ်ကြီးသည်နှုတ်မှ ရွှီရှာဖွယ်အသံကြီးနှင့်ပြောပြီး လက်တစ်ဖက်ကလည်း ခင်ဘုန်း၏ခန္ဓာကိုယ်အား ပွတ်သပ်နေသည့်အတွက် ခင်ဘုန်းက ရုန်းလိုက်လေရာ. . .

'ဟဲ့ကောင်မ. . . ငြိမ်ငြိမ်မနေဘူး. . . သေသွားမယ်'

စိန်တုတ်က ဝေါက်ငန်းရင်း ဓားဦးချွန်နှင့်လည်မျိုအား စပါးလုံးဟစ်ထောက်ခန့်ထိုးလိုက်သောကြောင့် လည်ပင်း၌သွေးစီးကြောင်းလေးတစ်ခုဖြာဆင်းကျလာလေ၏။

'ကိုစိုး. . . ဘယ်လိုဖြစ်တာလဲ ကိုစိုးရယ်. . . ခင်ဘုန်းလေ'

'တိတ်တိတ်နေစမ်း'

စိန်တုတ်၏အော်ဟစ်လိုက်သည့်အသံနက်ကြီးကြောင့် ခင်ဘုန်း၏ပြောလက်စစကားတို့ ရပ်တန့်သွားရ၏။ ခင်ဘုန်းနှင့်စိန်တုတ်တို့၏ဖြစ်အင်ကိုကြည့်ပြီး ကျွန်ုပ်သည် အလွန်နာကျင်စွာခံစားရလေ၏။

ထိုအချိန်မှာပင် "ရပ်"ဟူသည့် အားပါသောအသံနှင့်အတူ လူတစ်ယောက်သည် မိုးပေါ်မှခုန်ဆင်းချလာသည့်အလား ဝုန်းခနဲပေါ်လာလေ၏။ ဆရာကြီးစက္ကုပင်တည်း။

သူ၏"ရပ်"ဟူသည့်အသံမှာ မည်မျှအထိသြဇာအာဏာ တန်ခိုးအာနိသင်တို့ ရှိသနည်းဆိုလျှင်မူ ရမ်းကားသောင်းကျန်းနေသည့်စိန်တုတ်ကြီးသည် ကျောက်ရုပ်ကြီးတစ်ရုပ်လို မလှုပ်မရှားနိုင် ငြိမ်သက်သွားခြင်းကသက်သေပြလေ၏။

ထို့နောက် ဆရာကြီးစက္ကုက စိန်တုတ်၏လက်ထဲမှ ခင်ဘုန်းကို အသာအယာဆွဲထုတ်ယူလိုက်ပြီး ငေးကြောင်ကြည့်နေသည့် ဉာဏ်လင်းနှင့် အေးချိုတို့ဘက်လှည့်ကာ. . .

'လူကလေးတို့. . . ဒါ မင်းတို့သူငယ်ချင်းစိုးရာမဟုတ်ဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



စိုးရာရဲ့ခန္ဓာကိုယ်ထဲဝင်ပြီးသောင်းကျန်းနေတဲ့ မိစ္ဆာကောင်စိန်တုတ်ပဲ. . . မင်းတို့ သူငယ်ချင်းက ဟိုးမှာ. . .'

ဟုဆိုပြီး ကျွန်ုပ်ဘက်သို့ လက်ညှိုးထိုးပြသောကြောင့် ကျွန်ုပ်က

'ငါဒီမှာ. . .'

ဟုပြန်ပြောလိုက်ရာ ချစ်သူခင်ဘုန်းနှင့်အတူ သူငယ်ချင်းနှစ်ဦးပါ မျက်လုံးပြူးသွားကြရ၏။

'စိန်တုတ်ဆိုတဲ့ မကောင်းဆိုးဝါးကောင်ဟာ လူသတ်ဓားပြတိုက် ဒုစရိုက်မှုမျိုးစုံလုပ်ပြီး အသေဆိုးနဲ့သေခဲ့ရတဲ့ မိစ္ဆာကောင်ကြီးပဲ. . . သူဟာ ယမမင်းကြီးရဲ့အမိန့်ကိုတောင် မကြောက်မရွံ့လက်တစ်လုံးခြားလုပ်ပြီး ရှောင်တိမ်းပြေးလွှားနေခဲ့တယ်. . . သူ့ကို ငရဲပြည်မှာ ထိုက်ထိုက်တန်တန် အပြစ်ပေးဖို့ သူ့ကိုဖမ်းဆီးခေါ်ဆောင်သွားမယ့် ယမမင်းကြီးရဲ့တမန်တော် ကိုဆန္ဒလည်း ဟောဟိုမှာ မင်းတို့ရဲ့သူငယ်ချင်းစိုးရာနဲ့အတူရှိသကွ'

ထို့နောက် ဆရာကြီးစက္ကက ကျွန်ုပ်တို့ဘက်လှည့်ပြီး. . .

'ကိုဆန္ဒရေ. . . ကျုပ် ဒီဝိနာဘာဝဝိညာဉ်ကောင်ကြီးကို ဆွဲထုတ်ပေးပြီးတာနဲ့ ခင်ဗျားကုတ်ဆွဲပြီးတော့သာ ဖမ်းသွားပေတော့ လူကလေးမောင်စိုးရာကလည်း မင်းခန္ဓာကိုယ်ထဲက ဒီမိစ္ဆာကောင်ရဲ့ဝိညာဉ် ထွက်သွားတာနဲ့ဂစ်ပြိုင်နက် ကိုယ်ထဲကိုပြန်ခုန်ဝင်လိုက်ပေတော့ဟေ့'

ဆရာကြီးစက္ကသည် ကျောက်ရုပ်ကြီးပမာ မျက်လုံးကြီးပြူး ပါးစပ်ကြီးဟပြ၍ ရပ်နေသည့်ခန္ဓာကိုယ်ကြီးအရှေ့သို့ သွားပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆို၍ ပွင့်နေသည့်ပါးစပ်ပေါက်မှာတစ်ဆင့် စိန်တုတ်ကြီး၏ဝိညာဉ်ကို ဆွဲထုတ်လေ၏။

ထိုအခါ မကောင်းဆိုးဝါးဝိညာဉ်ကောင်ကြီးသည် ရွံ့တွံလိမ်ခေါက်၍ထွက်လာလေတော့သည်။ တစ်ကောင်လုံးထွက်လာသည့်အခါ ကျမှ ဝိညာဉ်ထိန်းဆန္ဒကြီးဆီသို့ပစ်ပေးလိုက်ရာ ဆန္ဒကြီးကအလိုက်သင့် ကုတ်ကိုဆွဲ၍ *ဖမ်းဆီးလိုက်လေ၏။*

စိန်တုတ်က အမျိုးမျိုးအော်ဟစ်ပြောဆိုရာ ဝိညာဉ်ထိန်းဆန္ဒကြီး



www.burmeseclassic.com

www.burmeseclassic.com



က တဖျောင်းဖျောင်းရိုက်လေတော့၏။ ဆန္ဒ၏ရိုက်ချက်တို့သည် မကောင်းဆိုးဝါးဝိညာဉ်များအတွက် မခံမရပ်နိုင်အောင်နာကျင်စေသည့် တန်ခိုးအစွမ်းများ ပါရှိလေသောကြောင့် စိန်တုတ်သည်ငယ်သံပါအောင် အော်ရင်း မရှုမလှခံနေရလေတော့၏။

ကျွန်ုပ်သည်လည်း ဆန္ဒကြီးနှင့်စိန်တုတ်တို့ကိုကြည့်ပြီး ဝိညာဉ်မဲ့သွားပြီဖြစ်သည့် ကျွန်ုပ်၏ခန္ဓာကိုယ်ထဲ ခုန်၍ဝင်လိုက်လေတော့သည်။

ထိုအခါ ယခင်ကျောက်ရုပ်ပမာဖြစ်နေခဲ့သည့် ကျွန်ုပ်၏ကိုယ်ခန္ဓာသည် ပြန်လည်၍အသက်ဝင်လာတော့၏။ ကျွန်ုပ်သည် လက်ထဲတွင် ဆုပ်ကိုင်ထားရက်သားဖြစ်နေသည့် ဓားကြီးကို ကြောက်လန့်တကြားပစ်ချလိုက်မိလေသည်။

ထို့နောက် ဆရာကြီးစက္က၏ ခြေအစုံကို ကျွန်ုပ်၏နဖူးဖြင့် ဦးတိုက်ပြီး ကန်တော့လိုက်မိလေသည်။ ထိုအချိန်၌ ဆန္ဒကြီး၏အသံကိုကြားလိုက်ရလေသည်။

'စိုးရာရေ. . . မင်းနဲ့ငါ တစ်ချိန်မှာ ပြန်ဆုံကြလိမ့်မယ်လို့တော့ထင်တာပဲ. . . ဒါပေမဲ့ ငရဲပြည်မှာတော့ပြန်မဆုံချင်ဘူး. . . ငါ့ကောင်ရေ သုဒဿနရွှေတောင်ပေါ်က နတ်ဗြဟ္မာအစည်းအဝေးမှာပဲဖြစ်ဖြစ်၊ နတ်ဒေဝတာပျော်ပွဲရွှင်ပွဲမှာပဲဖြစ်ဖြစ် ပြန်ဆုံကြရအောင်ဟေ့. . . ဆရာကြီးစက္ကဆီက နည်းနာလေးတွေတောင်းပြီး ကြိုးစားပေါ့ကွာ. . . ဟုတ်ပြီလား'

'ဟုတ်ကဲ့ ကိုကြီးဆန္ဒရေ. . . ကိုကြီးဆန္ဒရဲ့ကျေးဇူး ကျွန်တော့်အပေါ်မှာ ကြီးမားပါတယ်. . . တစ်ချိန်ချိန်မှာ ပြန်ဆပ်နိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်. . . ကိုကြီးဆန္ဒပြောသလိုပဲ ကောင်းမွန်မြင့်မြတ်တဲ့တစ်နေရာရာမှာ ပြန်ဆုံတွေ့နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ်ဗျာ. . . '

ကျွန်ုပ်သည် ဝိညာဉ်ထိန်းကြီးဆန္ဒအား လှိုက်လှိုက်လှဲလှဲ ပြန်လည်ပြောဆိုမိလေ၏။

'သွားပြီ စိုးရာရေ. . . '



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ထိန်းကြီးဆန္ဒက နှုတ်ဆက်ပြီးသည်နှင့် မိစ္ဆာတောင်စိန်တုတ်အား တဖုန်းဖုန်းကန်ကျောက်ရိုက်နှက်ပြီး ခေါ်ဆောင်ထွက်ခွာသွားလေတော့၏။ စိန်တုတ်ကြီး၏ နာကျင်ခံခက်လွန်းသည့်အော်သံကြီးမှာလည်း တစ်စတစ်စနှင့် တိုးတိမ်ပျောက်ကွယ်သွားလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ဘာမဆိုစိတ်

ဆရာကြီးစက္ကသည် အိမ်ဦးခန်း၌ ဆန့်ဆန့်မတ်မတ်တင်ပျဉ်ခွေထိုင်နေပြီး ကျွန်ုပ်တို့လေးဦးကတော့ သူ၏ရှေ့တွင် ကျုံ့ကျုံ့ရုံ့ရုံ့လေး ထိုင်နေကြ၏။

'ဆရာကြီးခင်ဗျာ. . . ဆရာကြီးသာမကယ်တင်ရင် ကျွန်တော့်ဘဝဟာ ဘယ်လိုဖြစ်မလဲဆိုတာ တွေးလို့တောင်မရဲပါဘူး. . .'

ကျွန်ုပ်၏စကားကြောင့် ဆရာကြီးစက္ကကပြုံးလေ၏။

'လူကလေးစိုးရာ. . . ကျုပ်နဲ့မင်းတို့နဲ့ဆုံတွေ့ကြတယ်ဆိုတာ ရေစက်ကြောင့်ပဲ. . . အကြောင်းမဲ့မဟုတ်ဘူး. . . ကယ်တင်တယ်ဆိုတာကလည်း ကယ်တင်လို့ရတဲ့သူကိုမှ ကယ်တင်လို့ရတာ. . . ကယ်တင်လို့မရတဲ့သူကို အင်မတန်စွမ်းအင်ကြီးမားပါတယ်ဆိုတဲ့ တန်ခိုးရှင်ကြီးတွေတောင်မှ ကယ်တင်လို့မရဘူးကွဲ. . . "ကမ္မဝိပါက"ကို ဘယ်တန်ခိုးရှင်မှ မတားဆီးနိုင်ဘူး'

'ကယ်လို့မရတဲ့သူဆိုတာ ဘယ်လိုလူမျိုးလဲ'

'အခု စိန်တုတ်ဆိုပါတော့ကွာ. . . ဒီလိုလူမျိုးကို ကျုပ်လို


www.burmeseclassic.com

www.burmeseclassic.com



သာမညတစ်ယောက်မှပြောနဲ့ ဘုရားရှင်သက်တော်ထင်ရှားရှိနေရင်တောင် ကယ်တင်လို့ရမှာမဟုတ်ဘူး. . . လူဆိုတာ ကိုယ်ပြုမူလုပ်ကိုင်ခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တို့ရဲ့အကျိုးအပြစ်ကို အနှေးနဲ့အမြန် မုချခံစားကြရမယ်ဆိုတဲ့စကားဟာ ငါတို့ ဗုဒ္ဓဘာသာဝင်တွေအားလုံးသိထားတဲ့စကားပဲ. . . အဲဒါ အမှန်တရားတွေပဲကွဲ့. . .'

ဆရာကြီးစက္ကသည် ကျွန်ုပ်တို့ အမြဲတစေကြားဖူးနေကျစကားများကိုပင်ပြောဆိုလေ၏။ ဤစကားများကို ကျွန်ုပ်တို့ မကြာခဏပြောဆိုကြားသိနေပါလျက်နှင့် အဘယ်ကြောင့် သည်ဘက်မှဝင်ပြီး ဟိုဘက်မှထွက်နေကြပါသနည်း။ အဘယ်ကြောင့် နက်နက်နဲနဲစဉ်းစားတွေးခေါ် ဝေဖန်သုံးသပ်၍ ပြုပြင်ဆင်ခြင်နိုင်စွမ်းမရှိကြသနည်း။ ကျွန်ုပ်နှင့်အတူ လူအများ(ရူးသွပ်နေသူများမပါဝင်) သည် ကောင်း၏ဆိုး၏ခွဲခြားနိုင်သည့် အသိဉာဏ်များပါရှိကြလေသည်။ သို့သော် ဤအရာသည်ကောင်း၏။ ကောင်းမှန်းသိလျက်နှင့်အဘယ်ကြောင့် လက်ခံမကျင့်သုံးနိုင်ကြရသနည်း။ ဤအရာသည်ဆိုး၏။ ဆိုးမှန်းသိလျက်နှင့် အဘယ်ကြောင့် ပြုမူလုပ် ဆောင်ဖြစ်ခဲ့ကြသနည်း ဆိုသည်ကို အသေအချာပိုင်းခြားဆုံးဖြတ်သင့်သည်မဟုတ်ပါလား. . .။

'ဆရာကြီး ကျွန်တော့်ကိုပြောခဲ့တဲ့ စိတ်ကို ဖြူစင်မြင့်မြတ်အောင်ကျင့်ရမယ်ဆိုတာ ဘာလဲ. . ဘယ်လိုကျင့်ကြံရင်စိတ်ဟာ ဖြူစင်လာနိုင်မလဲ'

ကျွန်ုပ်သည် ဆရာကြီးစက္ကအား အရဲစွန့်၍မေးလိုက်၏။ ကျွန်ုပ်တို့အားလုံးအတွက်ဤအချက်သည် အရေးအကြီးဆုံးအချက်တစ်ခုဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဤစိတ္တ စိတ်၏အကြောင်းကို အဓိကသိသင့်သည်မဟုတ်ပါလော။ ဆရာကြီးစက္ကက အောက်ပါစကားလုံးများနှင့်ရှင်းလင်းပြလေ၏။

'ကပ်ညှိလာတဲ့အာရုံပေါ် မှာမူတည်ပြီး စိတ်စေတသိက်ဟာ မိုင်ပေါင်းများစွာခရီးဝေးသွားလေ့ရှိတယ်. . . ကောင်းတဲ့အာရုံ၊ မကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အာရုံ အစရှိသည်ဖြင့် ဝင်စားမှုတွေအပေါ် မှာမူတည်ပြီး စိတ်ရဲ့မောင်းနှင်ခေါ် ဆောင် သွားတဲ့နေရာကို လိုက်ပါကြရလိမ့်မယ် . . . ဒီခရီးဘယ်လောက်ထိဝေးသလဲဆိုရင် သံသရာလည်နေသမျှ ဘဝပေါင်းများစွာအသချေ အနန္တမဆုံးနိုင်အောင်ပဲ. . .'

စိတ်ကိုဖြူစင်စေဖို့အတွက် ပထမဦးဆုံးအနေနဲ့ အာရုံတွေအားလုံးကိုဖယ်ရှားပစ်ရမယ်. . . "ဝိဘက်ဝိစာရ" ဘာကိုမှ မတွေးတော့ မကြံစည်တော့ဘဲ စိတ်ကိုငြိမ်သက်နေအောင်လေ့ကျင့်ရမယ်. . . မိမိစိတ်ထဲမှာ ဘာဆိုဘာမှမရှိတဲ့ လဟာပြင်ကြီးလိုဖြစ်လာအောင် လုပ်ယူရမယ်. . တစ်ခါလေ့ကျင့်ရင် ဆယ်မိနစ်ကနေ မိနစ်သုံးဆယ်အထိ နိုင်သလောက်တစ်နေ့ကို သုံးကြိမ်လေးကြိမ်လေ့ကျင့်ပေးရမယ်. . . ဒီလိုလေ့ကျင့်ပေးရင် စိတ်ဟာ ဖြူစင်လာလိမ့်မယ်. . . တန်ခိုးထက်မြက်လာလိမ့်မယ်'

ထို့နောက် ဆရာကြီးစက္ကသည် ကျွန်ုပ်တို့အား စိတ်လေ့ကျင့်ခန်းလုပ်ရန်အတွက်"အာစန"ဟုခေါ် သည့် အနေအထားသုံးမျိုးကို သင်ကြားပေးလေ၏။

ပထမအဆင့်အနေနှင့် အကြောအခြင်များပြေအောင် ကိုယ်လက်လေ့ကျင့်ခန်းလုပ်ရလေ၏။ ဒုတိယအဆင့်အနေနှင့် "ပါဒမစ်" ဟုခေါ် သည့် ထိုင်ပုံထိုင်နည်း"ပူရက""ရေခါက""ကုမ္ဘက"ဟုခေါ် သည့် အသက်ရှူသွင်းခြင်း ထုတ်ခြင်း အဆုတ်၌ထားခြင်းများကို စနစ်တကျသင်ပေးလေ၏။

လေ့ကျင့်ပြီးသည့်အချိန်၌မူ သက်သောင့်သက်သာလဲလျောင်း အနားယူကြရပေမည်။ ထိုအချိန်၌အကြောအခြင်များကို ဖြေလျှော့၍ ပူပင်သောကစိတ်များကိုခွာထားပြီး အပြည့်အဝအမောဖြေနေသည်ဟု သတိမှတ်၍နေရလေသည်။

ဤကား စိတ်လေ့ကျင့်စဉ်အတွက် "အာစန"သုံးမျိုးပင်တည်း။

'လူတိုင်းလူတိုင်းရဲ့မူလ"ပဋိသန္ဓေစိတ်"ရဲ့အောက်ခြေမှာ လှို့ဝှက်ဆန်းကြယ်ပြီး တန်ခိုးစွမ်းအင်ရှိတဲ့ စိတ်တစ်မျိုးရှိတယ်ကွ. . . ဒီကျင့်



www.burmeseclassic.com

www.burmeseclassic.com



စဉ်ကို အမြဲမပြတ်ကျင့်သွားရင် အဲဒီငုပ်နေတဲ့လျှို့ဝှက်စိတ်ဟာ အင်အား ပိုကောင်းလာပြီး ပေါ်လွင်လာမယ်. . . ဒီအခါကျရင် စိတ်ရဲ့တန်ခိုးသတ္တိ တွေကို ရရှိပိုင်ဆိုင်လာကြမယ်ကွဲ့. . .'

ဆရာကြီးစက္ကသည် ကျွန်ုပ်တို့၏မျက်ခုံးနှစ်ခုကြား နဖူးပြင်ကို သူ၏လက်မဖြင့်ပွတ်ဆွဲပေး၏။ ခင်ဘုန်း၏လည်ပင်းမှ သွေးစို့နေသည့် မားဒဏ်ရာကိုလည်း သူ၏လက်မနှင့်ထိတို့လိုက်၏။ လက်မကိုခွာလိုက် သည့်အချိန်၌ ဒဏ်ရာသည်လုံးဝမရှိတော့ဘဲ ပကတိပျောက်ကွယ်သွား သည်ကို အံ့ဖွယ်ရာတွေ့လိုက်ကြရလေ၏။

'အဲဒါ လျှို့ဝှက်စိတ်ရဲ့တန်ခိုးပဲ. . . လူကလေးစိုးရာ. . ဖိုးစံအေး ရဲ့အင်းကွက်လေးကို မင်းမြင်ဖူးတယ်. . . ဒီအင်းကွက်မရေးရတာခက်သ လား. . .'

'မခက်ပါဘူး ဆရာကြီး'

'သူရေးသလိုပဲ မင်းအခုရေးမယ်. . . ဒါပေမဲ့ သူ့လိုအစွမ်းထက် နိုင်ပါ့မလား. . .'

'မထက်နိုင်ပါဘူး ဆရာကြီး'

'အေးဟုတ်တယ်. . . လောလောဆယ် မင်းချရေးလို့ကတော့ ဘာအစွမ်းမှရှိဦးမှာမဟုတ်ဘူး. . . အင်းတစ်ကွက် ဂါထာတစ်ပုဒ်အစွမ်း ထက်တယ်ဆိုတာ စီရင်သူရဲ့ ယုံကြည်မှုပြည့်နေတဲ့စိတ်တန်ခိုးနဲ့ပဲ အဓိက သက်ဆိုင်တယ်ကွဲ့. . . အဲဒီတန်ခိုးအာနိသင်တွေကို လူတိုင်းရရှိပိုင်ဆိုင် အောင် လုပ်ယူနိုင်တယ်ဆိုတာ လူတော်တော်များများက မသိကြဘူး. . . မင်းတို့ ပိုင်ဆိုင်နိုင်အောင်ကြိုးစားကြပါ'

'ဖြစ်ပါ့မလား ဆရာကြီး'

'အေး. . . အဲဒါ မဖြစ်ခြင်းရဲ့အကြောင်းတရားပဲ. . . အဲဒီဖြစ် ပါ့မလားဆိုတာကို ဖယ်ထုတ်လိုက်ပြီး ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ကိုမွေးစား ထိုးလိုက်ပါ. . . စက္ကဆိုတဲ့ ထူထူထိုင်းထိုင်းလူ[illegible]လေးတစ်ယောက်တောင် ထက်မြက်အောင်သွေးရှုလို့ရနိုင်သေးရင် မင်းတို့က ဉာဏ်ကောင်းတဲ့ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ. . . အလွယ်တကူရနိုင်ပါတယ်ကွာ. . .'

ဆရာကြီးစက္က၏စကားများသည် ကျွန်ုပ်တို့၏စိတ်များအား ကြည်လင်လန်းဆန်းစေပြီး အင်အားများကိုလည်း အဆမတန်တိုးတက်စေလေ၏။ ကျွန်ုပ်တို့ကြိုးစားကြရပေမည်။

'ကဲ. . . ပြောနေကြာတယ်. . . အခုကတည်းက လေ့ကျင့်ကြဟေ့. . . လူကလေးစိုးရာ. . . ဒီကျင့်စဉ်ကြောင့် မင်းရဲ့ခန္ဓာကိုယ်မှာမနေချင်တဲ့"အမြင်ဈော်ဝိညာဉ်"ဟာလည်း ငြိမ်သက်သွားလိမ့်မယ်. . . နောက်တစ်ခါ ငရဲပြည်ရောက်မှာကို မစိုးရိမ်ရတော့ဘူးပေါ့ကွာ. . .'

ကျွန်ုပ်တို့သည် ဆရာကြီးစက္ကသင်ပြပေးသည့်အတိုင်း ခါးကိုစန့်စန့်မတ်မတ်ထားကာ ညာဘက်ခြေကို ဘယ်ဘက်ခြေပေါ်တင်၍ တင်ပျဉ်ခွေထိုင်လိုက်ကြ၏။ လက်များကို ပေါင်ပေါ်တင်ပြီး မျက်လုံးများမှိတ်ကာ စိတ်ကိုကြိုးစား၍စုစည်းကြရလေ၏။

ဆရာကြီးစက္က၏ ကြည်လင်ပီသသောအသံကိုကြားကြရပြန်သည်။

'ဆန္ဒဝတော ပြင်းပြသည့်လိုအင်ဆန္ဒရှိသူ"ဝိရိယဝတော" လွန်ကဲ သည့်အားထုတ်မှုလုံ့လရှိသူ "စိတ္တဝတော" ထက်သန်သည့် စိတ်ဓာတ်ရှိသူ "ပညဝတော" ထူးချွန်သည့်ဉာဏ်ပညာရှိသူ တို့အတွက် "ကိနာမ"မည် သည့်"ကမ္မ"အလုပ်ကိစ္စဟူသမျှ"နသိဇ္ဈတိ"မပြီးစီး မအောင်မြင်ဘဲမနေနိုင် "သိဇ္ဈတိ"ဧကံမုချအောင်မြင်ပြီးစီးရမည်သာတည်း'

ထို့နောက် အသံတို့သည် တိတ်ဆိတ်သွားလေ၏။ ဆယ်မိနစ်ခန့်ကြာ၍ ကျွန်ုပ်တို့မျက်လုံးများဖွင့်ကြည့်လိုက်သည့်အခါ၌မူ ဆရာကြီးစက္ကအား မတွေ့ရပါတော့ချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ဘာမြှိန်ရှပ်သည့်စိန်တုတ်၏အကြောင်း

'စိုးရာရေ. . . မင်းအဖြစ်ကတော့ တခြားသူတွေကိုပြောပြရင် ယုံတောင်မယုံနိုင်စရာပဲကွ. . . ငါတို့က လက်တွေ့သိမြင်နေရလို့သာ ယုံကြရတာ. . .'

ဉာဏ်လင်းကပြောလိုက်ရာ အေးချိုကလည်း ခေါင်းညိတ်ထောက်ခံလေ၏။

'ငရဲပြည်ကိုအရှင်လတ်လတ်ရောက်သွားတဲ့အဖြစ်ကတော့ ထူးဆန်းလွန်းလှပါတယ်ကွာ. . . ငါတော့ ငရဲပြည်တော့မရောက်ချင်ဘူးဟေ့ ဆရာကြီးစက္ကတို့နေတဲ့ သုဒဿနရွှေတောင်ကိုတော့ရောက်ချင်လှသကွာ'

'ရောက်ချင်ရင် ဆရာကြီးစက္ကပြောသလိုပဲ စိတ်ကောင်းစေတနာကောင်းလေးမွေးပြီး သူသင်ပေးတဲ့နည်းအတိုင်းပေါက်မြောက်အောင် မြင်အောင် ကျင့်ပေါ့အေးချိုရာ. . .'

'ကျင့်တာတော့ကျင့်ကြတာပဲပေါ့. . . ဒါပေမဲ့ လွယ်မှလွယ်တောင်မှ ခက်သကွ. . . စိတ်ကိုတည်ငြိမ်အောင်ထိန်းနိုင်ဖို့တောင် မလွယ်လှဘူး တိုအာရုံတွေဝင်လိုက် ဒီအာရုံတွေဝင်လိုက်နဲ့. . .'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဒါပေါ့ကွာ. . . ဘယ်အရာမှမလွယ်တာတော့အမှန်ဘဲ ဒီလိုပဲတဖြည်းဖြည်းနဲ့ကျင့်ရမှာပေါ့. . . ချက်ချင်းကြီးတော့လည်း ဘယ် ဖြစ်ပါ့မလဲ ငါ့ကောင်ရာ. . .'

ကျွန်ုပ်တို့သည် စိတ်တည်ငြိမ်စေ၍ သမာဓိကိုရနိုင်သော ကမ္မဋ္ဌာန်းကျင့်စဉ်များကို ကျင့်ကြသည်မှာ မကြာလှသေးသော်လည်း အကျိုးထူးများကိုမူ ခံစားနေကြရပြီကိုတော့ ဝန်ခံရပေမည်။

စိတ်လက်ပေါ့ပါး၍ကြည်လင်ရွှင်ပြလာခြင်း၊ နှစ်ခြိုက်စွာအိပ်စက်၍ပျော်လာခြင်း၊ အိပ်မက်ကောင်းများမြင်မက်လာခြင်း အစရှိသည်ဖြင့် အကျိုးကျေးဇူးများကိုရရှိနေကြပြီဖြစ်သည်။

'အေးချိုရေ. . .ငါ့ဝိညာဉ်ကြီးထွက်သွားပြီး စိန်တုတ်ဝိညာဉ်ဝင်လာတာကို မင်းတို့ လုံးဝမရိပ်မိဘူးလား. . .'

'ဘယ်ရိပ်မိပါ့မလဲ. . . အဲဒီနေ့ကတော့ မင်းနေမြင့်အောင်အိပ်နေတယ်လို့ပဲ ငါတို့ကထင်ကြတာ. . . နိုးလာတဲ့အချိန်ကျတော့ ကျီးကြည့်ကြောင်ကြည့်နဲ့ အူကြောင်ကြောင်တော့ဖြစ်နေတယ်ကွ. . ငါတို့ကိုလည်း မခေါ်ဘူး. . . ငါက စိုးရာ. . . မင်းဘာဖြစ်နေတာလဲလို့မေးတော့ ဘာပြန်ပြောတယ်ထင်လဲ. . . . အရက်သောက်ချင်တယ်တဲ့. . . ဟားဟား'

ဉာဏ်လင်းကလည်း ဝင်ပြောလေ၏။

'အေးကွ စိုးကြီးရ. . . ဒီကောင်ကြီး အဲဒီလိုပြောတော့ ငါနဲ့ အေးချိုလည်း အတော်အံ့ဩသွားတာပေါ့. . . မင်းတစ်ခါမှ အရက်မသောက်တာ ငါတို့သိနေကြတဲ့ဟာ. . . အဲဒီတော့ သူကဆက်ပြောတယ် ငါအင်မတန်စိတ်ညစ်နေလွန်းလို့ပါကွာ. . . ငါ့ကို အရက်တစ်လုံးလောက်ဝယ်ပေးကြပါတဲ့. . .'

'ဒါနဲ့ပဲ ငါတို့လည်း အရက်တစ်လုံးဝယ်ပေးလိုက်တာပေါ့. . . အရက်ပုလင်းရတာနဲ့ တဂွပ်ဂွပ်ချတော့တာပဲဟေ့. . . ဒီအချိန်မှာပြောတဲ့ စကားတွေကလည်း သတ်မယ်ဖြတ်မယ် လုမယ်တိုက်မယ်ဆိုတာချည်းပဲ ငါတို့ကတော့ အမူးလွန်ပြီးလျှောက်ပြောနေတယ်ထင်တာပေါ့. . . ခဏ



www.burmeseclassic.com

www.burmeseclassic.com



လေးပဲဟေ့. . . တစ်လုံးပြောင်သွားတာနဲ့ . . . နောက်တစ်လုံး နောက်တစ်လုံးလုပ်တော့တာပဲ. . . နောက်ပြီး မီးဖိုချောင်ကစားကြီးကိုယူပြီး ငါတို့ကိုပတ်ရမ်းတော့တာပဲဟေ့. . .'

စိန်တုတ်သည်ကား အလွန်တရာဆိုးသွမ်းမိုက်မဲသူတစ်ယောက်ဖြစ်ချေ၏။ ကျွန်ုပ်တို့အတွက် တစ်ခုကောင်းသည်မှာ မည်သည့်အကုသိုလ်ဒုစရိုက်တို့ မလုပ်ဖြစ်ခင်မှာပင် အချိန်မီတားဆီးနိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။

'တော်သေးတာပေါ့ စိုးကြီးရာ. . အဲဒီနေ့မှာ မင်းကောင်မလေးခင်ဘုန်း မရောက်လာလို့သာပဲ. . . ရောက်များရောက်လာလို့ကတော့ ဒုက္ခနဲ့လှလှ ဘယ်ဟာလဲဆိုပြီးတော့ အခုချိန်မှာ မင်းမေးနေရမှာသေချာတယ်ဟေ့. . . ဟားဟားဟား. . .'

ကျွန်ုပ်သည် လူယုတ်မာစိန်တုတ်အပေါ်၌ ကြီးစွာ စက်ဆုပ်ရွံရှာခြင်းတို့ဖြစ်ခဲ့ရ၏။ သို့သော် ထိုကဲ့သို့ ဖြစ်ခဲ့ဆုံခဲ့ကြုံခဲ့ရသည်များမှာ ကျွန်ုပ်၏ကံကြမ္မာအကြောင်းတရားများကြောင့်ပင်ဖြစ်ခဲ့ရသည်ဟု ဆင်ခြင်၍ စိတ်သက်သာရာသက်သာကြောင်းကို ရှာကြံပြီးတွေးရင်းဖြေဖျောက်ရလေတော့သတည်း။

ဖိုးစံအေးထံမှ ပြန်လာပြီးနောက် ကျွန်ုပ်အတွေ့ချင်ဆုံးသောသူမှာ ကိုတိက္ခပင်ဖြစ်လေသည်။

သူ့အား ကျွန်ုပ်၏အကြောင်းများကို ပြောပြ၍ သူ၏အန္တရာယ်ကြီးမားသည့် နာမ်ဝိညာဉ်ခွာသောလုပ်ငန်းများကို မလုပ်တော့ရန်တားမြစ်ချင်သည်။

သည်သို့နှင့်ပင် ကျွန်ုပ်သည် ကိုတိက္ခပြောထားဖူးသည့် သူ၏အိမ်ရှိရာဘက်သို့ ထွက်လာခဲ့မိ၏။ အိမ်ကို အတိအကျမသိသော်လည်း သူပြောခဲ့သလိုပင် သူ၏အမည်ကိုပြော၍မေးရပေမည်။

ကျွန်ုပ်သည် လမ်းထိပ်သို့ရောက်သည့်အခါ လက်ဖက်ရည်ဆိုင်လေး၌ ကိုတိက္ခများရှိနေမလားဟု ကြည့်လိုက်မိသေးသည်။ မတွေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် ဆက်လျှောက်လာရာ ကိုတိက္ခတို့လမ်းခြားလေးသို့ ရောက်လာလေ၏။

လမ်းခြားလေးတစ်လျှောက်၌ ကားကြီးများစီတန်း၍ ရပ်ထားသည်ကို တွေ့လိုက်ရလေ၏။

ကျွန်ုပ်သည် အနီးအနားရှိလူတစ်ယောက်ကို စုပ်စုလိုက်မိ၏။

'ဒီကားတွေက ဘာလုပ်ဖို့ရပ်ထားတာလဲဗျ'

ထိုသူက ကျွန်ုပ်အားတစ်ချက်စူးစိုက်ကြည့်၍. . .

'ကိုတိက္ခကို ပို့ဖို့လေ'

'ဗျာ'

ကျွန်ုပ်၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

'ကိုတိက္ခ. . . ဘာ. . . ဘာဖြစ်လို့လဲ. . .'

ကျွန်ုပ်၏နှုတ်မှလည်း ထိတ်ထိတ်ပျာပျာနှင့် အယောင်ယောင်အမှားမှားစကားလုံးများလွင့်ထွက်သွား၏။

'ဘာဖြစ်ရမှာလဲဗျ. . . ဘာရောဂါမှမဖြစ်ဘဲနဲ့ ပက်လက်ကြီးသေနေလို့. . . ဒီမှာလည်း လူတိုင်းက အံ့သြနေကြတယ်'

'ဟင်'

ကျွန်ုပ်၏ ဦးခေါင်းထဲ၌ မိုက်ခနဲဖြစ်သွားပြီး မျက်လုံးများလည်း ပြာဝေသွားကြ၏။

ထို့နောက် ကျွန်ုပ်သည် ကိုတိက္ခ၏အိမ်သို့ အူယားဖားယားနှင့် ပြေးလေတော့၏။ နှုတ်မှလည်း "ကိုတိက္ခမသေဘူး. . . ကိုတိက္ခမသေဘူး. . ."ဟု အရူးတစ်ယောက်ပမာ အော်ဟစ်သွားမိ၏။

လူအများကတော့ ကျွန်ုပ်အားကြောင်တောင်တောင်နှင့်ကြည့်နေကြလေ၏။

ကျွန်ုပ်သည် ကိုတိက္ခအိမ်ပေါ်သို့ ပြေးတက်သွားပြီး. . .

'ဟေ့ လူတွေ. . . အရမ်းမလုပ်နဲ့. . . ကိုတိက္ခမသေသေးဘူး' ဟုလှမ်းအော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိက္ခကို ခုတင်ထက်၌ အဖြူရောင်ပိတ်ဇာတစ်စနှင့် လွှမ်းခြုံထားသည်ကို တွေ့လိုက်ရလေ၏။

ကျွန်ုပ်က မျက်နှာကို လွှမ်းခြုံထားသည့် ဇာစအားလှစ်ဟလိုက်သည့်အခါ အနီးတွင်ရပ်နေသည့် သန်သန်မာမာလူကြီးတစ်ယောက်တကျွန်ုပ်၏လက်များအား လှမ်းဆွဲလိုက်လေ၏။

'ကောင်လေး. . . စိတ်ထိန်းထား. . .'

'သူ. . . မသေသေးဘူးဗျ'

လူကြီးက ကျွန်ုပ်ပခုံးကိုနှစ်သိမ့်သလိုပုတ်လိုက်ပြီး. . .

'မင်းက သူ့သူငယ်ချင်လား. . .'

'ဟုတ်တယ်. . . သူ မသေသေးဘူး ဗျ'

'အေး. . . ငါတို့လည်း မယုံချင်ပါဘူး. . . ငါက သူ့ဦးလေးအရင်းပါကွာ. . . သိသိချင်း ငါတို့ သူ့ကိုဆေးရုံပို့လိုက်ပါတယ်. . . ဆေးရုံက သူ့ကိုသေဆုံးကြောင်းအတည်ပြုထားပြီးပြီ'

'အဲဒါ မဟုတ်ဘူးဗျ. . . ဘယ်သူမှမသိဘူး. . . သူ့ဝိညာဉ်တအပြင်မှာ ခရီးလွန်နေတာ. . .'

'ကောင်လေး မင်းစိတ်တော့ကောင်းပါတယ်နော်. . .'

'ဟာ. . . ဘာလို့မကောင်းရမှာလဲ. . . ဘယ်သူမှမသိဘူး. . . သူမသေဘူးဗျ. . . ကျွန်တော်ပြောတာယုံပါ'

'အသက်မရှိမှတော့ သေပြီပေါ့ကွာ. . .'

လူအများ၏မျက်လုံးများက ကျွန်ုပ်အားအရူးတစ်ယောက်လိုမြင်လာကြ၏။ တချို့သူများက နားထင်ကိုလက်နှင့်ထောက်ပြီး လက်ခါပြကြသည်ကိုပင် ကျွန်ုပ်တွေ့လိုက်ရလေ၏။ ကိုတိက္ခတော့ ရေတိမ်နစ်ပေပြီ. . .။ ကျွန်ုပ်၏စကားများကို မည်သူမျှလက်မခံကြတော့. . .။

'သူမသေဘူး. . . ကိုတိက္ခမသေဘူး. . .'

'ကောင်လေး. . . အေးအေးနေပါ. . . မဟုတ်ရင် အဲဒီ့ဘာမှာနှောင့်ယှက်မှုနဲ့ မင်းကိုစခန်းပို့ရလိမ့်မယ်. . . ၈( ). . . သွားဖို့အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီ လုပ်စရာရှိတာလုပ်ကြဟေ့. . .

လူကြီးက ပြောဆိုပြီးနောက် ကျွန်ုပ်အား သန်မာထွားကျိုင်းသည့်လူငယ်နှစ်ယောက်၏လက်ထဲသို့ အပ်လိုက်၏။ ကျွန်ုပ်က ရုန်းကန်တွန်းထိုးရင်း အော်ဟစ်နေမိ၏။

'ခင်ဗျားတို့မှားမယ်နော်. . . ကျွန်တော်ပြောတာ ယုံပါ. . . ကိုတိတ္ထမသေဘူးဗျ. . . တကယ်ပြောနေတာ ကိုတိတ္ထမသေဘူး'

'ဟေ့လူ. . . အော်မနေနဲ့လေ. . . ခင်ဗျားပြောလို့မရဘူး လား'

'ဟေ့ကောင်တွေ. . . မင်းတို့ ဘာသိလို့လဲ. . . ငါ့ကို လွှတ်လိုက်စမ်း. . . ငါ ကိုတိတ္ထကိုခေါ်သွားမယ်. . . သူမသေဘူးကွ. . . လွှတ်'

'အာ. . . ဒီလူနှယ်'

ကျွန်ုပ်၏မေးရိုးဆီသို့ ရိပ်ခနဲဝင်လာသည့် လက်သီးတစ်လုံးကို နောက်ဆုံးမြင်လိုက်ရပြီးနောက်. . .

'ထိုင်း'

မျက်လုံးများထဲ၌ ကြယ်ရောင်၊ လရောင်များ ဖြိုးပြက်လက်သွားပြီးနောက် အရုပ်ကြိုးပြတ်လဲကျသွားလေတော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သတိရလာသည့်အချိန်၌ အိမ်ပေါ်တွင် အမျိုးသမီးကြီးများအပါအဝင် လူအနည်းငယ်ခန့်သာကျန်ရှိတော့၏။ ကိုတိက္ခမရှိတော့ပါ။

'သူတို့ ဘယ်ရောက်သွားပြီလဲ'

ကျွန်ုပ်က ကွမ်းတမြုံ့မြုံ့ဝါးနေသည့်အဒေါ်ကြီးတစ်ယောက်အား ဦးတည်ပြီးမေးလိုက်၏။

'မီးသဂြိုဟ်စက်ဆီသွားပြီလေ'

'ဘုရား . . ဘုရား'

ကျွန်ုပ်အိမ်ပေါ်မှ ဒရောသောပါးပြေးဆင်းလိုက်မိ၏။ ကျွန်ုပ်သည် လမ်းထိပ်သို့အရောက် အသားကုန်ပြေးထွက်လိုက်သည်။ အငှားကားတစ်စီးကို အမြန်ငှားရပေမည်။

လမ်းထိပ်ရောက်သည့်အချိန်၌လည်း ကားများကို လွယ်လွယ်နှင့်ငှား၍မရ။ ကိုတိက္ခကတော့ ဒုက္ခအကြီးအကျယ်ရောက်ပေပြီ။

ထိုအချိန်မှာပင် ကံကောင်းထောက်မစွာနှင့် အငှားကားတစ်စီးရပ်တန့်လိုက်လေ၏။

ကျွန်ုပ်က တားတံခါးကို အလျင်အမြန်ဖွင့်ပြီးဝင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်. . .

'သချိုင်းကုန်းကိုမောင်းဗျာ'

ဟုဆိုလိုက်လေရာ ကားသမားသည်မျက်လုံးပြူးသွားပြီး. . .

'သချိုင်းကုန်းကိုလေ. . . သချိုင်းကုန်းကို. . . ဟော့လူဘာကြောင်နေတာလဲ. . . သချိုင်းကုန်းမြန်မြန်ရောက်ဖို့ အရေးကြီးနေတယ်ဗျ'

ကျွန်ုပ်က အလောတကြီးပြောလိုက်ကာမှ ကားဆရာက ကားစက်ကို သတ်လိုက်လေ၏။ နှုတ်မှလည်း. . .

'သချိုင်းသွားချင်တာဆိုရင်တော့ ခင်ဗျားဘာသာခင်ဗျားသွား. . . ကျုပ်မသွားဘူး'

ဟုပြန်ပြောလေ၏။

ထိုအခါကျမှပင် ကျွန်ုပ်သည် ကျွန်ုပ်၏အလောတကြီးနိုင်နေမှုကို ပြန်သတိရလိုက်၏။ ကျွန်ုပ်သည် အသက်ကို ခပ်ပြင်းပြင်းရှူ၍ စိတ်ကိုအေးအောင်ထားလိုက်ပြီး. . .

'ဒီလိုပါဗျာ. . . ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့ အသုဘကို အမီသွားရမှာမို့လို့ပါ. . . အရေးကြီးလို့ပါဗျာ. . .'

'အဲဒီလို သက်သောင့်သက်သာပြောစမ်းပါဗျ. . . ခင်ဗျားဟာတ ကျားလိုက်နေတာကျနေတာပဲ. . . အဲဒါဆိုရင်လည်း ကျုပ်အဲဒီဘက်ကို ခရီးမကြုံလို့ စိတ်မရှိနဲ့ဗျာ. . . တခြားကားတစ်စီးငှားသွားပါ'

ကျွန်ုပ်သည် ကားဆရာစကားကြောင့် အလွန်အမင်းစိတ်ပျက်သွားရပြန်၏။

'လုပ်ပါဗျာ. . . ခင်ဗျားကျေးဇူးကိုမမေ့ပါဘူး. . . ကျွန်တော်ခင်ဗျားတောင်းသလောက်ပေးပါ့မယ်'

'တကယ်လား. . . ဒါဆိုရင်တော့ အားနာနာနဲ့မို့ပေးရမှာပေါ့'

သို့နှင့်ပင် အပေးအယူတည့်သွားပြီးနောက် ကားသေးသည် မောင်းနှင်ထွက်ခွာလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏စိတ်များသည် အလွန်မြန်ဆန်စွာပြေးလွှားနေပြီး ကားကလေးကမူ နှေးကွေးစွာသွားလာနေသည်ဟု ထင်မြင်နေမိလေ၏။

'ကားဆရာ. . . ဒီထက်မြန်မြန်မောင်းလို့မရဘူးလား. . .'

ဒီလူနှယ်. . . တယ်ခက်ပါလား. . . မိတာကိုကြည့် ကီလိုတိုးဆယ်. . . ဒါ့ထက်ပိုမောင်းရင် ခင်ဗျားသူငယ်ချင်းနဲ့ တတွဲထဲဖြစ်သွားလိမ့်မယ်'

ကျွန်ုပ်သည် မျက်စိမှိတ်ထားလိုက်ပြီးနောက် တတ်သမျှ မှတ်သမျှဘုရားစာများကိုသာ ရွတ်ဆိုလာမိလေတော့၏။

သုသာန်သို့ရောက်သည့်အချိန်၌ မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်မှ ထွက်လာသည့်မသတီစရာမီးခိုးငွေ့များနှင့်အတူ ငိုသံတချို့ကိုဦးစွာကြားလိုက်ရလေ၏။ ကျွန်ုပ်တို့နောက်ကျသွားပေပြီ။ ကျွန်ုပ်သည် ကားခရှင်းပေးလိုက်ပြီးနောက် လူစုလူဝေးကြီးထဲသို့ ပြေးဝင်လိုက်လေ၏။

'တိက္ခရေ. . . တိက္ခ. . . အသေစောလို့ နှမျောလှချည်ရဲ့ကွယ် အီး ဟီးဟီး. . .'

အဒေါ်ကြီးတစ်ယောက်၏ စူးစူးဝါးဝါးပြောဆိုအော်ဟစ်ငိုယိုလိုက်သည့်အသံက ရင်ထဲ၌ ကျင်သွားစေလေ၏။

'တရားနဲ့ဖြေပါကွယ်. . . မင်းတူကလေး သွားချိန်တန်လို့သွားလိုက်တာပဲ. . . ဘယ်တတ်နိုင်ပါ့မလဲ'

ကိုတိက္ခ၏အိမ်ပေါ်၌ ကျွန်ုပ်အားဆွဲခဲ့သည့် လူကြီးက ငိုယိုနေသည့်အဒေါ်ကြီးအားဖျောင်းဖျပြောဆိုလိုက်၏။

ကျွန်ုပ်သည် ထိုလူကြီးအားကြည့်ပြီးနောက် ဒေါသတို့သည် ရင်ထဲမှတလိမ့်လိမ့်တက်လာလေ၏။

'ဘာသွားချိန်တန်တာလဲ. . . ဘာမှ သွားချိန်မတန်ဘူး အလကားလူကြီး. . .'

ကျွန်ုပ်၏ဒေါသတကြီးအော်သံကြောင့် ထိုလူကြီးကလှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . ဒီအရှုံးကောင် ရောက်လာပြန်ပြီ. . . ဒီမှာ တူသေလို့ စိတ်ညစ်ရတဲ့အထဲ. . . နာချင်ပြန်ပြီနဲ့တူတယ်'

လူများ၏မျက်လုံးများက ကျွန်ုပ်ထံသို့ရောက်လာပြန်၏။ ထိုအထဲမှ အဘိုးကြီးတစ်ယောက်ကထွက်လာပြီး ကျွန်ုပ်၏လက်မောင်းအား ညင်သာစွာဆုပ်ကိုင်ကာ. . :

'ကောင်ကလေး. . . စိတ်ကိုငြိမ်ငြိမ်ထား. . . မင်းလိုပဲ အားလုံး ပူပင်သောကရောက်နေတဲ့သူတွေပဲ. . .'

ဟုပြောဆိုပြီး ကျွန်ုပ်အား ခပ်လှမ်းလှမ်းသို့ဆွဲခေါ်သွားလေ၏။ ထို့နောက် အသံတိုးတိုးဖြင့်. . .

'အေး. . . ပူပင်သောကရောက်နေတဲ့အထဲမှာတော့ သူ့ဦးလေးနဲ့အဒေါ်တော့ မပါဘူးပေါ့ကွာ. . . တိက္ခကတစ်ကောင်ကြွက်ဆိုတော့ အမွေအနှစ်တွေအားလုံး သူတို့ပဲရမှာမဟုတ်လား. . . စိတ်မကောင်းမဖြစ်ပါနဲ့ကွာ. . . ကံ ကံ၏အကျိုးပဲလို့ မှတ်ထားလိုက်ပါ'

ကျွန်ုပ်သည် နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး မျက်ရည်များတွေတွေ ကျလာမိလေ၏။

အသုဘပို့ယာဉ်များပြန်သွားသည့်အချိန်၌ ကျွန်ုပ်သည် ပြန်မလိုက်သွားဘဲ သင်္ချိုင်း၌ တစ်ယောက်တည်း ငူငူငေါင်ငေါင်နှင့်ထိုင်နေမိလေ၏။

ထိုအချိန်မှာပင် ကျွန်ုပ်၏ဆံပင်များသို့ ခပ်ပြင်းပြင်းမှုတ်လိုက်သည့်လေတိုးသံတစ်ခုကိုကြားလိုက်ရ၏။

'ချာတိတ်. . . မင်းဘာလို့မပြန်သေးတာလဲ'

နားထဲ၌ ကိုတိက္ခ၏အသံကို ပီပီသသကြီးကြားလိုက်ရသောကြောင့် ကျွန်ုပ်ခေါင်းနားပန်းကြီးသွားရ၏။

'ကိုတိက္ခလား. . . ခင်ဗျားရှိနေလား. . .'

'အေး. . . ရှိနေတယ်. . . ငါအခုပဲရောက်တာ. . .'

ကျွန်ုပ်သည် လွန်စွာစိတ်မကောင်းခြင်းဖြစ်ရလေ၏။ ကိုတိက္ခ



www.burmeseclassic.com

www.burmeseclassic.com



ကားနေခဲ့က်ကျခဲ့ချေပြီ။

'မင်း . . . ငါ့အသံကို ကောင်းကောင်းကြားတယ် ဟုတ်လား'

'ကြားတယ်'

'ဟားဟားဟား . . . ပိုင်တယ်ကွာ . . . ငါအခု အဆင့်မြင့်နည်း တွေကိုလေ့ကျင့်နေတာ . . . အခုလိုပေါ့ကွာ . . . ဝိညာဉ်တစ်ကောင်က လူတစ်ယောက်ကို အသံကြားအောင် စကားပြောနည်း၊ အခုအောင်မြင် သွားပြီ . . . နောက်တစ်ခုက ဝိညာဉ်တစ်ကောင်အနေနဲ့ အရာဝတ္ထုတစ်ခု ကို ကိုင်တွယ်လို့ရတဲ့နည်း . . . ဒါလည်းဖြစ်တော့မယ်ကွ ဟောဒီမှာကြည့် မင်းလက်ကို ငါကိုင်ပြမယ်'

စကားသံအဆုံး၌ ကျွန်ုပ်၏လက်ကောက်ဝတ်မှ နွေးထွေးသည့် အထိအတွေ့တစ်ခုကို ခံစားလိုက်ရ၏။

'ဘယ်လိုလဲ . . . ငါကိုင်လိုက်တာ သိလား . . .'

'အင်း . . . သိတယ်'

'ဟားဟားဟား . . . သိပ်တော်တဲ့ ငါပဲကွ . . . ဟားဟား . . .'

ကိုတိကျွ၏ရယ်သံများကို ကြားနေပြန်၏။

'ကိုတိကျွ အစ်ကိုစိတ်မကောင်းမဖြစ်ဘူးလား . . .'

'ဘာကို စိတ်မကောင်းရမှာလဲ . . .'

'အစ်ကို့ ခန္ဓာကိုယ်ကြီး မရှိတော့ဘူးလေ . . . မီးသဂြိုဟ်လိုက်ပြီ မသိဘူးလား . . .'

'အာ . . . သိတာပေါ့ကွ . . . ဒါက ဘာအရေးလဲကွာ . . . ခန္ဓာ ကိုယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါ့အတွက် အကြောင်းမဟုတ်ဘူး။ ပညာရပ်တစ်ခုကို ဆုံးခန်းတိုင်အောင် တတ်မြောက်ဖို့ပဲအရေးကြီးတယ်'

ကိုတိကျွသည်ကား အလွန့်အလွန်ထူးဆန်းလွန်းသည့် သူပင် တည်း။ ကျွန်ုပ်တို့မှာ သူ့အတွက် လွန်စွာစိတ်မကောင်းဖြစ်ခဲ့ရသော်လည်း သူကတော့ ပျော်ပင်ပျော်နေသေးသည်။

'ငါ . . . ဒေါနတောင်ဘက်ကိုသွားပြီး အခု ဒီနည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသွားကျင့်နေတာ. . . အခုပြန်လာတော့ နောက်ကျ သွားပြီ. . . ငါ့ခန္ဓာကိုယ်က မရှိတော့ဘူး . . ဒါပေမဲ့ ငါဝမ်းမနည်းဘူး ကွ. . . မင်းကို ငါပြောဖူးတဲ့အတိုင်း ဂန္ဓာရီဝိဇ္ဇာကြီးမိုးဇက်ရဲ့ ဂူသချိုင်း ကိုရောက် အောင်သွားပြီး သူ့ရဲ့မှော်နှင်တံကိုတော့ ရအောင်သွားယူရဦး မကွ. . . ဒါဆိုရင် ဘာမဆိုဖြစ်ပြီပေါ့ကွာ. . . ဟားဟားဟား. . . . '

ကျွန်ုပ်သည် ကိုတိက္ခနှင့်ခွဲခဲ့ပြီးနောက် စိန်တုတ်နှင့်တွေ့၍ ငရဲ ပြည်သို့ရောက်ပုံ ဝိညာဉ်ထိန်းကြီးဆန္ဒနှင့်အတူ ဖိုးစံအေးဆီသို့သွားပြီး သုဒဿနရွှေတောင်မှ ဆရာကြီးစက္ကနှင့်တွေ့ရှိခဲ့ပုံတို့ကို ပြန်လည်ပြော ပြလေ၏။

'မင်းပြောတဲ့ပုံအတိုင်းဆိုရင် မင်းတို့ဆရာကြီးစက္ကက မိုးဇက်လို စွမ်းတဲ့ ဂန္ဓာရီဝိဇ္ဇာကြီးပဲ. . . တစ်ချိန်ချိန်တော့ သူနဲ့တွေ့ဖြစ်အောင် ငါ ကြိုးစားဦးမယ်. . . ကဲ စိုးရာရေ. . . ငါ့အတွက်စိတ်မကောင်းမဖြစ်နေနဲ့ ပြန်ပေတော့ဟေ့. . . ငါလည်း မိုးဇက်အုတ်ဂူဆီသွားဖို့ စီစဉ်လိုက်ဦး မယ်. . . ကံရှိသေးရင်တော့ ပြန်ဆုံကြတာပေါ့ကွာ'

ထို့နောက် ကျွန်ုပ်၏ပခုံးအား သုံးချက်ပုတ်လိုက်သည့်အထိ အတွေ့ကိုခံစားလိုက်ရပြီးနောက် ကိုတိက္ခ၏အသံတို့ တိတ်ဆိတ်သွားလေ တော့သတည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# ကိုခံရိုနှင့် ဒုတိယမွီ

ထိုမှ တစ်နှစ်ခန့်ကြာမြင့်လေသောအခါ. . .

ကျွန်ုပ်နှင့်ခင်ဘုန်းတို့သည် တစ်ယောက်လက်တစ်ယောက်တွဲပြီး စကြံ နံလှေကားမှတစ်ဆင့် ဘုရားပေါ်သို့တဖြည်းဖြည်းလျှောက်တက်ကြလေ၏။

ဤနေ့သည်ကား (၁၂)ရက်နေ့ပင်တည်း။ ကျွန်ုပ်၏ချစ်သူ. . . ယခုတော့ ချစ်သူထက်လွန်၍ ကြင်သူနှံဘက် အိမ်ထောင်ဖက်လက်တွဲဖော်ဖြစ်နေပြီဖြစ်သည့် ခင်ဘုန်း၏မွေးနေ့ပင်တည်း။

ဆရာကြီး ဖိုးစံအေးနဖူးစာဖတ်ပြီး ဟောလိုက်သည့်အတိုင်းပင် ကျွန်ုပ်တို့သူငယ်ချင်းများသည် အသီးသီးအသက ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် အိမ်ထောင်ကျကုန်ကြလေ၏။

ကျွန်ုပ်သည် ခင်ဘုန်းနှင့်စုံဖက်ပြီးနောက် သူငယ်ချင်းများနှင့်ခွဲကာ မြို့ပြင်ရပ်ကွက်တွင်ပင် အိမ်ကလေးတစ်လုံးငှားရမ်းပြီးနေကာ ဒုတိယဆစ်ဘဝခရီးကို စတင်လိုက်လေ၏။

ကျွန်ုပ်တို့သည် အိမ်ထောင်သည်များဖြစ်ကုန်ကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးစက္ကသင်ကြားပေးခဲ့သည့် စိတ်ဖြူစင်အောင်လျှော်ဖွပ်ပေးသည့် သမထကျင့်စဉ်များကိုမူ မကြာမကြာလေ့ကျင့်နေဆဲပင်ဖြစ်လေသည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် သွားလေရာ၌ မျက်နှာပွင့်လန်း၍ လူချစ်လူခင်ပေါများခြင်းလာဘ်လာဘများလမ်းပွင့်၍ ကူညီမစသည့်သူများပေါလာခြင်း ပြောဆိုလုပ်ကိုင်ရာတွင်လည်း အောင်မြင်လာခြင်း အစရှိသည်တို့ဖြစ်ထွန်းလာသောကြောင့် ချောင်ချောင်လည်လည်နေထိုင်စားသောက်လာနိုင်ကြလေ၏။

ကျွန်ုပ်တို့ချစ်သူနှစ်ဦးသည် ပျော်တပြုံးပြုံးနှင့်ပင် ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်လာခဲ့ကြ၏။

'ကိုစိုး. . . ပြီးခဲ့တဲ့နှစ် ဒီလိုညမျိုးမှာပဲ ကိုစိုးရဲပြည်ကိုရောက်သွားတာနော်. . .'

'အင်းပေါ့. . . တွေးကြည့်တိုင်းကြောက်နေတုန်းပဲ. . ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ ကိုယ်တို့ကိုတစ်ဘဝလုံး အင်း. . . ဘဝပေါင်းများစွာ သံသရာတစ်လျှောက်လုံးကောင်းသွားအောင် လုပ်ပေးလိုက်တဲ့သဘောပဲမဟုတ်လား. . .'

'ဟုတ်တာပေါ့ ကိုစိုးရယ်. . . ကိုစိုးဖြစ်ခဲ့တာတွေက ခင်ဘုန်းတို့ကိုပါ အသိတရားရစေတယ်. . . နောက်မို့ဆိုရင် မပြောလို့မရဘူး. . . တစ်ခါတလေ ကိုယ့်လင်အပေါ် အနိုင်ကျင့်ချင် ကျင့်နေမိဦးမှာ. . .'

'အင်း. . . အဲဒါဆိုရင်တော့ ခင်ဘုန်းရေ"တာပန"ပဲဟေ့. . . ဟားဟားဟား. . .'

ကျွန်ုပ်တို့နှစ်ဦးစလုံးရယ်မိကြလေ၏။

ကျွန်ုပ်တို့သည် တူယှဉ်တွဲ၍ ဘုရားရှိခိုးကြပြီးနောက် ညင်းလေပြည်၏တို့ဆိမှုကြောင့် သာယာနာပျော်ဖွယ်ရာပေါ်ထွက်နေသည့် ဆည်းလည်းသံလေးများကို ကြည်နူးစွာနားဆင်ကြရင်း ရွှေတောင်ကြီးပမာ ခန့်ဝင်းလက်၍ တင့်တယ်သပ္ပါယ်ကြည်ညိုဖွယ်ကောင်းလှသည့် စေတီတော်ကြီးကိုဖူးမြော်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို၏အရသာသည်ကား မည်သည့်အရာနှင့်မျှ နှိုင်း၍မရနိုင်အောင်ပင်တည်း။

'ကောင်ကလေး. . . တယ်အေးနေပါလားကွ. . . ဟေ. . .'

ကျွန်ုပ်သည် အသံကြား၍လှည့်ကြည့်လိုက်ရာ ကိုစံခိုကြီးဖြစ်နေလေတော့၏။

'အလို. . . ကိုစံခိုကြီးပါလား. . . ဘုရားလာဖူးကြတာပေါ့လေ'

'မင်းတို့လိုပဲပေါ့ကွာ ဟဲဟဲ'

ကိုစံခိုနှင့်အတူ ပြေပြစ်ချောမောသော အမျိုးသမီးတစ်ဦးလည်းပါလာလေ၏။ ကျွန်ုပ်သည် ဖိုးစံအေးအိမ်မှ ပြန်သွားပြီးနောက် ကိုစံခိုကြီး မည်သို့မည်ပုံဖြစ်သည်ကို သိချင်နေမိ၏။

'ကိုစံခိုရောဂါပျောက်သွားပြီလား. . .'

'ဟားဟားဟား. . . ဖိုးစံအေးနဲ့တွေ့လိုက်ပြီးကတည်းက ဘယ်ရမလဲ. . . တုန်ဆင်းသွားတာပေါ့. . . ဟားဟား. . .'

ကိုစံခိုက ပြောပြီးရယ်လေရာ သူ့အမျိုးသမီးကပါ လိုက်၍ရယ်လေ၏။ ထို့နောက် ကိုစံခိုက သူ၏အမျိုးသမီးကို ကျွန်ုပ်တို့နှင့်မိတ်ဆက်ပေးလေ၏။

'ဒါ. . . မင်းတို့ကိုငါပြောခဲ့တဲ့ ငါ့ချစ်သူ. . . အခုတော့ ငါ့မိန်းမဖြစ်သွားပြီပေါ့ကွာ. . . သူ့နာမည်က အစောတဲ့. . . အရင်လို သူခိုးစံခိုစောရစံခိုမဟုတ်တော့ဘူးကွ. . . အစောဆိုတဲ့ မိန်းမချောလေးကိုရသွားတဲ့ စံခိုဖြစ်သွားပြီ. . . ဟဲဟဲ'

ကိုစံခို၏မိန်းမဖြစ်သူမစောက သူ့ယောက်ျား၏ခါးကိုလှမ်းဆိတ်လိုက်သည့်အတွက် ကျွန်ုပ်တို့အားလုံးရယ်လိုက်ကြ၏။

'ယောက္ခမနဲ့ရောကြည်သွားပြီလားဗျ'

'ကြည်တာမှ မှန်သားပြင်လိုဖြစ်သွားကာပါပဲကွာ. . . ငါက အခုကောင်းရောင်းကောင်းဝယ်အလုပ်တွေကိုပဲ ကြိုးကြိုးစားစားလုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရင် သူ့နားကပ်သေးသေးလေးနေရာမှာ အခု နားကပ်ကြီးကြီးဆင်ပေးလိုက်တော့ ဘယ်ပြောကောင်းမလဲ ငါ့သား. . . ငါ့သားနဲ့ဖြစ်နေတာပေါ့. . .'

မစောက ဆိတ်ပြန်၏။ ကျွန်ုပ်တို့လည်း ရယ်ကြပြန်၏။

'ငါ့ကိုပဲ မင်းကဗျူးနေတယ်. . . မင်းရော ဘယ်လိုလဲကွ. . . ငရဲပြည်ကိုသွားဖို့ အဖော်ရနေပြီလား. . .'

ကိုစံခိုက ခင်ဘုန်းဘက်သို့ မျက်စပစ်ရင်းပြောလိုက်သောကြောင့် ကျွန်ုပ်ကမှယ်ပြီး. . .

'ဒါ ကျွန်တော့်မိန်းမခင်ဘုန်းလေ. . . ကျွန်တော်တို့လည်း ဖိုးစံအေးဆီကပြန်လာပြီးတော့ ယူကြတာပဲ. . . အစ်ကိုစံခိုရာ. . . ကျွန်တော်ကသူ့ကိုငရဲပြည်မခေါ်ပါဘူး. . . နတ်ပြည်ကိုပဲ တူယှဉ်တွဲလို့သွားကြမှာ ဟားဟား. . .'

ကျွန်ုပ်တို့သည်ကား ပြောကြရယ်ကြနှင့်ပင်။ ထိုနေ့သည် အလွန့်အလွန်ပျော်စရာနေ့တစ်နေ့ဖြစ်နေလေတော့၏။

'ဒါနဲ့. . . မင်းသူငယ်ချင်း ဟိုနှစ်ကောင်ရောကွ'

'သူတို့လား. . . သူတို့လည်း ကျွန်တော်တို့နဲ့ မရှေးမနှောင်း အိမ်ထောင်ကျကုန်ကြပြီဗျ'

'အံမာ. . . တယ်ဟုတ်ပါလား. . . ဒါက ငါ့ကိုယ်ငါ ဖိုးစွံလို့ထင်နေတာ. . . မင်းတို့ကငါ့ထက်ကဲပြီး ကိုစွံဖိုးတွေဖြစ်နေကြပါလား. . . ဟားဟားဟား. . . တဲကဲ ကောင်ကလေးရေ. . . အခု ငါတို့လာတာ ယောက္ခမကြီးလည်းပါလာသကွ. . . သူက ဟိုးဘက်မှာဘုရားရှိခိုးပြီးကျန်နေတာ. . . တော်ကြာ ဘုရားရှိခိုးပြီးသွားလို့ ငါတို့ကိုမတွေ့ရင် ငါ့သား ငါ့သားဆိုပြီး လိုက်ရှာနေမှာစိုးရသကွ. . . သွားမယ်ဟေ့. . .

ကိုစံခိုကြီးစကားကြောင့် မစောက ဖမ်းဆိတ်ပြန်၏။ ကျွန်ုပ်တို့လည်း ရယ်ကြရပြန်၏။ ထို့နောက် ကိုစံခိုကြီးနှင့်သူ၏ဇနီးတို့သည် ကျွန်ုပ်တို့အား နှုတ်ဆက်ပြီးထွက်ခွာသွားကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



'ကိုစိုး. . . အဲဒီကိုစံခိုကြီးနဲ့ ဘယ်တုန်းက

ကျွန်ုပ်လည်း ဖိုးစံအေးဆီသို့ရှာသွားလမ်း၌

ကိုပြန်လည်ပြောပြရလေ၏။

'အဲဒီတုန်းကတော့ တကယ့်သူခိုးကြီးပဲတွ. . .

တွေကို တွမ်ထည့်လိုက်တာများ ဘယ်သူမှကိုမသိလို

'ကိုစိုး. . . သူက သူခိုးတစ်ယောက်ဆိုတော့

နော်. . .'

ခင်ဘုန်း၏အမေးအား ကျွန်ုပ်သည် ကျွန်ုပ်

စဉ်းစားကာ ဤကဲ့သို့ဖြေလိုက်မိလေ၏။

'ငရဲရောက် မရောက်ဆိုတာတော့ ကိုစိုးလည်း

ဘူးကွ. . . ဘာကြောင့်လဲဆိုတော့ သူ အဲဒီလိုခိုးချင်

နေတာ သူ့ရဲ့ပင်ကိုယ်ဗီဇမှမဟုတ်ဘဲ. . . တခြားတစ်

ကြောင့်ဖြစ်နေရတဲ့ အာရုံခံစားမှုတွေပဲ. . . သူ့ရဲ့ပင်ကို

ခိုးချင်ဝှက်ချင်တဲ့စိတ်တွေ လုံးဝမရှိဘူး. . . ဒါကြောင့်

ရင်တောင် နည်းနည်းတော့ ပေါ့မယ်လို့ ထင်တာပါပဲလေ'

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်တိုင်ရေးမှတ်တမ်း

ကျွန်ုပ်တို့သည် ထိုနေ့တစ်နေ့တာအား ဘုရားပေါ်၌ပျော်ရွှင်စွာ ကုန်ဆုံးစေပြီးနောက် ညနေ နေဝင်ရီသရောအချိန်၌ အိမ်သို့ပြန်လာကြလေ၏။ ကျွန်ုပ်တို့၏အိမ်သို့ဝင်ရောက်ရာလမ်းကလေးမှာ ချိုင့်ဝှမ်းများ ကျင်းများနှင့် ကြမ်းတမ်းသည့် လမ်းကလေးတစ်ခုဖြစ်သည့်အတွက် အငှားကားကို လမ်းထိပ်တွင်ပင်ရပ်တန့်ခိုင်းပြီးနောက် ကျွန်ုပ်တို့ချစ်သူနှစ်ဦးသည် လမ်းလျှောက်ပြီးဝင်လာကြလေ၏။ ကောင်းကင်ထက်၌လည်း ကျေးငှက်ကလေးတစ်အုပ်သည် စီတန်းလျက်အိပ်တန်းပြန်နေကြပေပြီ။

ကျွန်ုပ်သည် လမ်းလျှောက်လာရင်းမှပင် ကိုတိကျွအကြောင်းကို လည်းတွေးနေမိ၏။ ကုန်လွန်ခဲ့သည် တစ်နှစ်တာကာလအတွင်းကိုတိကျွနှင့်ကျွန်ုပ်သည်ကား နောက်ထပ်လုံးဝမတွေ့ရတော့ပါချေ။

ကျွန်ုပ်နောက်ပိုင်း ဖတ်ရှုရသည့် မိုးဇက်၏အကြောင်းကျမ်းတစ်စောင်၌ မိုးဇက်ကိုင်ဆောင်သည့် ကျိုင်းတံမှာ မြွေအရှင်တစ်ကောင်ဖြစ်ကြောင်း ရေးသားထားလေ၏။ မိုးဇက်သည် မြွေအရှင်၏ခေါင်းကြာတစ်ခုအားနှိပ်၍ မြွေကိုအရှင်လတ်လတ်တောင့်တင်းသွားစေပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



နှင်တံအဖြစ်အသုံးပြုခဲ့လေ၏။ ထိုမြွေသည် နှစ်ပေါင်းများစွာ မသေဆုံးနိုင်ကြောင်းကိုလည်း ရေးသားထားလေ၏။

သည်သို့ဆိုလျှင် မိုးဇက်သည် သူ၏ ဂန္ဓာရီအစွမ်းကြောင့်ပင် ပင်လယ်ကြီးကိုခွဲ၍ လမ်းဖောက်ခဲ့ခြင်းဖြစ်ပြီး သူကိုင်ဆောင်ခဲ့သည့် မြွေ၏အစွမ်းကြောင့်မဟုတ်သည်မှာ ထင်ရှားနေသည်မဟုတ်ပါလော. . .။

မိုးဇက်၏နှင်တံကိုလိုချင်လွန်းနေသည့် ကိုတိက္ကသည်ကား မြွေဖမ်းသူတစ်ယောက်သာဖြစ်နေပေရော့မည်ဟု တွေးမိရင်း စိတ်မကောင်းဖြစ်ရလေ၏။

သို့သော် ကိုတိက္က၏အကြောင်းကို ကျွန်ုပ်သိသည်။ ကိုတိက္ကသည် မိုးဇက်၏နှင်တံ သူ့အတွက်အသုံးမဝင်နိုင်ခဲ့လျှင် သူသည် တခြားတန်ခိုးဩဇာထက်မြက်သည့် ပစ္စည်းများ. . . ဥပမာ ဆော်လမွန်ဘုရင်၏လက်စွပ်၊ အဂ္ဂိရတ်ပညာရှင်ကြီး ရှင်အဇ္ဇဂေါဏ၏ဓာတ်လုံး အစရှိသည်တို့ကို လိုက်လံရှာဖွေနေပေဦးမည်။

ကျွန်ုပ်သည်ကား ကျွန်ုပ်၏မိတ်ဆွေကြီး လူထူးဆန်း ကိုတိက္ကတို့ အစဉ်အမြဲသတိရမိနေသည်မှာတော့ အမှန်ပင်ဖြစ်ပါသည်။

ထိုအချိန်မှာပင် ကျွန်ုပ်တို့၏ ရှေ့သို့ပြေးလွှားလာနေသောဖုန်လုံးကြီးတစ်လုံးကို မြင်လိုက်ကြရလေတော့သည်။

'ကိုစိုးရေ. . . ဟိုးမှာ မြင်းကလေးတစ်ကောင်ပြေးလာနေတယ်'

'အင်း ဟုတ်တယ်. . . ကြည့်ရတာ မြင်းရိုင်းလေးလားမသိဘူးလာ. . . ခင်ဘုန်းရေ. . . လမ်းဘေးကပ်နေရအောင်. . . တော်ကြာမြင်းဝင်တိုက်သွားဦးမယ်'

ကျွန်ုပ်သည် ပြောပြောဆိုဆိုနှင့်ပင် ခင်ဘုန်း၏လက်အားဆွဲ၍ လမ်းဘေးနား၌ ကပ်၍နေလိုက်၏။

မြင်းပေါက်ကလေးသည် အုန်းခွံရောင်ကလေးဖြစ်သော်၏။ သူ၏အနောက်အတော်လှမ်းလှမ်းမှ အသားမည်းမည်း ဝဝတုတ်တုတ်နှင့် ခါးတောင်းမြောင်အောင်ကျိုက်ထားပြီး အပေါ်ပိုင်းကိုယ်လုံးဗလာထား သည့်



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးတစ်ယောက်သည် လက်တစ်ဖက်ကကြာပွတ်တစ် ချောင်းကိုကိုင်လျက် အခြားတစ်ဖက်မှ ကြိုးတစ်ခွေကိုကိုင်လျက်နှင့် ပြေးလိုက်လာ၏။

မြင်းပေါက်ကလေးသည် ဒုန်းစိုင်းပြေးလွှားလာနေရာမှ ကျွန်ုပ်တို့အနားသို့အရောက်တွင် တုန့်ခနဲရပ်လိုက်ပြီး ရှေ့ခြေနှစ်ချောင်းကို စုံမြှောက်၍ပတပ်ရပ်လိုက်ပြီး တဟီးဟီးနှင့်အော်မြည်လိုက်လေ၏။

ထို့နောက် မြင်းကလေးသည် ကျွန်ုပ်တို့ဘက်လှည့်ပြီးပြေးလာလေတော့၏။

'ခင်ဘုန်းရေ သတိထား'

'အမလေး'

ခင်ဘုန်းက ကျွန်ုပ်အားကြောက်လန့်တကြားနှင့်ဖက်ထားလေ၏။ မြင်းကလေးသည် ကျွန်ုပ်တို့၏ရှေ့တည့်တည့်၌ ရှေ့ခြေနှစ်ချောင်းကို စုံမြှောက်ပြီး ပတပ်ရပ်လိုက်ပြန်၏။

'ကိုစိုးရေ'

ခင်ဘုန်းက ငယ်သံပါအောင်အော်ရင်း ကျွန်ုပ်အားတဲအားဖက်ထားသောကြောင့် ကျွန်ုပ်မှာ လှုပ်မရ ရှားမရနှင့် မင်သက်သလိုဖြစ်ပြီး ကြက်သေသေ၍ ရပ်နေမိလေ၏။

ထို့နောက် မြင်းကလေးသည် တဟီးဟီးအော်မြည်လျက်ခြေအစုံကိုပြန်ချလိုက်ပြီး ပါးစပ်ကြီးကိုဖြဲကာ ကျွန်ုပ်၏လက်မောင်းအားလှမ်းကိုက်လိုက်လေရာ. . .

'အား'

ကျွန်ုပ်၏မျက်လုံးတို့သည် တဒင်္ဂပြာဝေသွားကြ၏။ သို့သော်ငြားသည့်နာကျင်မှုဝေဒနာကိုမူ မခံစားရပါ။ အဘယ်ကြောင့်ဆိုသော် မြင်းကလေးသည် ကျွန်ုပ်လက်မောင်းအား တကယ်ကိုက်ချလိုခြင်း မဟုတ်ဘဲ ပါးစပ်နှင့်ငုံရုံငုံထားကာ အသာအယာလှုပ်ရမ်းနေသောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

## ဥက္ကာမင်းသက်

ထိုအချိန်၌ ကျွန်ုပ်၏အာရုံထဲတွင် ငရဲပြည်ခရီးအစ ယမမင်း၏ တလင်းပြင်၌ဆုံခဲ့သည့် ဦးစိပုဆိုသူအဘိုးကြီး၏မျက်နှာကို ကွက်ခနဲပြန်မြင်လိုက်လေ၏။ နားထဲ၌လည်း 'စိုးရာ. . . မြင်းဖြစ်တော့လည်း တဟီးဟီးပေါ့' ဆိုသည့် အသံပါကြားယောင်လိုက်ရလေသည်။

ကျွန်ုပ်သည် ကျွန်ုပ်အား တင်းကျပ်စွာဖက်တွယ်ထားသည့် ခင်ဘုန်း၏လက်များအားဖယ်ခွာလိုက်ပြီး မြင်းကလေး၏လည်ဆံမွေးများကိုပွတ်သပ်ပေးလိုက်သည်။ နှုတ်မှလည်း. . .

'မြင်းကလေး ခင်ဗျားဟာ ဦးစိပုကြီးမဟုတ်လား. . . ပြောစမ်းပါ'

ဟုမေးလိုက်လေရာ မြင်းကလေးက ခုန်ပေါက်မြူးထူးရင်း ဦးခေါင်းကြီးကို တွင်တွင်ညိတ်ပြလေ၏။

'ဦးစိပုကြီး ဒီဘဝမှာအဆင်ပြေရဲ့လား. . .'

မြင်းပေါက်ကလေးက တဟီးဟီးနှင့် ဟီသံပေးရင်း ခေါင်းကို ညိတ်ပြပြန်သည်။

ထိုအချိန်မှာပင် အနောက်မှတလိမ့်လိမ့်ပြေးလိုက်လာသည့် ခါးတောင်းကျိုက်နှင့်မြင်းရှင်ဝတုတ်ကုလားကြီးသည် အနားရောက်လာပြီး ပါလာသည့်ဇက်ကြိုးကိုတပ်၍ မြင်းကလေး၏ဖင်ပါးသို့ ကြာပွတ်နှင့် တရွှမ်းရွှမ်းရိုက်လေတော့၏။

'ခိုင်းမယ်လုပ်ရင် တစ်ခါတည်းပြေးပြီ. . . ကုလားနော် စိတ်ရှည်တယ်နော်'

'ရွှမ်း'

'ကုလားကို မစနဲ့နော်. . . တစ်တန်းတည်းမာလကီတွားမယ်'

'ရွှမ်း ရွှမ်း'

'ကုလားနော် အတားမည်းတယ် အတည်းဖြူတယ်'

'ရွှမ်း ရွှမ်း ရွှမ်း'

ကုလားကြီးသည် မပီကလာပီကလာနှင့် ပြောရင်းရိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ရင်းပြောလိုက်လုပ်နေသည့်အတွက် မြင်းကလေးမှာ နာကျင်လွန်းသောကြောင့် ထွန့်ထွန့်လူးခုန်ပေါက်နေရလေတော့၏။

'တော်ပါတော့ဗျာ'

ကျွန်ုပ်က လှမ်းအော်လိုက်သောကြောင့် ကုလားကြီးသည် ရှိုက်နှက်ခြင်းကိုရပ်တန့်လိုက်ပြီး ကျွန်ုပ်အား မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်လေ၏။ ထို့နောက် မကျေမနပ်သံဖြင့်. . .

'ကန်းဂလေး. . . မြင်းနော်. . . ရိုက်တင်မှလိမ္မာတယ်. . . မရိုက်ဘူးနော် မလိမ္မာဘူး'

ဟုပြောလေ၏။ ကျွန်ုပ်က. . .

'ကိုကုလား. . . ဒီမြင်းကလေး ကျွန်တော့်ကိုရောင်းပါလား'

ဟုမေးလိုက်လေရာ ကုလားကြီးက မျက်နှာကိုရှုံ့မဲ့ရင်းခေါင်းကိုခါရမ်းလိုက်လေ၏။

'ကန်းကလေး. . . ကုလားနော်. . . ကားစိပိုက်ဆံမလိုဘူး. ခိုင်းတဲ့အကောင်ပဲလိုတယ်'

'လုပ်ပါဗျာ. . . ကျွန်တော် ခင်ဗျားတောင်းသလောက်ပေးပါ့မယ်. . .'

ထိုအခါ မြင်းကလေးကလည်း တဟီးဟီးအသံပေးရင်း ခေါင်းကိုရမ်းခါလေ၏။ ကျွန်ုပ်ဝယ်ယူမည်ဆိုသည်ကို မနှစ်သက်သည့်သဘောမျိုးပင်ဖြစ်လေ၏။ ကျွန်ုပ်သည် သဘောရိုးအမှန်ဖြင့်ပင် မြင်းကလေးအားဝယ်ယူ၍ဘေးမဲ့တောတစ်ခု၌ သက်ဘောင့်သက်သာနေနိုင်ရန်လွှတ်ပေးလိုက်ချင်၏။

သို့သော် ကျွန်ုပ်၏စိတ်ထဲ၌ သိနေပါသည်။ မြင်းကလေးသည် ဤဘဝမှာတင် သူ၏ဝဋ်ကြွေးများအား အကျေဆပ်ချင်နေခြင်းဖြစ်သည် ထို. . .

မြင်းကလေးက လက်ခံဟန်မပြသလို ကုလားကြီးကလည်း ရောင်းချရန် လုံးဝစိတ်ဝင်စားသည့်ပုံမပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကုလားနော် ဒီမြင်းကိုမရောင်းဘူး. . . တစ်တန်ထဲခိုင်းမယ် အတေခိုင်းမယ်'

ထို့နောက် ကုလားကြီးသည် မြင်းကလေးကို တရှမ်းရှမ်းရိုက်ရင်းနှင့်ပင် လာရာလမ်းသို့ဆွဲခေါ်သွားလေ၏။

မြင်းကလေးက ကျွန်ုပ်တို့ဘက်သို့ လည်ပြန်လှည့်ကြည့်ရင်း တဟီးဟီးနှင့်အော်မြည်ကာ လိုက်ပါသွားလေတော့၏။

ခင်ဘုန်းက ကျွန်ုပ်အား စိတ်မကောင်းစွာဖြင့် မော့ကြည့်လေသည်။ ကျွန်ုပ်က ခင်ဘုန်း၏ဦးခေါင်းအား ညင်သာစွာပွတ်သပ်ပေးလိုက်ပြီး . . .

'ဒါပါပဲ ခင်ဘုန်းရယ်. . . လူဆိုတာ ကိုယ်ရောက်ရမယ့်နေရာ ကိုတိုယ့်လမ်းကိုယ်ဖောက်ပြီး သွားကြတာပါပဲ'

နေမင်းကြီးသည် သူ၏နောက်ဆုံးအာယင်းရောင်များကို အစွမ်းကုန် ဖြန့်ကျက်ပေးရင်းဖြင့် အားမတန်မာန်လျှော့စွာဖြင့် နှုတ်ဆက်ထွက်ခွာသွားလေ၏။ အိပ်တန်းပြန်သည့်ငှက်ကလေးများလည်း ကောင်းကင်ထက်၌မရှိကြတော့ပါ။ ကျွန်ုပ်တို့၏ဆံစများအား လွင့်ဝဲသွားစေသည့် လေပြည်ရိုင်းတသုတ်က ဖြုတ်ခနဲတိုက်ခတ်ဝှေ့ရမ်းသွားချေသေး၏။ မကြာခင် အမိုက်မှောင်တို့ကြီးစိုးလာပေတော့မည်။ ထိုအမှောင်ထုကို ဖြိုခွင်းရန်အတွက် နိုင်သလောက်အလင်းရောင်ကလေးများနှင့်အတူ လမင်းကြီးနှင့်ကြယ်ကလေးများလည်း ကံကောင်းထောက်မပါက ပေါ်လာပေဦးမည်။

ကံကောင်းထောက်မဆိုသည့်စကားကို အဘယ်ကြောင့်သုံးရသနည်းဟုဆိုသော် တစ်ခါတစ်ရံ၌ အမိုက်မှောင်တို့ကို အားပေး အားမြှောက်ပြုတတ်သည့်တိမ်တောင်ညိုပြာတို့က သူတို့၏စွန်းထင်း ညစ်ပေသည့်အလွှာတို့ဖြင့် လမင်းနှင့်ကြယ်ကလေးများ၏ အလင်း ရောင်တို့ကို တားဆီးပိတ်ပင်တတ်ကြသည်မဟုတ်ပါလော။

'လာ. . . ကိုယ်တို့လည်း ကိုယ့်လမ်းကိုယ်ဆက်ဖောက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်'

ကျွန်ုပ်တို့ချစ်သူနှစ်ဦးသည် တစ်ယောက်လက်ကိုတစ်ယောက် ဆွဲရင်း ဖြည်းညင်းစွာပင်လျှောက်၍ အိမ်သို့ပြန်လာကြလေတော့၏။

အဘယ်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ် ထဲ၌ မကြာမကြာကြီးစိုးချင်နေသည့် အမိုက်မှောင်ထုကြီးကိုတော့ ဖြိုခွင်းနိုင်အောင်ကြိုးစားကြရပေမည်။

ကိုယ်ကိုယ်တိုင် ရေးဆွဲပိုင်ခွင့်ရှိသည့် ပုံတူပန်းချီကားများကို ပြုလွသန့်စင်သည့်အလင်းရောင်များနှင့် ငြိမ်းအေးချမ်းသာဘုံဘဝရှုမျှော်ခင်းများကိုနောက်ခံထားလျက် အကောင်းဆုံးဖြစ်အောင်ရေးဆွဲကြရမည် မှာ ကျွန်ုပ်တို့၏တာဝန်ပင်မဟုတ်ပါလော. . .။

ထိုအချိန်မှာပင် ဆရာကြီးစက္က၏ ကြည်လင်ပီသသည့်စကားသံများအား ကျွန်ုပ်တို့၏နားထဲ၌ ကြားယောင်လာကြလေတော့သတည်း။

'ဆန္ဒဝတော ပြင်းပြသည့်လိုအင်ဆန္ဒရှိသူ ဝီရိယဝတော လွန်ကဲသည့်အားထုတ်မှုလုံ့လရှိသူ စိတ္တဝတောထက်သန်သည့် စိတ်ဓာတ်ရှိသူ ဉာဏဝတော ထူးချွန်သည့်ဉာဏ်ပညာရှိသူတို့အတွက် ကိံနာမမည်သည့် အမှုအလုပ်ကိစ္စဟူသမျှ နသိဇ္ဈတိ မပြီးစီးမအောင်မြင်ဘဲ မနေနိုင် သိဇ္ဈတိ အကန်မုံချအောင်မြင်ပြီးစီးရမည်သာတည်း'

သဗ္ဗမင်္ဂလံ သမိဇ္ဈတု

ဂျူကာမင်းအောင်

www.burmeseclassic.com